www.burmeseclassic.com

ရွှေဘက်ကောင်းကင်

ကြောက်တတ်သူမဖတ်ရ

တာတေ၊ နန်းကျော့သျှင်၊ ကျော်မင်းနိုင်၊ ရွှေဘုန်းကံ



www.burmeseclassic.com


www.burmeseclassic.com

မျက်နှာဖုံးပန်းချီ
နေဝင်းမြင့်
မျက်နှာဖုံးဒီဇိုင်း
ယဉ်ပိုး
အတွင်းဂရပ်ဖစ်
ကေလာ
ကွန်ပျူတာစာစီ
ဇာနည်ဝေ
မျက်နှာဖုံးဖလင်
EAGLE
အတွင်းဖလင်
ရာဇာမျိုးဝင်း
စာအုပ်ချုပ်
မျိုးကြီး၊ဇာနည်

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(မြဲ-၁၀၂၃၉)
ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ပတနာပုံနှိပ်တိုက်
(မြဲ-၀၉၁၃၁)

အုပ်ရေ - ၁၀၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၃၁၃၈၁၃၊ ၀၉၄၂၁၀၅၆၃၅၄



www.burmeseclassic.com

# မာတိကာ

တစ္ဆေမှော်
တာတော ——————————— စာ - ၅
မှုကွခိုးနတ်သမီး
နန်းကြာသျှင် ——————————— စာ - ၃
ထူးဆန်းတဲ့အကျွတ်အလွတ်ပွဲ
ကျော်မင်းနိုင် ——————————— စာ - ၁၁
သရဲခေါ်ပွဲ
ရွှေဘုန်းကံ ——————————— စာ - ၁၃



# တစ္ဆေမှော်

တာတော

ကျုပ်က နွားစာပြောင်းရိုးတွေ ရိတ်ပြီး ပြန်လာတာဗျ။ ကျုပ်တို့ယာထဲမှာ နွားစာပြောင်းစိုက်ရတာ လွတ်ကောင်းတာဗျို့။ ပြောင်းပင်တွေက သန်သလားမမေးနဲ့။ သန်ချက်ဗျာ။ ပြောင်းက အစိုခံတယ်၊ အအေးခံတက်ကလေးတွေ ရှိမှ သန်တာဗျ။ ကျုပ်တို့ ယာကွက်တွေထဲမှာ အနောက်ဘက်ဆုံးက လျှိုကြီးလို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကွက်ထဲမှာ ဇလုပ်တစ်ခု ရှိတယ်ဗျ။ အဲဒါက နွားစာပြောင်းခင်းကို အဲဒီလှိုကြီးယာမှာ အမြဲစိုက်တာဗျ။ ဇရပ်က ရေခာတ်အမြဲရ နေတာလေဗျာ။ ဒါကြောင့် ပြောင်းပင်တွေ လွတ်သန်တာပေါ့ဗျ။

'ဇလုပ်' ဆိုတာ ကျုပ်တို့အညာအခေါ်ပေါ့ဗျာ။ ရေအမြဲတမ်းရှိတဲ့ အိုင်ကျယ်ကြီးပေါ့ဗျာ။ ကျုပ်တို့ဒေသမှာ တချို့ယာတွေထဲမှာ ရှေ့တွက်တယ်ဗျ။ အဲဒီယာမြေတွေကို တူးပြီး ဇလုပ်ရှိတဲ့ဆီကို လှည်းနဲ့တိုက်ရတာဗျ။ ဇလုပ်ကြီးမနီးမဝေးမှာ မျှောစိုက်ပြီး ဇလုပ်ကရေနဲ့ ရှေ့ကျင်ကြတယ်လေဗျာ။

ကျုပ်က လှည်းမောက်အောင် ပြောင်းရိုးတင်ပြီး ပြန်လာတာဗျို့။ လှိုကြီးယာအစပ်မှာ ထနောင်းတောလေး ရှိသဗျ။ ထနောင်းပင်ငါးပင် စုပေါက်နေတဲ့ နေရာလေးပေါ့ဗျာ။ အဲဒီနားမှာ သမုန်းပင်လေး သုံးလေးပင်လည်း ရှိတော့ တောအုပ်ကလေး ဖြစ်လို့ပေါ့ဗျာ။ ကျုပ်ကလည်း အဲဒီအပင်တွေကြားက လှည်းဖြတ်မောင်းတယ်။ လှည်းလမ်းရှိတာကိုးဗျ။

"ဘုတ်..."

ပြောင်းရိုးတွေပေါ်ကို ကြောင်တစ်ကောင် ခုန်ချလိုက်သလိုပဲဗျ။ ကျုပ်လှည်းမောင်းရင်းနဲ့ နောက်ကို ဆတ်ခနဲ လှည့်ကြည့်တယ်။ ဘာမှမတွေ့ဘူးဗျ။ ကျုပ်အလုပ်လုပ်နေတာလေဗျာ။ မျက်ကွင်းဆေး ဘယ်ကွင်းထားပါ့မတုံး။

"ဖျတ်...ဖျတ်...ဖျတ်"





ကျုပ်ဆတ်ခနဲ လှည့်ကြည့်တယ်။ ပြောင်းရိုးလေးတွေက ဘဖျတ်ဖျတ် လှုပ်နေတယ်။ လှည်းဆောင့်လို့ လှုပ်တာမဟုတ်ဘူးဗျ။ တစ်ယောက်ယောက် ဆော့နေတာ။

ကျုပ်အတွက်တော့ ရိုးနေပါပြီဗျာ။ ဒီယာမှာ နွားစာရိတ်တိုင်း၊ နှမ်းယောင်စောင့်တိုင်း ကြုံနေကျပါ။

အဲဒီ ထနောင်းတောလေးမှာ မှင်စာလေးတစ်ကောင် နေတယ်ဗျ။ မှင်စာဆိုတာ ကလေးတစ္ဆေလေးပေါ့ဗျာ။ အားကြီးဆော့တာဗျ။ သူ့ကို ကျုပ် တစ်ခါနှစ်ခါ မြင်ဖူးပါတယ်။ သူ့အရုပ်က ကြောင်တစ်ကောင်ထိုင်နေတဲ့ အရွယ်လောက်ပဲ ရှိတာဗျ။ မည်းမည်းလေး။ အဝတ်အစားလည်း မရှိဘူး။ ကစ်ကိုယ်လုံး အမွေးမည်းမည်းတွေ ဖုန်းနေတာ။

လူတွေကတော့ ပြောကြတယ်ဗျ။ လူတစ်ယောက်ကို မှင်စာ ခုနစ်ပတ်ပတ်ရင် သေတယ်ဆိုပဲ။ ကျုပ်ကိုတော့ ဒီမှင်စာက တစ်ခါမှ မပတ်ဖူးဘူးဗျ။

"ဖူး...ဖူး...ဖူး...ရှူး"

ကျုပ်နွားကြီးနှစ်ကောင်က တဖူးဖူးနဲ့ နှာမှုတ်နေကြပြီဗျို့။

ကျုပ်လည်း အမေထည့်ပေးလိုက်တဲ့ နတ်တင်တဲ့ မုန့်ဆီကြော်နဲ့ ကောက်ညှင်းပေါင်း၊ အုန်းသီးစိတ် အထုပ်ကလေးကို လွယ်အိတ်ထဲကထုတ်ပြီး နောက်ကို လှည့်ပြီး ပစ်ချပေးလိုက်တယ်။ ပြောင်းရိုးတွေပေါ်ကို ချပေးလိုက်တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဖိုးဆော့၊ ရော့…မင်းစားဖို့ယူသွား"

ငှက်ပျောဖက်နဲ့ ထုပ်ထားတဲ့ အထုပ်ဗျူ။ ကျုပ်စားပြီးလို့ ပိုတာလေ။ ကျုပ်က ဒီကောင့်ကို ဖိုးဆော့လို့ နာမည်ပေးထားတာဗျ။ တစ်ခါတလေ ညဘက် ကျုပ်တို့နှမ်းထောင်စောင့်တာတို့၊ နှမ်းပုတ်တာတို့လုပ်ရင် ဒီကောင့်ကို ရိုပ်ခနဲ တွေ့ရတတ်တယ်။ စားစရာလေး ပစ်ပေးလိုက်ရင် ပျောက်သွားရောဗျ။ နောက်တစ်ခါ ထပ်မလာတော့ဘူး။

"ဖိုးဆော့…ရော့…မင်းစားဖို့ ယူသွား"

လို့ပြောပြီး ပစ်ပေးလိုက်ရင် ယူပြီးပျောက်သွားရောဗျို့။ ကျုပ်တို့ကို ခြောက်လားလှန့်လားလည်း မလုပ်ပါဘူးဗျာ။ ခုနစ်ပတ်မပြောနဲ့ တစ်ပတ်တောင် မပတ်ပါဘူး။

ကျုပ်ပြောင်းရိုးရိတ်ရင်း အမေထည့်ပေးလိုက်တဲ့ ကောက်ညှင်းပေါင်းနဲ့ မုန့်ဆီကြော် ထုတ်စားနေတာကို ဒီကောင် တွေ့သွားပုံရတယ်ဗျ။ ပြီးတော့ ကျန်တာလေးကို ငှက်ပျောဖက်နဲ့ ထုပ်ပြီး ကျုပ်လွယ်အိတ်ထဲ ထည့်လိုက်တာလည်း ဒီကောင်တွေ့မှာပဲဗျ။ ဒါကြောင့် ကောက်ညှင်းပေါင်းလိုက်တောင်းတာဖြစ်မယ်။

ပြောင်းရိုးတွေပေါ်ကို ကျုပ်ပစ်ချပေးလိုက်တဲ့ ကောက်ညှင်းပေါင်းထုပ်ကလေး ပျောက်သွားတယ်။

သွားပြီ။ ဒါဆိုရင် ဖိုးဆော့ယူသွားပြီဗျ။ ဒီတော့မှပဲ ကျုပ်နွားကြီးနှစ်ကောင်လည်း ဖြောင့်ဖြောင့်တန်းတန်း သွားတော့တာဗျို့။





ဟာ‌ဗျ၊ သရဲတွေကို လူတွေတင် ကြောက်တာမဟုတ်ဘူးဗျ။ ခွေးတွေ၊ နွားတွေလည်း ကြောက်ကြတာပဲ။

အိမ်ရောက်တော့ ပြောင်းရိုးလှည်းကို ဝိုင်းထဲတန်းမောင်းပြီး နွားစာစဉ်းခုံအနားမှာ ရပ်လိုက်တယ်။ အိမ်မှာက နွားစာလုံးလုံးကို ကုန်သွားတာဗျ။ လှည်းဖြုတ်ပြီးတာနဲ့ ကျုပ်လည်း နွားစာ စပြီးစဉ်းရတော့တာပေါ့ဗျာ။

ခြေနင်းတန်းကို ခြေထောက်က အချက်မှန်မှန် နင်းရင်း လက်ကနေ ပြောင်းရိုးတွေကို အနေတော်ဆုပ်ပြီး ပြောင်းစဉ်းဓား အောက် ထိုးထည့်ပေးရတာပေါ့ဗျာ။ နွားစာစဉ်းတာကလည်း သတိရှိမှဗျ။ သတိမရှိရင် လက်ပြတ်တတ်တယ်။

"ဟဲ့ဟေ…တာတေရှိလား အရီး"

ဝိုင်းပေါက်က လှမ်းခေါ်တဲ့အသံဗျ။ အိမ်ရှေ့မှာ ထိုင်ပြီး ဆန်ပြာနေတဲ့ အမေ့ကို လှမ်းမေးတာလေ။

"ဟဲ့…ဘယ်သူတုံး။ တာတေရှိပါ့၊ နွားစာစဉ်းလို့"

ဒီနှစ်ထဲမှာ အမေရော အဘပါ မျက်စိတော်တော်မှုန်သွားကြပြီဗျ။ ဝိုင်းဝမှာရပ်နေရင် လူလုံးမကွဲတော့ဘူး။

"အရီး…ကျုပ်ပါ၊ ဘန့်ဘွေးကုန်းက ဘစိုးလေ အရီး"

"ဟာ…ဘစိုး လာလေ၊ နင်ကလည်း ညှိသည်လုပ်ပြီး မေးနေရသေးလား။ ခါတိုင်းလိုပဲ တန်းဝင်ခဲ့ပေါ့ ဘစိုးရဲ့"

"မဟုတ်ဘူး အရီးရဲ့။ တာတေ တစ်နေရာရာသွားရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း တန်းလိုက်မလို့ မဝင်တာပါ”

“ဩော်…ဩော်…ဒီလိုလား။ ရှိတယ်၊ ရှိတယ်။ မှင့်သူငယ်ချင်း ပြောင်းရိုးတွေစဉ်းလို့”

ဘန့်ဘွေးကုန်းက ဘစိုးက အချုပ်နွားစာစဉ်းနေတဲ့ စဉ်းခုံအနား ရောက်လာတယ်။

“ဟော့ကောင်ကြီး၊ မင်းဘယ်ကလှည့်တာလာတုံး”

ကျုပ်က ဘစိုးကို မေးလိုက်တယ်။ ဘစိုးဆိုတဲ့ကောင်က ကျုပ်နဲ့ အသက်အတူတူဗျ။ ဒါပေမဲ့ လူကောင်ကြီးက ကျုပ်ထက်ကြီးတယ်။ ဗလကလည်း တောင့်တောင့်ဗျ။ သူတို့ရွာကလူတွေက ဒီကောင့်ကို ခပ်ဖီးဖီး နွားကြီးနဲ့တူတယ်ဆိုပြီး နွားကြီးဘစိုးလို့ ခေါ်တာဗျ။

သူတို့ ဘန့်ဘွေးကုန်းမှာကလည်း ဘစိုးက နှစ်ယောက်ရှိတာကိုဗျ။ နောက်ဘစိုးတစ်ယောက်က စကားပြောရင် အသံပြာတယ်။ အဲဒီကောင်ကိုတော့ သံပြာဘစိုးလို့ ခေါ်ကြတယ်။ အကြောင်းတစ်ခုခုရှိရင်…

“ဘယ်ဘစိုးတုံး၊ သံပြာလား၊ နွားကြီးလား”လို့ တစ်ယောက်ကိုတစ်ယောက် မေးကြတာ။ အခု ကျုပ်ဆီကိုလာတာက နွားကြီးဘစိုးပေါ့ဗျာ။

ဘစိုးက ကျုပ်ကိုတွေ့တော့ ဖြုံးပြုံးကြီး ကြည့်နေတယ်။ ပြီးတော့မှ ပြောတာဗျ။





“ငါက မင်းကိုတန်းမတွေ့လောက်ဘူးလို့ ထင်တာကွ တာတေရ။ ဟန်စိန့်ညီတွေ ရှင်ပြုရှိတော့ မင်း အဲဒီအိမ်ရောက်နေလောက်ပြီ ထင်တာ။ မင်းဆိုတဲ့ကောင်က ရပ်ရေးရွာရေးရှိရင် အိမ်မြန်အိပ်တဲ့ကောင် မဟုတ်ဘူးလေကွာ”

“မင်းပြောတာ ဟုတ်တော့ ဟုတ်သားကွ။ မနေ့ကတော့ ဟန်စိန့်တို့အိမ်မှာ တစ်နေကုန်ပဲကွ။ ညရောက်မှ ပြန်ခဲ့တာ။ ဒီနေ့တော့ အိမ်မှာလည်း နွားစာပြတ်နေတော့ ဟန်စိန့်ကို အကျိုးအကြောင်းပြောပြီး လှိုင်ကြီးလယ်မှာ ပြောင်းရိုးသွားရိုတ်နေရတာကွ”

“ဩော်…ဒါကြောင့် အိမ်မှာရှိနေတာကိုး”

ကျုပ်က ကျုပ်အိတ်ကပ်ထဲက နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်ထုတ်ပြီး ခနုဖြူကြေးမီးခတ်ကလေးနဲ့ ဘစိုးကို ကမ်းပေးလိုက်တယ်။ ကျုပ်ကတော့ ပြောင်းရိုးဆက်ပြီး စဉ်းရတာပေါ့ဗျာ။

ဘစိုးက နဂါးဆေးပေါ့လိပ်ကလေးကို မီးခတ်ကလေးခတ်ပြီး မီးညှိလို့ဗျ။ အမောပြေ သုံးလေးဖွာ ဖွာလိုက်တယ်။

“နေပါဦးကွ ဘစိုးရ။ မင်း ငါ့ဆီကို အလည်လာတာလား”

“မဟုတ်ဘူး တာတေရ။ ဘိုးစိန်မောက်ကြီးက မင်းကို ခေါ်ပေးပါဆိုလို့ ငါလာခေါ်တာကွ”

“ဟေ…ဘာကိစ္စတုံး ဘစိုးရ။ မင်းတို့ရွာမှာ ဘာများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့တုံး”

“ဟာ…မဖြစ်ပါဘူး တာတေရ။ ဒီလိုပါကွာ။ ဘိုးစိန်မောက်တို့အိမ်မှာ ညှို့သည်နှစ်ယောက် ရောက်နေတယ်ကွ တာတေရ။ တစ်ခါမှတော့ မမြင်ဖူးဘူး။ လူတွေက ကည်တည်တုံတုံပါ။ တစ်ယောက်က အသက်ကြီးကြီးကွ။ ခြောက်ဆယ်ကျော်လောက် ရှိမယ်။ တစ်ယောက်ကတော့ အသက်သုံးဆယ့်လောက်ပဲ ရှိဦးမယ်”

“ဘိုးစိန်မောက်တို့ အမျိုးတွေ ရှိမှာပေါ့ကွာ။ ဘိုးစိန်မောက်ကြီးက အမျိုးလွတ်များတဲ့ ဘိုးတော်ကြီးကွ”

“အမျိုးတော့ မဟုတ်လောက်ဘူးဟ။ ဘိုးစိန်မောက်က အသက်ကြီးကြီးဘိုးတော်ကြီးကို ဆရာလို့ ခေါ်တယ်”

“သြော်…ဟုတ်လား”

“မနက်ကတော့ ဘိုးစိန်မောက်က ငါ့ကိုခေါ်ပြောတယ်ကွ။ ဘစိုး…မင်း ထနောင်းကုန်းကိုသွားပြီး မင်းသူငယ်ချင်း တာတေကို ခေါ်ပေးစမ်းကွာတဲ့”

“ငါက ‘ဘိုး…ဘာကိစ္စရှိလို့တုံး’ ဆိုတော့ ဘိုးစိန်မောက်က ငါ့ကို ပြောပြတယ်ကွ”

“ဟေ…ဘာတွေပြောပြတုံး ဘစိုးရ။ ပြောပါဦး”

“ဒီလိုကွ။ သူ့အိမ်မှာရောက်နေတဲ့ ဘိုးတော်ကြီးက သူ့ဆရာတဲ့။ သူငယ်ငယ်က သူ့ကိုယ်ပေါ်မှာထိုးထားတဲ့ အင်းတွေ၊





ဆေးတွေဟာ အဲဒီဘိုးတော်ကြီး ထိုးပေးတာလို့ ပြောတယ်။ အခု ရောက်လာတာက သူနဲ့အတူပါလာတဲ့ ဟိုလူကို ‘တစ္ဆေမှော်’ သွင်းပေးဖို့တဲ့ကွ”

“ဟာ…ကွ…ဘစိုး၊ တစ္ဆေမှော် ဟုတ်လား။ ငါကြားဖူးတာတော့ မြွေမှော်တို့၊ ရုက္ခစိုးမှော်တို့ပဲ ကြားဖူးတာပါကွာ။ တစ္ဆေမှော်လို့တော့ မကြားဖူးပါဘူး။ တစ္ဆေမှော်ဆိုတာ ရှိလို့လားကွ။ မင်းများ နားကြားလွဲတာလား”

“ဟာ…မလွဲပါဘူး တာတေရ။ တစ္ဆေမှော်သွင်းမှာလို့ ဘိုးစိန်မောက် ပြောတာပဲကွ”

“အေး…အေး၊ ငါမကြားဖူးလို့ရှိမှာပေါ့ကွာ။ ပြောပါဦးကွ”

“အေး…အဲဒီလို တစ္ဆေမှော်သွင်းဖို့ဆိုရင် ဆရာဘုပ်တဲ့လူက အပင်ကြီးကြီးတွေ လိုက်ရှာပြီး အဲဒီအပင်တွေမှာနေတဲ့ တစ္ဆေတွေထဲကမှ သူ့စိတ်တိုင်းကျ တစ္ဆေကို ရွေးရတာတဲ့ကွ။ စိတ်တိုင်းကျတဲ့ တစ္ဆေကို တွေ့ပြီဆိုတော့မှ အလုပ်လုပ်တော့တာတဲ့ကွ တာတေရ”

“ဘာကို စိတ်တိုင်းကျတာတဲ့တုံး ဘစိုးရ”

“ဟာ…ကမ္ဘာဖြိုကြီးတဲ့ တစ္ဆေတွေ ရှိသတဲ့ကွ။ ဒါမှ လူကို ကူညီနိုင်တာဆိုပဲ”

“သြော်…ဒီလိုလား။ နို့…တစ္ဆေမှော်သွင်းတာ လွယ်ရော



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပါ့မလားကွ။ ငါတော့ မလွယ်ဘူးထင်တယ်။ ဒီလိုအစွမ်းကြီးတဲ့ တစ္ဆေကို အမိန့်ပေးဖို့ဆိုတာ မလွယ်ဘူးထင်တယ်ကွ"

"အေး...မင်းပြောတာ ဟုတ်တယ်ကွ တာတေရ။ ဘိုးစိန်မောက်လည်း ဒီအတိုင်းပြောတာပဲဟေ့။ အဲဒီတစ္ဆေကို အမိန့်ပေးလို့ရကာ မဟုတ်ဘူးဆိုပဲ။ မိတ်ဆွေဖွဲ့ရတာတဲ့ကွ။ မိတ်ဆွေဖြစ်အောင်ဖွဲ့နိုင်မှ စောင့်ရှောက်တာဆိုပဲ"

"ဟော...ဒီလူကို အဲဒီတစ္ဆေက စောင့်ရှောက်တော့ ဘာဖြစ်တုံးကွ"

"ဟာ...တာတေကလည်း...လွှတ်စွမ်းတာတဲ့ကွ။ ဓားနဲ့ ခုတ်လည်း မပြတ်ဘူး၊ တုတ်နဲ့ရိုက်လည်း မပေါက်ဘူး၊ လက်ထိတ်ခတ်လည်း ပွင့်ထွက်တာတဲ့ကွ။ ကြိုးနဲ့ချည်လည်း အလိုလို ပြေသွားတာဆိုပဲ။ အခန်းထဲထည့်ပြီး အလုံပိတ်ထားရင်တောင် အပြင်ရောက်နေတာတဲ့ တာတေရ"

"ဟ...စွမ်းလှချည်လား ဘစိုးရဲ့၊ မင်းတစ္ဆေမှော်က"

"အေး...ငါ့ကိုလည်း ဘိုးစိန်မောက်ပြောတာလေကွာ"

"အေး...အေး...တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲကွ ဘစိုးရ။ ပြောပါဦးဟ"

"တစ္ဆေမှော်သွင်းတာ တော်ရုံဆရာ မနိုင်ဘူးတဲ့ကွ။ အဆင်မသင့်ရင် မှော်သွင်းတဲ့လူ ရူးသွားတယ်ဆိုပဲ"

"ဟေ...ဟုတ်လား"





"မင်းစဉ်းစားကြည့်လေကွာ။ တောထဲက အပင်ကြီးတစ်ပင်အောက်မှာ တစ်ညလုံး တစ်ယောက်တည်း ပုတီးစိပ်နေရမှာ တဲ့ကွ။ အဲဒီမှာ မှော်သွင်းပေးတဲ့ ဆရာက မနိုင်ရင် အခြောက်အလှန့်ခံရပြီး ရူးသွားရောတဲ့ဟေ့။ တချို့ဆိုရင် ဘယ်ကိုထွက်သွားလို့ သွားမှန်းကို မသိတော့တာတဲ့ဟေ့။ မနက်မိုးလင်းလို့ စီရင်တဲ့ ဆရာက သွားကြည့်ရင် မရှိတော့ဘူးတဲ့ဟ။ ဘယ်ရောက်သွားမှန်းကို မသိတာတဲ့ တာတေရ"

"အေးကွ။ တော်တော်တော့ ကြောက်စရာကောင်းသားပဲ ဘစိုးရ"

"တချို့ကျတော့ မိုးလင်းလို့ သွားခေါ်ရင် သွက်သွက်လည်အောင်ရူးပြီး တဟားဟားနဲ့ အော်ရယ်လိုက်၊ တဟီးဟီးနဲ့ ငိုလိုက်တဲ့ဟေ့။ အဲဒါ ဆရာလုပ်တဲ့သူက မနည်းကို ပြန်ပြီးကုရတာတဲ့ကွ"

"နို့...နေပါဦး ဘစိုးရဲ့။ အခု မင်းတွေ့တဲ့လူကရော သတ္တိရှိတဲ့ပုံ ပေါ်ရဲ့လားကွ"

"အေး...သတ္တိတော့ ရှိပုံပဲကွ။ လူက ခပ်အေးအေးပဲ။ ရုပ်ရည်လည်း မဆိုးဘူးကွ။ ခံ့ခံ့ညားညားရှိတယ်"

"အင်း...ဒါဆိုရင်တော့ မဆိုးလောက်ပါဘူး။ ဒြော်... ဒါထက် အခု ငါ့ကိုခေါ်ခိုင်းတာက ဘာလုပ်ဖို့တုံးကွ ဘစိုးရ"

"ဒီလိုကွ တာတေရ။ ဒီလူကို သူ့ဆရာက ငည်းစိုင်းတား



www.burmeseclassic.com

www.burmeseclassic.com



ပြီး သောထဲမှာ တစ်ယောက်တည်းထားခဲ့မှာဆိုပဲ။ အဲဒီမှာ ဓင်းက သောထဲကို သူတို့နဲ့အတူ လိုက်သွားပြီး ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်ပေးဖို့တဲ့ဗျာ။ တကယ်လို့ ဟိုလူက အခြေအနေမကောင်းလို့ ဝူးဝူးဝါးဝါး ထဖြစ်ရင် မင်းက အင်းနဲ့ ပြေးပြီးပေါက်ပေးရမှာတဲ့ဗျား။ အဲဒီဆရာကြီးက မင်းကို အင်းတစ်ချပ်ပေးထားမှာတဲ့ကွ။ အဲဒီအင်းနဲ့ ပေါက်ပြီးရင် ရွာကို တန်းပြန်လာရုံပဲတဲ့။ ဆရာကြီးက မနက် အရုဏ်မတက်ခင်လောက်မှ ရောက်လာမှာဆိုပဲ။ အခြေအနေကောင်းသွားပြီဆိုရင်တော့ သူက အဲဒီတစ္ဆေကို အပ်ဖို့ တစ္ဆေမော်သွင်းမှာတဲ့ဗျ"

"ဩော်....ဒီတော့မှ တစ္ဆေမော်သွင်းမှာလား။ တစ္ဆေမော်က ဘယ်လိုသွင်းရတယ်ဆိုတာ ဘိုးစိန်မောက် မင်းကိုပြောသေးလား"

"အေး...ပြောတယ်ကွ။ မြေကြီးပေါ်မှာ ပိတ်စအနီနဲ့ အပြာကို ထပ်ခင်းပြီး ကန်တော့ပွဲ ပြင်ရတာတဲ့။ ကန်တော့ပွဲက ငှက်ပျောနှစ်ဖီးနဲ့ အုန်းသီးတစ်လုံးတဲ့ကွ။ အဲဒီ အုန်းသီးအပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး ဂါထာတစ်ပုဒ်ကို အဲဒီဖယောင်းတိုင် မကုန်မချင်း မနားတမ်းရွတ်ရတာဆိုပဲ။ ဒီဖယောင်းတိုင်ကလည်း ရိုးရိုးဖယောင်းတိုင် မဟုတ်ဘူးတဲ့ကွ။ ကျီးမနိုးခင် ခူးထားတဲ့ ကျီးမနိုးထန်းရွက်အခြောက်ကို အဲဒီလူရဲ့ အရပ်နဲ့အညီ တိုင်းထားတဲ့ အပ်ချည်ကြိုး ခုနစ်ပြန်အရှည်နဲ့ စေ့နေအောင် ပတ်ရတာတဲ့။ အဲဒီ





အပ်ချည်ကြိုးပတ်ထားတဲ့ ကျီးမနိုးထန်းရွက်ကို မီးစာလုပ်ပြီး ဖယောင်းရည်သွန်းပြီး စီမံထားတဲ့ ဖယောင်းတိုင်တဲ့ဟ"

"ဟာ...ဟုတ်လား ဘစိုးရ"

"အေး...ဂါထာရွတ်ရင်းနဲ့ အဲဒီဖယောင်းတိုင်မီးက ထွက်လာတဲ့ မှိုင်းငွေ့တွေကို ပါးစပ်နဲ့ ရှိုက်ရှူပြီး မျိုချရတာဆိုပဲ။ ဖယောင်းတိုင်ကုန်လို့ မီးငြိမ်းသွားရင်တော့ အုန်းသီးပေါ်မှာကပ်နေတဲ့ ဖယောင်းတွေ၊ ပြာတွေကို ခြစ်ယူပြီး ပွဲက အုန်းသီးကို ထိပ်လှုပ်၊ အုန်းရည်ထဲ အဲဒီဖယောင်းတွေ၊ ပြာတွေ ထည့်ဖျော်ရဆိုပဲ"

"နို့...အဲဒီအုန်းရည်ကို ဘာလုပ်ရတာတုံး"

"ဟ...သောက်ရတာလေ ကာတေရ...သောက်ရတာ"

"အဲဒီလိုသောက်ပြီးရင် ဘာဖြစ်တုံး"

"ဟ...ဒီလူ တစ္ဆေမော်အောင်ရောပေါ့ကွ"

"ဩော်...ဒီလိုလား။ ဒါဆို ငါက ဟိုဆရာကြီးပေးတဲ့ အင်းကိုကိုင်ပြီး ဒီလူ့ကို တစ်ညလုံး စောင့်ကြည့်ပေးရမှာပေါ့။ ဟုတ်လား ဘစိုး"

"အေး...ဟုတ်တယ်ကွ။ ဒီအလုပ်မျိုး ဘယ်သူမှ လုပ်ရဲမှာမဟုတ်ဘူးလို့ ဘိုးစိန်မောက်က ပြောတယ်။ မင်းကိုသာ အကျိုးအကြောင်းပြောပြီးခေါ်ခဲ့ဖို့ ပြောတာကွ"

ကျုပ်လည်း ဘစိုးနဲ့ စကားပြောရင်း ပြောင်းရိုးကို



www.burmeseclassic.com

www.burmeseclassic.com



မပြတ်စဉ်းလိုက်တာ တင်းတောင်းနှစ်လုံး ပြည့်ရောဗျ။ ဗိုက်ဆာနေတဲ့ ကျုပ်နွားကြီးတွေကို ပြောင်းရိုးလတ်လတ်ဆတ်ဆတ်တွေ ကျကျနန ထည့်ပေးလိုက်တယ်။ နွားစာခွက်ထဲမှာ ဖြန့်ထည့်ပေးလိုက်တဲ့ ပြောင်းရိုးတွေကို ဒီကောင်ကြီးနှစ်ကောင် အားရပါးရ စားကြတော့တာဗျ။

အဘနွားကြီးတွေက နွားဖီးကြီးတွေလေဗျာ။ ကျုပ်တို့ရွာက ထိပ်တန်းစား နွားတွေထဲမှာ ပါတာပေါ့ဗျ။

"နေပါဦး ဘစိုးရ၊ သူတို့ကိစ္စက ဘယ်တော့လုပ်မှာတဲ့တုံး"

"ဟာ…ဒီညလေကွာ။ ဒီည နက္ခတ်တွေ မိတယ်လို့ပြောတာပဲ တာတေရ"

"ဟော…ဒီညဟုတ်လား။ အေးလေ…လိုက်တာပေါ့ကွာ။ မင်းသိတဲ့အတိုင်းပဲ ဘစိုးရာ။ ငါဆိုတဲ့ကောင်ကလည်း ဒီလို လူးတူးဆန်းဆန်းကိစ္စမျိုးဆိုရင် လွတ်မြင်ချင်တွေ့ချင်တာကွ။ ပြီးတော့ ဒီကိစ္စမျိုးဆိုတာ ကြုံဖို့လွယ်တာမဟုတ်ဘူးကွ"

ကျန်တဲ့ပြောင်းရိုးတွေကို လှည်းပေါ်မှာပဲ ဒီအတိုင်းထားလိုက်တယ်။ အဘနဲ့ အမေ့ကို အကျိုးအကြောင်းပြောပြီးတော့ ဘစိုးနဲ့ ကျုပ်လိုက်လာခဲ့တယ်။

ဘန့်ဘွေးကုန်းဆိုတာက အဘသူငယ်ချင်းနဲ့ ကျုပ်သူငယ်ချင်းကြီးပဲလေ။ ရွာထိပ်ဝင်လိုက်ကတည်းက အဘတို့၊ အမေ





တို့ကို မာကြောင်းသာကြောင်းမေးတဲ့သူတွေ၊ ကျုပ်ကိုနှုတ်ဆက်တဲ့ လူခင်တွေနဲ့ ပြောရဆိုရတာနဲ့တင် ဘစိုးတို့အိမ်ကို နာရီဝက်လောက်ကြာမှ ရောက်တာဗျ။

နွားကြီးဘစိုးနဲ့ ဘိုးမိန်မောက်တို့က ဝိုင်းချင်းကပ်လျက်လေဗျာ။ ဘိုးစိန်မောက်က ဘစိုးတို့မြောက်ဘက်က ကပ်လျက်ဝိုင်းပေါ့။ ဘစိုးတို့အိမ်မှာဝင်ပြီး ရေနွေးကြမ်းတစ်ခွက် သောက်တယ်။ ပြီးတော့ ဘစိုးရဲ့အဘနဲ့ အမေကို နှုတ်ဆက်ရတာပေါ့ဗျာ။ ဘိုးစိမ်းနဲ့ အရီးမြထွေးတို့ကလည်း အဘနဲ့ အမေ့ကို သတင်းမေးကြလို့ပေါ့။

ဒီဘက်စိုင်းမှာ ကျုပ်အသံကြားကတည်းက မြောက်ဘက်ဝိုင်းက ဘိုးစိန်မောက်ကြီးက ကျုပ်ကိုမျှော်နေတာဗျ။

ကျုပ်နဲ့ ဘစိုး သူတို့ဝိုင်းကိုရောက်တော့ ဘိုးစိန်မောက်က ပြောသဗျ။

"ငါတူ တာတေတို့များကွာ…ကိစ္စရှိမှပဲ ဘိုးတို့ဆီ ရောက်တော့တာဟေ့။ အလွတ်မဲ့လာလည်တယ်လို့ကို မရှိပါဘူးကွာ"

ကျုပ်တို့ အညာသားထုံးစံပေါ့ဗျာ။ တွေ့တာနဲ့ လွမ်းတော့တာဗျို့။

"မအားလို့ပါ ဘိုးရာ။ အဘကလည်း အသက်ကြီးလာပြီဆိုတော့ အဘသက်သာအောင်လို့ ကျုပ်ပဲ ယာကိစ္စ၊ အိမ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အကုန် ယုပ်သေရတာ ဘိုးရဲ့"

"အေး…ဒါတော့လည်း ဟုတ်သားကွ တာတေရ။ နို့ မင်းအဘ ကိုညဏ်က အသက်ဘယ်လောက်ရှိပြီတုံး"

"သြော်…ကိုစိန်မောက်ရယ်၊ ကိုညဏ်နဲ့ ကျုပ်နဲ့က မီးဝင် မီးထွက်တဲ့တော့။ ကျုပ်ခြောက်ဆယ့်ငါးနှစ်ဆိုတော့ ကိုညဏ်လည်း ခြောက်ဆယ့်ငါးနှစ်ပေါ့တော့"

ဘိုးစိန်မောက်ရဲ့မိန်းမ အရီးမယ်ကျော့က ဝင်ပြောသဗျ။

အရီးမယ်ကျော့ပြောတဲ့ အဘရဲ့အသက်က ဟုတ်သားဗျ။ ကျုပ်အဘ အသက်ခြောက်ဆယ့်ငါးနှစ် ရှိပြီလေ။

"အေး…အေး၊ မင်းလိုက်လာတာ တို့ဝမ်းသာတယ် တာတေ။ ကဲ…လာ၊ အိမ်ပေါ်တက်"

ကျုပ်နဲ့ ဘိုး အပေါ်ထပ်ကို တက်ခဲ့တယ်။ ဘိုးစိန်မောက်က ဒီဘန့်ဘွေးကုန်းမှာ လူချမ်းသာစာရင်းဝင်ဗျ။ သူ့သမီး မြစိန်နဲ့ ကျုပ်ကို သဘောတူသေးတာ။ ကျုပ်ကလည်း ကျုပ်ရည်းစားလှယဉ် မရှိတော့ကတည်းက ဒီကိစ္စတွေကို ကျုပ်လုံးဝ စိတ်မဝင်စားတော့ပါဘူးဗျာ။ ကျုပ်ရေးတဲ့ 'ကဝေပျို့ရဲ့အချစ်' မှာ ကျုပ်ချစ်သူ လှယဉ်အကြောင်း ခင်ဗျားဖတ်ရမှာပါ။

"ဆရာတော်…ဒါ တပည့်ပြောတဲ့ တာတေဆိုတဲ့ သူငယ်ပါဘုရား"

ကျုပ်တော်တော်အံ့သြသွားတယ်ဗျို့။ ဥစ္စမိရုပ်ကောင်း

ကောင်းနဲ့ သျှောင်တစောင်းထုံးထားတဲ့ ဆရာကြီးကို ဘိုးစိန်က ဆရာတော်လို့ခေါ်တာဗျ။ ဘုန်းကြီးတွေကို ဆက်ဆံသလိုကို တရိုတသေ ဆက်ဆံတာ။ ဆရာကြီးကလည်း ကြည်ညိုလေးစားစရာ ဥပဓိရုပ်ပါဗျာ။ ကျုပ်တောင် ဆရာကြီးကို မြင်မြင်ချင်း ကြည်ညိုလေးစားသွားတာဗျ။

"လူလေး…မောင်တာတေ၊ ထိုင်ကွယ်။ မင်းကိုတော့ ကျုပ်တပည့်ကိုစိန်မောက်က လွှတ်ချီးမွမ်းတာဗျ။ ကျုပ်က ကိုထွန်းတဲ့ လူလေးရဲ့။ တပည့်တပန်းတွေကတော့ ကျုပ်ကို ပထမံဆရာထွန်းလို့ ခေါ်ကြတယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ကျုပ် ပထမံဆရာထွန်းကို ရိုရိုသေသေ ကန်တော့လိုက်တယ်။ ကျုပ်ကန်တော့တာတွေ့တော့ ဘစိုးကလည်း လိုက်ကန်တော့တယ်ဗျ။

"နို့…နေပါဦး မောင်တာတေရဲ့။ မင်းဆရာ စိုင်းနွံဖနဲ့ ဆုံကြသေးသလား"

ကျုပ်ကို ရုတ်တရက်ကြီးမေးလိုက်တဲ့ ပထမံဆရာထွန်းရဲ့အမေးကြောင့် ကျုပ်အံ့သြသွားတယ်ဗျ။

"မောင်တာတေ မအံ့သြပါနဲ့။ ကျုပ်နဲ့ နွံဖက ဆရာတစ်ယောက်ဆီမှာ အတူတူ ပညာယူခဲ့ဖူးတဲ့ ပညာညီအစ်ကိုတွေပါ။ မောင့်ဆရာကြီး ဒေါက်တာဦးမင်းအောင်ဆီမှာ သူပညာယူတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုခေါ်သေးတယ်။ ဒါပေမဲ့ ကျုပ်က မလာနိုင်တော့ဘူး"

"ဩော်…ဆရာကြီးက ကျုပ်ကို အစကတည်းက သိနေတာပေါ့"

"ဟုတ်တယ် လူလေး။ ဆရာနှံ့ဖ ပြောပြလို့ မင်းအကြောင်းကို သိခဲ့ရတာ။ လူကိုတော့ ခုမှပဲ မြင်ဖူးတာပေါ့ကွယ်"

ပထမံဆရာထွန်းက ကျုပ်ဆရာ စိုင်းနွံဖရဲ့ ပညာညီအစ်ကိုပဲဗျ၊ ကျုပ်ဘာပြောစရာလိုတော့မှာတုံး။

"ဒါဆိုရင်တော့ ကျုပ်ဘာလုပ်ပေးရမယ်ဆိုတာသာ ပြောပါ ဆရာ"

"သာဓုကွယ်…သာဓု။ ဒီသူငယ်က မောင်ကောင်းစံလို့ နေ… …ယ်ကွဲ့။ သူ့ကို ဒီည မှော်တစ်ခုသွင်းပေးချင်လို့ မောင်တာတေရဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး…အစစအရာရာ အဆင်ပြေရင်တော့ ဘာမှ မလိုဘူးပေါ့ကွယ်။ တစ်ခုခုတိမ်းချော်သွားခဲ့ရင် အန္တရာယ်ကျရောက်လာနိုင်တယ်။ အဲဒါကို မောင်တာတေစောင့်ကြည့်ပြီး အခြေအနေမဟန်ရင် အင်းနဲ့ပြေးပေါက်လိုက်ဖို့ပါပဲကွယ်။ အဆင်ပြေသွားရင်တော့ ဘာမှလုပ်စရာမလိုပါဘူး။ ကျုပ်လည်း ကျီးမနိုးခင်ရောက်လာမှာပါ။ တစ်ညလုံးလည်း ကျုပ်အိပ်မှာ မဟုတ်ပါဘူး။ တပည့်စိန်မောက်ရဲ့ ဘုရားခန်းမှာ တစ်ညလုံး ပုတီးစိပ်နေမှာပါ။ ခက်တာ





က ဒီအစီအရင်မှာ ဆရာလုပ်တဲ့သူက စောင့်မနေရဘူးကွဲ့။ ဒါကြောင့် မောင်တာတေကို အကူအညီတောင်းရတာပါကွယ်"

"ဟာ…ရပါတယ် ဆရာကြီး။ ကျုပ်ကို အားမနာပါနဲ့။ ဆရာကြီးကို ကူညီရတာဟာ ကျုပ်အတွက်တော့ ဆရာနွံဖကို ကူညီတာနဲ့ အတူတူပါပဲဗျာ"

"အေး…သာဓု…သာဓု…သာဓု"

ည ၆ နာရီလောက်မှာ ကျုပ်တို့ တောထဲရောက်တယ်။ မှော်သွင်းမယ့် ကိုကောင်းစံဆိုတာက အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးဗျ။ မျက်လုံး၊ မျက်ခုံး၊ နှာတံကအစ တော်တော်ပြေပြစ်တဲ့လူ။ လူက ခပ်အေးအေးဗျာ။ ဒါပေမဲ့ စိတ်က တော်တော်ထက်မယ့် ပုံ။ …စ်ခုခုကို လုပ်ပြီဆိုရင် နောက်မဆုတ်တမ်းလုပ်မယ့် မျက်နှာမျိုးဗျ။

ပထမံဆရာထွန်း၊ ဘိုးစိန်မောက်၊ ကိုကောင်းစံ၊ ဘစိုးနဲ့ ကျုပ်ပေါ့ဗျာ။ တောထဲမှာ မှောင်နေပြီဗျ။

ဆရာကြီးက သူကြိုတင်ရွေးချယ်ထားတဲ့ ညောင်ကြပ်ပင်ကြီးဆီကို ဦးတည်သွားတယ်။ နွားကြီးဘစိုးက ပခုံးပေါ်မှာ ကန်တော့ပွဲတစ်လုံး ထမ်းလို့ဗျ။

ညောင်ကြတ်ပင်ကြီးကို သုံးပတ်ပတ်ပြီး ဆရာကြီးက ဂါထာမန္တန်တွေ ရွတ်တယ်။ သစ်ပင်ကြီးရဲ့အရှေ့ဘက် မြေပြောင်ကလေးမှာ ကိုကောင်းစံကို တင်ပျဉ်ခွေ ထိုင်ခိုင်းတယ်။ အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမခင်းရဘူး။ မြေကြီးပေါ်မှာပဲ ထိုင်ရတာ။ ကိုကောင်းစံက အပေါ်အဖြူ၊ အောက်အဖြူဝတ်ပြီး ခေါင်းမှာ ပဝါအဖြူပေါင်းထား တယ်။ သူ့လွယ်အိတ်ထဲက အသင့်ပါလာတဲ့ စိပ်ပုတီးကို ထုတ် လိုက်တယ်။

ဆရာကြီးက အသင့်ယူလာတဲ့ ပိတ်ဖြူနဲ့ ပိတ်နီစကို ကိုကောင်းစံရှေ့မှာ ဖြန့်ခင်းတယ်။ အနီကအောက်၊ အဖြူက အပေါ်ကဗျ။ ဒါပေမဲ့ အနီစကကြီးတော့ အနီရော၊ အဖြူရော နှစ်ရောင်ပေါ်နေတယ်။

“ဟောဒီမှာ ဖယောင်းတိုင်ထုပ်တွေ၊ ဟောဒီမှာ မီးခြစ်။ ဖယောင်းတိုင်ကို မြေကြီးမှာပဲ စိုက်ထွန်း။ ကြိုက်သလောက် ထွန်းနိုင်တယ်။ ပွဲပေါ်မှာတော့ မထွန်းနဲ့။ ကျုပ်ရောက်လာမှ ကျီးမနိုး ထန်းရွက်မီးစနဲ့ ဖယောင်းတိုင်ကို ပွဲပေါ်မှာထွန်းမယ်။ ဘာမှမကြောက်နဲ့ တပည့်။ ဘာပဲမြင်မြင်၊ ဘာပဲကြားကြား မလန့် နဲ့။ ကိုယ့်အလုပ်ကိုသာလုပ်။ အေး…သတိထားရမှာကတော့ ဆရာကြီးထားပေးတဲ့စည်းကိုတော့ ပေါက်မသွားစေနဲ့။ ကြားလား မောင်ကောင်း…”

အားလုံးပြောဆို မှာကြားပြီးတော့မှ ဆရာကြီးက ဂါထာ တွေရွတ်ပြီး စည်းဝိုင်းတားတယ်။

“ကဲ…မောင်တာတေ၊ မင်းနေရမယ့်နေရာ ဆရာကြီး ကြည့်ပြီးသား။ လာခဲ့…”





ပြောပြောဆိုဆိုနဲ့ ဆရာကြီးက ရှေ့ကသွား၊ ကျုပ်တို့က နောက်လိုက်ပေါ့ဗျာ။ မျောက်ငိုပင်ကြီးတစ်ပင်အောက်မှာ ကျုပ် ကိုထိုင်ခိုင်းပြီး ဆရာကြီးက အင်းတစ်ချပ်အပ်တယ်။ ပြီးတော့ ကျုပ်ကိုလည်း စည်းချပေးတယ်။

ကျုပ်သိပြီးသားဗျ။ ဒီလိုကိစ္စကြီးမျိုးမှာ ရေမသောက်ရ ဘူး၊ ဆီးမသွားရဘူး၊ အစားအသောက်မစားရဘူး။ ဒါတော့ ကိုကောင်းစံက ကျင့်ပြီးသားနေမှာပေါ့ဗျာ။

ကျုပ်ကတော့ ဆရာကြီးတွေနဲ့ လိုက်ဖူးခဲ့တော့ ဒါတွေ အကျင့်ရနေပါပြီ။

ကျုပ်နေတဲ့ မျောက်ငိုပင်ကနေလှမ်းကြည့်ရင် ကိုကောင်း စံကို အထင်းသားတွေ့နေရတယ်။ ကျုပ်ရှိတဲ့နေရာက ကမူကလေး ပေါ်မှာဗျ။ အပေါ်စီးက မြင်ရတာပေါ့ဗျာ။ ကိုကောင်းစံလည်း မီးထွန်းပြီ။ ဆရာကြီးတို့လည်း ပြန်သွားကြပြီ။ တောကြီးတစ်ခုလုံး ကျုပ်နဲ့ ကိုကောင်းစံ နှစ်ယောက်ပဲရှိတာပေါ့ဗျာ။ ကျုပ်ကတော့ ဒီမလာခင် ဘစိုးတို့အိမ်သွားပြီး မျက်ကွင်းဆေးကွင်းခဲ့တာလေ။

တောကြက်တွန်သံ၊ မျောက်အူသံ၊ တခြားငှက်တွေရဲ့ အသံနဲ့ ဆောဆောကဆူညံနေတဲ့ တောကြီးဟာ တစ်စတစ်စ တိတ် လာရောဗျို့။ ဖယောင်းတိုင်နှစ်တိုင်ထွန်းထားတော့ ကိုကောင်းစံကို ကျုပ်ကောင်းကောင်းမြင်နေရတာပေါ့ဗျာ။

ကိုကောင်းစံကတော့ ပုတီးကို တစ်ပတ်ပြီးတစ်ပတ် စိပ်



www.burmeseclassic.com

www.burmeseclassic.com



နေပုံပဲဗျ။ သန်းခေါင်အထိတော့ ဘာမှမထူးခြားပါဘူးဗျာ။

"ဝီး…ဝီး…ဝီး…ဝီး"

ဟော…လေအေးကြီးတိုက်လာပြီဗျို့။

"ဖျန်း…ဖျန်း…ဖျန်း…ဖျန်း"

သစ်ရွက်တွေအချင်းချင်း ပွတ်တဲ့အသံတွေနဲ့ တောကြီးဟာ သဲခနဲဖြစ်သွားတယ်။

"ဝေါ…ဖျတ်…ဖျတ်…ဖျတ်…ဖျတ်"

"အာ…အာ…အာ…အာ"

ဟာ…ကျီးတွေပြိုပြီဗျို့။ ကျုပ်တောင် ကျောထဲ စိမ့်ခနဲ ဖ[illegible]သွားတယ်။

"ဘုန်း…ဘုန်း…ဘုန်း…ဘုန်း"

ဟော…ခြေသံကြီးဗျ။ နည်းနည်းနောနော အသံကြီး မဟုတ်ဘူးဗျ။ ကျုပ်သေသေချာချာကြည့်တယ်။ ကျုပ်ထိုင်နေတဲ့ နေရာမှာက မြရာပင်တွေ ပေါက်နေတော့ ကျုပ်ကို ဘယ်သူမှ မမြင်နိုင်ဘူးလေဗျာ။

ဟာ… နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျာ။ ကြယ်ရောင်တွေနဲ့ မြင်ရတာဗျ။

"ဘုန်း…ဘုန်း…ဘုန်း…ဘုန်း"

ကိုကောင်းစံရဲ့ နောက်ကျောဘက်က လာနေတာဗျ။ ကိုကောင်းစံကတော့ ပုတီးကိုပဲ မဲပြီးစိပ်နေတာဗျို့။ နည်းနည်းမှ





ကို တုန်လှုပ်တာမတွေ့ရဘူးဗျ။

ဟာ…သစ်ပင်တွေတောင် မလွတ်ဘူးဗျို့။ အရပ်ကြီးက ဆယ့်ငါးပေလောက် ရှိမယ်။ ကိုယ်လုံးကြီးက စပါးတစ်ရာထည့်တဲ့ ပုတ်ကြီးတစ်လုံးစာလောက် ရှိတယ်ဗျို့။ မျက်လုံးကြီးတွေက လင်းကွင်းလောက် နီနီကြီးတွေဗျ။ ပါးစပ်ထဲက လျှာကြီးက ချာလီပ်ကြီးလို လိပ်ပြီး တွဲလောင်းကျနေတယ်။ တစ်ကိုယ်လုံးမှာ တစ်တောင်လောက်ရှည်တဲ့ အမွေးတွေဖုံးလို့ဗျ။

"ဟီး…ဟီး…ဟီး…ဂီး…ဂီး"

အောင်မလေး…ဒီကောင်ကြီးအော်တဲ့အသံကြီးက တောကြီးထဲမှာ ဟိန်းထွက်သွားတာဗျို့။ ကျုပ်ဖြင့် မြရာပင်တွေကွယ်ပြီး ခေါင်းငုံ့ပုန်းလိုက်မိတယ်။ အကောင်ကြီးက ကိုကောင်းစံကို သေသေချာချာရပ်ကြည့်ပြီး မြေကြီးမှာ ခြေဆောင့်နေတယ်ဗျ။

"ဘုန်း…ဘုန်း…ဘုန်း"

ကိုကောင်းစံက လှုပ်တောင်မလှုပ်ဘူးဗျ။ နောက်တော့ ဒီကောင်ကြီး ထွက်သွားတယ်။

"ဝေါင်း…ဝေါင်း…ဝေါင်း"

ဟာ…ကျားကြီးနှစ်ကောင်ဗျို့။ တောထဲက ထွက်လာကြတာ။ နှစ်ကောင်လုံး ကိုးတောင်ဘယ်ကလိမ့်မတုံးဗျာ။ ဆယ့်နှစ်တောင်လောက်ရှိတဲ့ အကောင်ကြီးတွေဗျ။

အောင်မလေးဗျ။ ဒီတစ်ခါတော့ ကိုကောင်းစံ သွားပြီလို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်ထဲမှာ တွေးလိုက်တာပေါ့ဗျာ။

ကျားနှစ်ကောင်က အစွယ်ကြီးတွေ ဖွေးဖွေးကြီးတွေနဲ့ဗ
နှစ်ကောင်လုံး ကိုကောင်းစံကို ဝိုင်းထားတဲ့ စည်းဝိုင်းရဲ့ဘေ
တစ်တောင်ကွာလောက်ကနေ ပတ်ပြီး ဟိန်းနေကြတာဗျို့။

"ဝေါင်း…ဝေါင်း…ဝေါင်း"

ကျားဟိန်းသံကြီးက ကျုပ်တောင် နားကွဲမတတ် ခံစာ
နေရတာဗျာ။ အနားမှာကပ်ပြီး အဟိန်းခံနေရတဲ့ ကိုကောင်းစံ
တစ်ယောက် အသက်မှရှိသေးရဲ့လားလို့ ကျုပ်စိတ်ပူလိုက်တာဗျာ

ဟော…သွားပြန်ပြီဗျို့။

"ရှီ…ရှီ…ရှီ"

ဟာ…ဒီတစ်ခါ အပေါ်ကကြားတာဗျ။ ဘာတုံးဗ
အောက်ကိုကျလာတာ။

ဟင်…ဇော်ဂျီတစ်ပါးပဲဗျ။

"ဟား…ဟား…ဟား…ဟား…လူကလေး …
မောင်ကောင်းစံ၊ မင်းဟာ သနားဖို့ကောင်းလိုက်တာလေကွယ်။
မင်းဆရာဆိုတဲ့ ငထွန်းက လူလိမ်ကွ။ မင်းတော့ ဒုက္ခဖြစ်တော့
မယ်။ အခုချက်ချင်း စည်းဝိုင်းထဲက ထွက်ပြီး ငါနဲ့လိုက်ခဲ့ပေ
တော့။ မင်းကို တပည့်အဖြစ်ထားပြီး ပညာတွေကုန်စင်အောင်
သင်ပေးမယ်။ ကဲ…ထပေတော့ ငါ့တပည့် မောင်ကောင်းစံ"

တကယ်ဇော်ဂျီလား၊ အယောင်ဆောင်ထားတဲ့ တစ္ဆေတစ်





ကောင်လားတော့ မသိဘူးဗျ။ ကိုကောင်းစံကတော့ မျက်စိတောင်
ဖွင့်မကြည့်ဘူးဗျို့။ ပုတီးကိုသာ မနားတမ်းစိပ်နေတော့တာဗျ။

ဟော…သွား ပြန်ပြီဗျာ။ ဇော်ဂျီပျောက်သွားပြန်ပြီ။ အချိန်
ကလည်း တဖြည်းဖြည်း အရုဏ်နီးလာပြီပေါ့ဗျာ။

"ဟီ…ဟီ…ဟီ…ဟာင့်…ဟာင့်…"

ဟာ…မွေးလိုက်တာဗျာ။ ဘယ်လိုမွေးတဲ့ အနံ့မျိုးတုံးဗျာ။
တစ်တောလုံးကို မွှေးတာဗျ။ ရယ်သံကလည်း မိန်းမရယ်သံဗျ။
တကယ့်ဆွဲလွဲသံ လွင်လွင်လေးပါဗျာ။

ဟော…မြင်ရပြီ။ ကြည့်စမ်း၊ ကိုကောင်းစံရဲ့စည်းဝိုင်း
နားကိုတောင် ကပ်လို့ဗျ။ ကိုကောင်းစံထွန်းထားတဲ့ ဖယောင်းတိုင်
မီးရောင်နဲ့ ကျုပ်လှမ်းမြင်ရတာ။ လှလိုက်တဲ့မိန်းမဗျာ။ နတ်သမီး
များလားလို့တောင် ကျုပ်က ထင်သွားတာဗျို့။ မွှေးလိုက်တာလည်း
တစ်တောလုံးပါဗျာ။ ကျုပ်ကြည့်နေတာ ကိုကောင်းစံက ပုတီးစိပ်
ကိုမရပ်ဘဲ ဖယောင်းတိုင်ကို တစ်တိုင်ပြီးတစ်တိုင် မီးမပြတ်
ထွန်းပေးနေတာဗျ။

"မောင်တော်ဘုရား…သိုက်နန်းကိုအုပ်ချုပ်ဖို့ နှမနဲ့အတူ
ကြွမြန်းပါဘုရား။ နှမနဲ့ ရာသက်ပန်ပေါင်းဖက်ရင်း သိုက်နန်း
ကြီးကို အုပ်ချုပ်ကြမယ် မောင်တော်။ နှမလှရဲ့လား မော့ပြီးရှုစား
ပါဦး မောင်တော်ရယ်"

တကယ်လှဗျာ။ မိန်းမချောလေးက အသံအမျိုးမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညာတာခရာပြောပေမဲ့ ဒီလူက မျက်စိကို စုံပိတ်ထားတာဗျ။ တင်
ချက်ဖွင့်မကြည့်ဘူး။ ပုတီးပဲစိပ်နေတာ။

နောက်တော့ သိုက်နန်းရှင်မလည်း လက်လျှော့ပြီး ပျောက်
သွားရောဗျို့။

"ပြွတ်...ပြွတ်...ပြွတ်"

ဟာ...ဘာတုံးဟ။ ကိုကောင်းစံရဲ့နောက်က ညောင်
ကြတ်ပင်ကြီးအပေါ်က ကြားလိုက်တဲ့အသံဗျ။ ကိုင်းကွေ့လှုပ်သွား
တယ်။ ဟာ...ဖြူဖြူကြီးဗျ။

"ဘုတ်"

ဟော...သစ်ပင်ပေါ်က ခုန်ဆင်းလာတာဗျို့။ ဘာပါလိမ့်။
ဟာ...အဖြူရောင်အဝတ်အစားနဲ့ဗျ။

"ကောင်းစံ...မင်းနဲ့ငါ မိတ်ဆွေတွေဖြစ်ပါပြီ။ မင်း
ငါ့ကို မျက်စိဖွင့်ကြည့်လို့ရတယ်လေ။ ကြည့်ပါ..."

ဩော်...လက်စသတ်တော့ ဆရာထွန်းအလုပ်လုပ်တာ
သူနဲ့ကိုးဗျ။ သူက အခုမှ ရောက်လာတာပဲ။ ကျုပ်တို့လူ ကိုကောင်း
စံကတော့ဗျာ...မျက်စိဖွင့်ကြည့်ဖို့ ဝေးသေးတယ်၊ ခေါင်းတောင်
မော့မလာပါဘူးဗျ။

"ငါက ရက္ခစိုးတော့ မဟုတ်ဘူး။ တစ္ဆေကြီးတစ်ကောင်
ပါ။ ဒါပေမဲ့ ငါ့ရဲ့ ကမ္ဘာဇိဒ္ဓိဟာ တော်ရုံရက္ခစိုးကို ယှဉ်နိုင်တယ်
ကွ။ မင်းကို ငါစောင့်ရှောက်မယ်။ ငါလည်း လူတွေကြားမှာ





နေချင်နေတာကွ ကောင်းစံရ။ အခုတော့ မင်းရော၊ ငါရော အဆင်
ပြေသွားပြီပေါ့ကွာ"

"မောင်တာတေ...မောင်တာတေ"

ဟော...ဆရာကြီးလာပြီ။ ကျုပ်နောက်က လှမ်းခေါ်တာ
ဗျ။ အသံက ခပ်အုပ်အုပ်ပဲ။ ဟာ...တစ္ဆေဖြူကြီး ပျောက်သွား
ပြီဗျို့။ ဆရာကြီးအသံ ကြားသွားလို့ဖြစ်မယ်ဗျ။ ဆရာကြီး ကျုပ်
အနားကိုရောက်လာတယ်။ ဘိုးစိန်မောက်လည်း ပါတယ်။ ဘစိုး
တော့ ပါမလာတော့ဘူးဗျ။

"ဘယ့်လိုတုံး မောင်တာတေ၊ ဘာတွေထူးတုံး"

"ဆရာကြီးတပည့် အောင်သွားပြီဗျ။ တစ်ညလုံး သူ့ကို
ခြောက်လိုက်လှန့်လိုက်တာဗျာ။ ဒီလူက ဖြုတောင်မဖြုဘူး။
စောစောကတော့ သစ်ပင်ကြီးပေါ်က တစ္ဆေဖြူကြီးဆင်းလာပြီး
ကိုကောင်းစံကို သူမိတ်ဆွေအဖြစ်သတ်မှတ်ကြောင်း ပြောသွား
တယ်ဗျ"

"ဟာ...ဒါဆို အောင်ပြီပေါ့ကွာ။ ကဲ...လာ၊ အုန်းသီး
ခွဲကြရအောင်"

အုန်းသီးစိမ်းကို ထိပ်ဖွင့်တယ်။ အပေါ်မှာ အစီအမံလုပ်
ထားတဲ့ ဖယောင်းတိုင်တို ထွန်းတယ်။ ကိုကောင်းစံက ဂါထာကို
မနားတမ်းရွတ်ပြီး မီးခိုးမှိုင်းတွေကို ပါးစပ်နဲ့ ရှိုက်ရှိုက်ပြီး ရှူသွင်း
တယ်။ ဂါထာကိုလည်း မနားတမ်းရွတ်ရတာဗျ။ ကျုပ်တို့က



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တစ်ညလုံးထိုင်နေတဲ့ မျောက်ငိုပင်ကြီးအောက်ကပဲ ကြည့်နေကြတာ။ ဒီအဆင့်မှာ စည်းဝိုင်းမလိုတော့ဘူးဗျ။

ဖယောင်းတိုင်ကုန်တော့ မှိုင်းတွေ၊ ပြာတွေ၊ ဖယောင်းစက်တွေကို အုန်းသီးထဲထည့်ပြီး အုန်းရည်ကို ကုန်အောင်သောက်ရတာပေါ့ဗျာ။

"အောင်ပြီ...အောင်ပြီ...အောင်ပြီ"

ဆရာထွန်းအော်ခိုင်းတဲ့အတိုင်း ကိုကောင်းစံက အော်လိုက်တယ်။

ရွာပြန်ရောက်တော့ ကိုကောင်းစံကို ဆရာထွန်းက တကယ်အောင်မအောင် ပညာစစ်တယ်။ လက်ပြန့်ကြိုးစာပ်တယ်။ ကြိုးက အလိုလိုပြတ်သွားတယ်။ အခန်းထဲထည့်ပြီး အပြင်က သော့ခတ်တယ်။ ကိုကောင်းစံက အပြင်ရောက်နေတယ်။ ပြီးတော့ ကိုကောင်းစံက ကျုပ်စားဖို့ ခေါက်ဆွဲကြော်ပူပူနွေးနွေး လှမ်းယူပြီး ကျုပ်ကိုကျွေးတယ်။

ကျုပ်လည်း တစ်ညလုံးဆာနေတော့ ကြိတ်ပစ်လိုက်တော့တာပေါ့ဗျာ။

နောက်ထပ် အစွမ်းတွေကို အများကြီးပြတာဗျ။ ကိုကောင်းစံ တကယ်အောင်သွားတာပါ။ တစ္ဆေမှော်အောင်သွားတာပေါ့ဗျာ။

နောက်နှစ်နှစ်လောက်ကြာတော့ မန္တလေးဘက်မှာ





...တော်ကောင်းဆိုပြီး အလွန်ကျော်ကြားတဲ့လူတစ်ယောက်...ည်ကျော်လာတော့တာပေါ့ဗျာ။ ကျုပ်နဲ့တော့ တစ်ခါမှ မဆုံ...တော့ပါဘူးဗျာ...။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# ရုက္ခစိုးနတ်သမီး

နန်းကြော့သျှင်

(၁)

ဧရာဝတီမြစ်ပြင်ကို ဖြ ာသန်းတိုက်ခတ်လာသော လေ သည် တသုန်သုန်ဝေ့မြူးလျက်ရှိသည်။ ကမ်းနဖူးတွင် တည်ရှိ သော ဘကြီးဖြိုးတို့အိမ်ရှေ့ ကမ်းစပ်တွင် ကြီးမားသော ညောင် ပင်ကြီးတစ်ပင် ရှိသည်။ လေတိုက်သွားသောကြောင့် ညောင်ရွက် များ တရှဲရှဲမြည်သံကို အဆက်မပြတ် ကြားနေရသည်။





ညောင်ပင်ကြီးကား ကြီးမားသော အကိုင်းအခက်များနှင့် အုပ်အုပ်ဆိုင်းဆိုင်း၊ စိမ်းစိမ်းလန်းလန်း၊ စိုစိုပြည်ပြည်နှင့် ဝေဝေ ဆာဆာ အုပ်မိုးလျက် အဓိကရညောင်ပင်ကြီးဖြစ်သည်။ လေတိုက် တိုင်းကြားနေရသော တရှဲရှဲမြည်သံများကား မကောင်းဆိုးဝါးများ အော်ဟစ်နေသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ညောင်ဗောဓိ၊ ညောင်ပိန္နဲ၊ ညောင်ချဉ်၊ ညောင်ခြေထောက်၊ ပြင်ညောင်၊ ညောင်အုပ် စသည်ဖြင့် ညောင်ပင်အမျိုးပေါင်း ၄၅ မျိုးခန့် ရှိသည်။ ဘကြီးဖြိုးအိမ်ရှေ့တွင် ထူးထူးခြားခြား တည်ရှိ နေသော ညောင်ပင်ကြီးမှာ ညောင်ဗောဓိပင်ကြီး ဖြစ်သည်။

သက္ကတလို အသွတ္ထ၊ ဟိန္ဒီလို ဖီးပုလ်၊ ပိုလ်၊ ဗောဓိ၊ အင်္ဂလိပ်လို Indian Fig Tree ဟု ခေါ်ဆိုကြသည်။ ဟိန္ဒူအယူ အဆအရ ဗြဟ္မာ၊ ဗိဿနိုး၊ သီဝနတ်မင်းကြီးသုံးပါးနှင့် ပတ်သက် လျက်ရှိသည်။ အမြစ်များသည် လောကကို ဖန်ဆင်းသော ဗြဟ္မာ၊ ပင်စည်သည် သီဝမည်သော ဖျက်ဆီးသူ၊ အကိုင်းအခက်သည် ဗိဿနိုးမည်သော ထိန်းသိမ်းသူဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များအနေ နှင့် မြတ်စွာဘုရား ပွင့်တော်မူရာအဖြစ် ကိုးကွယ်ကြသော အပင် မျိုးဖြစ်သည်။

အောက်ခြေရှိ ညောင်မြစ်ကြီးများသည် ကွေ့ကွေ့ကောက် ကောက်၊ ထိုးထိုးထောင်ထောင်နှင့် မြစ်ထဲသို့ ရေသောက်ဆင်းနေ သန်ဖြစ်သည်။ ရေတက်လာချိန်တွင် ညောင်မြစ်များ မြုပ်လျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေကျချိန်တွင် ညောင်မြစ်များပေါ်ထွက်လာကြသည်။

ညောင်ပင်ကြီး၏ ပင်စည်တွင် တွယ်ကပ်လျက် တည်ဆောက်ထားသော နတ်ကွန်းကျောင်းဆောင်လေးတစ်ဆောင်ရှိသည်။ ကျောင်းဆောင်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ယောက်လျက် မတ်တတ်ရပ်နေသော ရက္ခစိုးနတ်မင်းကြီး သစ်သားရုပ်တု ရှိသည်။

ရုပ်တုရှေ့တွင် ရေစင်ခွက်များ၊ ပန်းအိုးများတွင် သပြေပန်းများ၊ ထိုးစိုက်ထားသည်။ ဘကြီးဖြိုး၏ သမီးအကြီးဆုံးဖြစ်သော ခင်စောရှင် မကွယ်လွန်ခင် အမြဲတမ်း ပူဇော်ပသခဲ့သော ရက္ခစိုးကျောင်းဆောင် ဖြစ်သည်။ ညစဉ် ဝတ္တရားမပျက် ခင်စောရှင်သည် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ပူဇော်ပသထွန်းညှိလေ့ရှိသည်။ ခင်စောရှင် မရှိသည့်နောက် ခင်ထားအိကလည်း အစ်မကြီးကိုးကွယ်ခဲ့သည့်အတိုင်း အစဉ်အလာမပျက် ပူဇော်ပသခဲ့သည်။

ညဘက်ရောက်၍ ညောင်ပင်ကြီး၏ ပင်ခြေအောက်သို့ ကြည့်လိုက်ပါက ရက္ခစိုးကျောင်းဆောင်ထဲမှ ဖယောင်းတိုင်မီးမြိုင်မြိုင်၊ အမွှေးတိုင်ပူဇော်ထားသည့် မီးစနီနီရဲရဲလေး တောက်ပထွက်ပေါ်နေသည်ကို မြင်တွေ့ကြရသည်။

အမွှေးတိုင်ငွေ့များသည် ညောင်ပင်ကြီးအပေါ်ဘက်ဆီသို့ တလူလူလွင့်ပါး သင်းပျံ့လျက်ရှိသည်။





ဘကြီးဖြိုးအိမ်ရှေ့ရှိ ညောင်ပင်ကြီးတွင် ရက္ခစိုးနေထိုင်သည်ကို မမြင်ဖူးကြသော်လည်း ရက္ခစိုးရှိသည်ဟု တစ်ရွာလုံးက ယုံကြည်ထားကြသည်။ ရက္ခစိုးဆိုသည်မှာလည်း သစ်ပင်များကို မှီ၍ဖြစ်သော သစ်ပင်စောင့်နတ် ရက္ခစိုးဒေဝများ ဖြစ်ကြသည်။

စတုမဟာရာဇ်နတ်မျိုးအနွယ်ဝင်များဖြစ်၍ အတော်အသင့် တန်ခိုးရှိကြသည်။ သစ်ပင်များပေါ်တွင် ဘုံဗိမာန်နှင့် နေထိုင်ကြသည်။ လူများက ရက္ခစိုးများနေထိုင်ရာ ဘုံဗိမာန်ကို တွေ့မြင်နိုင်စွမ်းမရှိသော်လည်း ဘုံဗိမာန်အဖြစ် နတ်ကွန်းများ၊ မိမိတို့ အာရုံကျရာ ပုံတော်များ ထုလုပ်ရည်မှန်းပြီး ကိုးကွယ်ဆည်းကပ်ကြသည်။

သစ်ပင်အကြီးအသေးကို မူတည်၍ ရက္ခစိုးတို့သည်လည်း အကြီးအသေး ကွာခြားကြသည်။ တောနက်သော ဒေသရှိ အကြီးဆုံး၊ အမြင့်ဆုံး၊ အသက်အရှင့်ဆုံး သစ်ပင်ကြီးများကို တောစိုးသစ်ပင်ဟု ခေါ်ဆိုကြသည်။ သစ်တောကြီးတစ်တောလုံးကို အစိုးရသော သစ်ပင်ကြီးဖြစ်သည်။

သစ်ပင်ငယ်လေးများတွင်လည်း ရက္ခစိုးရှိသည်။

ယုတ်စွအဆုံး မြေစာမြက်ပင်မှာလည်း ရက္ခစိုးရှိသည်ဟု ဆိုကြသည်။ နတ်မည်ကာမတ္တ အလွန်တန်ခိုးနည်းပါး ဆင်းရဲသားနတ်များဝင် ဖြစ်လိမ့်မည် ထင်သည်။

ရက္ခစိုးကား တန်ခိုးအတန်အသင့် ရှိကြသော်လည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ သစ်ပင်ကြီးများ သေဆုံးလျှင်၊ လဲပြိုပျက်စီးလျှင်၊ လူများက ခုတ်လှဲဖြတ်တောက်ခြင်းခံရလျှင် ရုက္ခစိုး ဘုံဗိမာန်များ ပျက်စီးရပေတော့သည်။ ရုက္ခစိုးနတ်များက သည်းခံစိတ်နှင့် ခွင့်လွှတ်တတ်ကြသည်။ အကြောင်းအရာ ခိုင်ခိုင်လုံလုံ မရှိဘဲနှင့် အန္တရာယ်မပြုတတ်ကြပေ။

သစ်ပင်ကြီးများ ခုတ်လှဲရာတွင် ရုက္ခစိုးနေထိုင်ရန်အတွက် သစ်ပင်အစား စိုက်ပေးခြင်း၊ သို့မဟုတ် နေရာအစားပေးကြရသည်။ မခုတ်လှဲခင်ကတည်းက သစ်ပင်ခုတ်ပုဆိန်ဖြင့် ပင်စည်အား စိုက်ထားရသည်။ နောက်နေ့တွင် သွားကြည့်ပါက စိုက်လျက်သားရှိလျှင် ခုတ်လှဲနိုင်သည်။ သို့မဟုတ် စိုက်ထားသော ပုဆိန်သည် ခြေရာလက်ရာပျက်၍ သစ်ပင်နှင့် ဝေးဝေးတွင် လွင့်စဉ်ကျနေပါက သစ်ပင်စောင့်နတ်က သဘောမတူ၍ မခုတ်လှဲသင့်ဟု ယူဆကြသည်။

စိတ်ကြမ်းကြုတ်ခက်ထန်သော ရုက္ခစိုးများသည် သူတို့အရိပ်အာဝါသ သစ်ပင်အောက်တွင် အလေးအပေါ့သွားခြင်း၊ မဖွယ်မရာပြုခြင်းတို့ကြောင့် အနာတရဖြစ်အောင်၊ သို့မဟုတ် သေဆုံးသည်အထိ အန္တရာယ်ပြုကြသည်။ ပူဇော်ပသသူများအား ကူညီမစ စောင့်ရှောက်ပေးကြသည်ဟု ပြောဆိုလေ့ရှိကြသည်။

ဘကြီးဖြိုးတို့ အိမ်အနီးရှိ ညောင်ဗောဓိပင်ကြီးတွင်ရှိသော ရုက္ခစိုးနတ်မင်းကြီးအား ခင်စောရှင်သည် အမြဲတမ်း ပူဇော်





ပသခဲ့သည်။ ခင်စောရှင်ကွယ်လွန်ပြီးနောက် ညီမဖြစ်သူ ခင်ထားအိက ဆက်လက်ပူဇော် ပသလာခဲ့သည်။ ထို့ကြောင့်ပင် ဖြစ်မည်လားမသိ။ ခင်ထားအိ ဈေးဆိုင်လေးမှာ တစ်နေ့တခြား အရောင်းအဝယ် ကောင်းလာသလို စီးပွားဥစ္စာများ ဖြစ်ထွန်းတိုးတက်လာခဲ့သည်။

ဘကြီးဖြိုးတို့အိမ်အပြင် တခြားသောအိမ်များသည် မြစ်ဘက်သို့ မျက်နှာပြု၍ တည်ဆောက်ထားကြသည်။ ကမ်းနားတန်းဟု ခေါ်သည်။ ကမ်းနားစပ်တွင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကတည်းက ပေါက်ရောက်ရှင်သန်နေသော အဓိကရ ညောင်ဗောဓိပင်ကြီးသည် ဘကြီးဖြိုးအိမ်နှင့် ၁၅ ပေခန့်မျှ အကွာတွင် ရှိသည်။ ညောင်ဗောဓိပင်ကြီးနှင့် အနီးကပ်ဆုံး တည်ရှိနေသော ဘကြီးဖြိုးအိမ်ကား ညောင်ဗောဓိပင်ကြီး၏ အရိပ်များက လွှမ်းမိုးထားသည်။

ဘကြီးဖြိုးအိမ်သည် ကမ်းနဖူးတွင် တည်ရှိခြင်း၊ ညောင်ဗောဓိပင်ကြီး၏ အရိပ်များက ဖုံးအုပ်နေခြင်း၊ ညောင်ရွက်များက တရှဲရှဲမြည်သံများကို အဆက်မပြတ်ကြားနေရခြင်း၊ ဧရာမြစ်အတွင်း စုန်ဆင်းသွားလာနေကြသော လှေကြီး၊ လှေငယ်၊ ဖောင်၊ သင်္ဘော၊ ဘောက်တူ ဖြတ်တိုင်းကို အိမ်ပေါ်မှပင် မြစ်တွင်းရှုခင်းကို မြင်တွေ့နေရသောကြောင့် လွန်စွာမှပင် စိတ်ချမ်းမြေ့ကြည်နူးဖွယ်ကောင်းသော အိမ်တစ်အိမ် ဖြစ်သည်။

ဘကြီးဖြိုးအိမ်သည် အခြေခံစားကုန်များဖြစ်သော ဆန်၊



www.burmeseclassic.com

www.burmeseclassic.com



ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်နှင့် လှေသင်္ဘောများတွင် သုံးစွဲသည့် ပွဲညက်၊ ရေနံ စသည့် ကုန်ပစ္စည်းများလည်း ရောင်းချသည့် ဈေးဆိုင်ကြီးဖြစ်သည်။ လှေသင်္ဘောများ ဆိုက်ကပ်ရာဖြစ်သော ကြောင့် အရောင်းအဝယ်ကောင်းသလို ဘကြီးဖြိုးတို့မိသားစုမှာ လည်း ချောင်လည်ပြည့်စုံကြသည်။

မှတ်မှတ်ရရ အလတ်ကောင် မွေးဖွားပြီးနောက် ပို၍ ကံကောင်းလာသည်။ ထို့ကြောင့်လည်း ဘကြီးဖြိုးသည် သူ့သား အား ကံထွန်းဟု အမည်ပေးထားခဲ့သည်။ ဘကြီးဖြိုးတွင် သမီး ကြီး ခင်စောရှင်၊ သားလတ် ကံထွန်း၊ သမီးငယ် ခင်ထားအိ ဆိုသည့် သားသမီးသုံးယောက်ရှိသည်။ ဇနီးသည် ဒေါ်မယ်ခင် ကား ကွယ်လွန်သွားပြီဖြစ်သည်။ သမီးကြီး ခင်စောရှင်မှာ အိမ် ထောင်မကျသေးသော အပျိုကြီးဖြစ်သလို၊ အိမ်၏ ရောင်းရေးဝယ် တာ စီးပွားရေးကို ဦးဆောင်လုပ်ကိုင်လာခဲ့သည်။ အသက်(၂၅) နှစ်အရွယ်တွင် ကွယ်လွန်ဆုံးပါးခဲ့သည်။

သမီးအငယ်ဆုံး ခင်ထားအိမှာ အိမ်ထောင်ကျပြီး ခင်ပွန်း ဖြစ်သူရွာသို့ လိုက်ပြီးနေထိုင်သည်။ ဝေဖြိုးနှင့် နှင်းနုအမည်ရှိ ကလေးနှစ်ယောက်ရပြီး ခင်ပွန်းဖြစ်သူ သေဆုံးသွားသည်။ ခင်ထားအိမှာ နောက်အိမ်ထောင်မပြုတော့ဘဲ တစ်ယောက်တည်း ဖြစ်နေသော ဘကြီးဖြိုးအိမ်သို့ ပြောင်းရွှေ့နေထိုင်ပြီး ဖခင်ကြီးအား လုပ်ကျွေးပြုစုလျက်ရှိသည်။





ဘကြီးဖြိုး၏သားဖြစ်သူ ကံထွန်းမှာ ထူးဆန်းသော လူ တစ်ယောက်ဖြစ်သည်။ မွေးဖွားစဉ်ထဲက မျက်နှာဖုံးနှင့်၊ အချင်း စလွယ်နှင့် မွေးဖွားလာသူဖြစ်သည်။ ကလေးအရွယ် ငယ်ဘဝတွင် လည်း အပေါင်းအဖော်များနှင့် ဆော့ကစားခြင်းမပြု။ တစ်ယောက် တည်းသာ နေလေ့ရှိသလို လူအလစ်တွင် တစ်ယောက်တည်း စကားပြောနေတတ်သည်။ ဥစ္စာစောင့်သိုက်နှင့် အဆက်အသွယ်ရှိ ပြီး သိုက်မှ လူဝင်စားလာဖြစ်သည်ဟု ပြောဆိုနေကြသည်။

ဘကြီးဖြိုးအိမ်ရှေ့ရှိ ကမ်းနားတောင်ဘက်တွင် ရှေး ဟောင်းစေတီ ဘုရားအပြိုအပျက်များရှိသည်။ ဥစ္စာစောင့်များရှိ သည်ဟု နာမည်ကြီးသည်။ "*စေတီပျက်တောင်၊ ရွှေးတစ်ယောင်၊ အတောင်တစ်ရာတူး၊ ငွေတစ်မူးရလတ္တံ့*"ဟူသော သိုက်ဆရာများ ၏ ဘူမိယသိုက်စာများကို ကြားဖူးကြသည်။

သိုက်ဆရာများ သိုက်တူး၍ ရွှေငွေဥစ္စာပစ္စည်းများ ရ၊ မရကိုတော့ မသိပေ။ ကံထွန်းငယ်စဉ်က ရွှေဒင်္ဂါးငါးမူးပြားများ ရရှိခဲ့ဖူးသည်။

□ □ □

(၂)

"ရှေးဟောင်းဘုရားစေတီ အပြိုအပျက်များ တည်ရှိရာ နေရာတွင် ချုံနွယ်ပိတ်ပေါင်းများစွာ တောထဖုံးလွှမ်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုချုံနွယ်များထဲမှ မြွေစိမ်းကြီးများ ထွက်လာတတ်သည်ကို မကြာခဏ တွေ့မြင်ရသည်။ မြွေအန္တရာယ် ကြောက်သောကြောင့် ဘုရားစေတီ အပြိုအပျက်များရှိရာသို့ မည်သူမျှ မသွားဝံ့ကြချေ။

လပြည့်ညလို နေ့အလား ထင်းထင်းလင်းလင်းရှိသော လပြည့်ည သန်းခေါင်ယံအချိန်မျိုးတွင် မြစိမ်းရောင် ဝတ်စုံနှင့် ဥစ္စာစောင့်မိန်းကလေးကို ထူးထူးဆန်းဆန်း မြင်တွေ့ရသည်ဟု ပြောကြသည်။ အငြိမ့်မင်းသမီးများကဲ့သို့ ခါးတောင်အကျီ၊ ထိုင်မသိမ်းလုံချည်၊ အစိမ်းရောင်ပဝါများကို ပခုံးပေါ်၌ လွှမ်းခြုံထားသည်သာမဟုတ်။ လက်ဝတ်ရတနာဖြစ်သော ကျောက်မျက်ရတနာများကို ဝတ်ဆင်ထားရာ ပြိုးပြိုးပြောင်ပြောင် တောက်ပလျက်ရှိသည်။

နောက်ကျောတွင် ဖြန့်ချထားသော ဆံပင်အရှည်ကြီးများကလည်း သန့်စွမ်းတောက်ပြောင် မည်းနက်လျက် လမ်းလျှောက်သွားရာနောက်တွင် တလွင့်လွင့် လွင့်ပါးလျက်ရှိသည်။ ဥစ္စာစောင့်မလေးကို မြင်လိုက်ရသည်နှင့် ချိုအီစူးရှသော မွှေးရနံ့များကလည်း သင်းပျံ့ကြိုင်လှိုင်လာတတ်သည်။

မြစိမ်းရောင် ဥစ္စာစောင့်မလေးသည် နုနယ်ပျိုမျစ်ပြီး လှနိုးစွာမှ ချောမောလှပသည်။ ဘုရားကြို၊ ဘုရားပျက်များကြားတွင် ဆင်မယဉ်သော ခြေလှမ်းများနှင့် ခပ်နွဲ့နွဲ့တစ်လှမ်းချင်း တရွေ့ရွေ့ လျှောက်လှမ်းနေသည်ကို ကြက်သီးတဖျန်းဖျန်းထ၊ ခေါင်း





နားပန်းကြီးစွာ မြင်တွေ့ဖူးသူများ ရှိသည်ဟုလည်း ပြောကြသည်။

အထူးသဖြင့် လပြည့်ည၊ အဖိတ်ည၊ လပြည့်ကျော် ၁ ရက်နေ့များတွင် မြစိမ်းရောင် ဥစ္စာစောင့်မလေး ဘုရားဖူးလာခြင်းဖြစ်ကြောင်း၊ စေတီဟောင်းများ ရင်ပြင်တော်ပေါ်ရှိ ညောင်ရေအိုးများတွင် တောပန်းများ တင်လှူသွားတတ်ကြောင်း ပြောဆိုကြသည်။

ထိုနေ့က ကံထွန်းသည် ဘုန်းတော်ကြီးကျောင်းမှ ပြန်လာရာ နေဝင်ခါစအချိန် ဖြစ်သည်။

ကံထွန်းသည် ရှေးဟောင်းစေတီများရှိရာ ချုံတောကြီးများဘေးရှိ လမ်းမပေါ်တွင် လမ်းလျှောက်လာခဲ့သည်။ သံရှည်အုပ်ဆွဲလိုက်သော ခွေးအူသံများကို ကြားလိုက်ရသည်။ ကျောထဲတွင် အေးစိမ့်စိမ့်ဖြစ်သွားပြီး ခေါင်းနားပန်းကြီးသွားသလို ကြက်သီးမွေးညင်းများ ထလာသည်။ လမ်းမပေါ်တွင် ရှုသွားလူလာမရှိ တိတ်ဆိတ်ငြိမ်သက်လှပေသည်။

အိမ်သို့ အမြန်ပြန်ရောက်ရန်သာ စိတ်က စောနေသည်။ သူ့နောက်ကျောဘက်တွင် အရိပ်လိုလို လှုပ်ရှားလျက်လိုက်ပါနေသည်ဟု စိတ်ထဲက အလိုလို သိနေသောကြောင့် လှည့်ကြည့်လိုက်သည်။ လှနိုးစွာမှ ချောမောလှပသော မိန်းကလေးတစ်ဦး ရပ်နေသည်ကို ထူးဆန်းစွာ မြင်တွေ့လိုက်ရသည်။ လူစိမ်းဖြစ်သည်ပင်ဖြစ်ရမည်။ ရွာထဲတွင် ထိုကဲ့သို့ လှပချောမောသော မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို တစ်ခါဖူးမျှ ကံထွန်းမတွေ့ဖူးပေ။

မိန်းမပျိုလေးမှာ အသားအရေ ဝင်းဝါနုပျို ချောမောလှ[illegible] သလို အစိမ်းရောင် အဝတ်အစားများ၊ လက်ဝတ်ရတနာများကို ဝတ်ဆင်ထားသည်။ ထူးထူးဆန်းဆန်း မြင်တွေ့လိုက်ရသော ကြောင့် ကံထွန်း အံ့သြသွားသည်။ စိတ်ကလည်း အလိုလို ကြော[illegible] ရွံ့နေမိသည်။ အစိမ်းရောင် မိန်းမချောလေး၏ ပခုံးပေါ်တွင် အစိမ်း ရောင် ပဝါစလေးသည် လေထဲတွင် လွင့်ပျံ့လျက်ရှိသည်။ ဘော[illegible] ကြယ်လေးများ ထိုးထားသောကြောင့် လရောင်အောက်တွင် တလက်လက်တောက်ပနေပေသည်။

လေးစိမ်းတစ်ချက် တိုက်ခတ်သဖြင့် ကံထွန်းရင်ထဲတွင် စိမ့်ခနဲ အေးသွားသည်။ ထိုစဉ်မှာပင် ထူးခြားသော မွှေးရနံ့[illegible] သင်းပျံ့လာသည်။ နှင်းဆီပန်းရနံ့မျိုးလည်း မဟုတ်၊ စံပယ်ပန်း ရနံ့လိုလည်း မဟုတ်။ ချိုအီအီရှိလှသော ရနံ့တစ်မျိုး ဖြစ်လာသည်[illegible] မွှေးရနံ့ကို ရှူရှိုက်မိလိုက်သဖြင့် ကံထွန်းခေါင်းထဲတွင် ငြီးစီး[illegible] ဖြစ်လာသည်။

အစိမ်းရောင် မိန်းမပျိုလေးသည် ကံထွန်းလက်ထဲသို့ ကြေးပြားလေးများ ထည့်ပေးလိုက်သည်။ တစ်စုံတစ်ရာ စကား ပြောခြင်းမပြုချေ။ ကံထွန်းအား ပြုံးပြုံးရွှင်ရွှင် ကြည့်နေပေသည်။ ကြေးပြားများက ထူးထူးခြားခြားထူပြီး အလေးချိန် စီးသည်။ ကံထွန်းစိတ်ထဲတွင် မည်သို့မည်ဖြစ်လာသည် မသိ။ အစိမ်းရောင်





[illegible]တ်ထားသည့် မိန်းမပျိုလေး၏ သဏ္ဌာန်မှာ နှင်းမြူများဆိုင်း၍ မြင်ရတော့သလို တဖြည်းဖြည်း ဝေဝေဝါးဝါးဖြစ်လာပြီး ပျောက် ကွယ်သွားသည်။ မွှေးရနံ့များလည်း မရတော့ပေ။ ခေါင်းထဲတွင် [illegible]းဝေနောက်ကျိလာပြီး လမ်းမပေါ်သို့ လဲကျသွားသည်။ မျက်ခွံ [illegible]များ လေးလံလာပြီး အိပ်ပျော်သွားသလိုဖြစ်ကာ သတိမေ့သွား သည်။ ပြန်ရောက်ချိန် ပြန်ရောက်မလာ၍ ဘကြီးဖြိုးနှင့် ခင်ထား အိတို့ စိုးရိမ်ပြီး ထွက်ရှာကြသည်။ ရှေးဟောင်းစေတီ အပြိုများ [illegible]ထားရှိ လမ်းပေါ်တွင် အိပ်ပျော်မေ့လျော့နေသော ကံထွန်းကို တွေ့ရှိပြီး စိုးရိမ်တကြီး အိမ်သို့ ပြန်ခေါ်လာကြသည်။

ဘုရားစင်ပေါ်တွင် သိမ်းထားသော ဆရာတော်ကြီး၏ ရေမန်းများ တိုက်လိုက်မှ ကံထွန်းသတိပြန်ရလာသည်။ မှတ်မိ သမျှ တွေ့ကြုံခဲ့ရပုံများကို ပြောပြသည်။

"အောင်မယ်လေး... တော်ပါသေးရဲ့ ငါ့မောင်ရယ်။ [illegible]ဒါ လူများတွေ ပြောပြောနေတဲ့ မြစိမ်းရောင် ဥစ္စာစောင့်မလေးပဲ။ ငါ့မောင်ကို လိပ်ပြာနုတ်ပြီး သိုက်ထဲခေါ်မသွားတာ တော်သေး [illegible]တာပေါ့"

ဘကြီးဖြိုးသည် ဆုပ်ထားသော ကံထွန်းလက်ကို ဖြေ [illegible]ကြည့်လိုက်သည်။ မည်းညစ်နေသော ကြေးပြားလေးဖြစ်နေသည်။ [illegible]ဟထဲတွင် မသကာသဖြင့် မန်ကျည်းမှည့်ဖြင့် ပွတ်ဆေးလိုက် သည်။ တဖြည်းဖြည်းနှင့် အရောင်လေးများ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာစွာ ဆေးကြောလိုက်သောအခါ ရွှေဒင်္ဂါးပြားများ ဖြစ်နေ၍ အလွန်တရာ အံ့သြပြီး ဝမ်းသာသွားသည်။

ဒင်္ဂါးပြားများမှာ မြေကြီးထဲတွင် နှစ်ပေါင်းများစွာ မြုပ်နေသောကြောင့် ဟောင်းနွမ်းလျက်ရှိသည်။ တိုက်ချွတ်လိုက်မှ ရွှေရောင်ပြန်လာသည်။ မြင်းစီး လှံထိုးတံဆိပ်၊ ခေါင်းမြီးခြုံတံဆိပ်၊ ဆံမြိတ်ထိုး(နောက်ဆံထုံး) တိုက်တံဆိပ်များပါရှိသော ငါးမူးပြားများ ဖြစ်ကြသည်။

ဘကြီးဖြိုးတို့မိသားစု ဝမ်းသာသွားကြသည်။ ဥစ္စာစောင့်များရှိသည်ကို ကြားဖူးနားဝရှိကြသည်။ ရွှေငွေများ ပေးတတ်သည်ကိုလည်း ကြားဖူးသည်။ [illegible]က မယုံကြည်ခဲ့ကြပေ။ ယခု ကံထွန်းလက်ထဲတွင် တွေ့ရသော ရွှေဒင်္ဂါးပြားကြောင့် ယခု ယုံရပြီဖြစ်သည်။

"အင်း…ငါ့သားကံထွန်းကတော့ နာမည်နဲ့လိုက်အောင် ကံကောင်းပါတယ်။ ရှင်ပြုတော့မှာမို့ လှူနိုင်တန်းနိုင်အောင် ကူညီစောင့်မတာပဲ ဖြစ်ရမယ်။ ကံထွန်းရဲ့ ရှင်ပြုပွဲမှာ အလှူအတန်းပေးပြီး ရွှေဒင်္ဂါးပြားတွေပေးတဲ့ မိန်းကလေးကို ရည်စူးပြီး အမျှအတန်းပေးဝေရမှာပေါ့ကွယ်"

□ □ □





(၃)

ဘကြီးဖြိုးတို့အိမ်ရှေ့အနီးရှိ လှေဆိပ်သို့ လှေသမ္ဗန်တစ်စင်း ဆိုက်ကပ်လိုက်သည်။ လှေပေါ်မှ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက် ဆင်းလာသည်။ ထိုလူက စိတ်ပျက်အားငယ် ဝမ်းနည်းစွာဖြင့် ဈေးဆိုင်ရှေ့တွင် ရပ်လိုက်သည်။

"ဗျို့…ခင်ထားအိ"

ဘကြီးဖြိုး၏ သမီးအငယ်ဆုံး ခင်ထားအိ အိမ်ထဲမှ ထွက်လာသည်။

"ဦးညိုကြီးပါလား။ လှေဘယ်တုန်းက ဆိုက်သလဲ။ ဦးပဉ္စင်းရော ဘာများ မိန့်တော်မူလိုက်သလဲ"

"ခုလေးတင် လှေဝင်လာတာ။ တခြား တွေတွေထူးထူးတော့ ဘာမှ မမှာလိုက်ဘူး။ စာတစ်စောင်တော့ ရေးပေးလိုက်တယ်။ စိတ်မကောင်းဖြစ်မနေနဲ့။ နင်တို့ဖခင်ကြီး ဘကြီးဖြိုးဆုံးပြီ"

"ရှင်…"

ဖခင်ကြီးဆုံးပြီဟု ရုတ်တရက်ကြားလိုက်ရသောကြောင့် ခင်ထားအိခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ အသက်အရွယ်အရ ဇရာထောက်လာပြီး ကျန်းမာရေးမကောင်းသော ဖခင်ကြီးအား မောင်တော်ဖြစ်သူ ဦးပဉ္စင်းလေးက ဟင်္သာတမြို့ရှိ ဘုရားကြီးကျောင်းတိုက်တွင် ခေါ်ယူထားပြီး ဆေးကုသပေးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ မဟန်တော့ပြီဆိုသည့် သတင်းများကို ကြားနေရသည်။ ယခုလို မြန်မြန်ဆန်ဆန်ကြီး ဆုံးပါးသွားလိမ့်မည်ဟု မထင်မှတ်ခဲ့။ ကုန်သည်ဦးညိုကြီး ယခုလိုလာပြောမှ ဖခင်ကြီးဆုံးကြောင်းသတင်းဆိုးကို ကြားလိုက်ရခြင်းဖြစ်သည်။ ခင်ထားအိဝမ်းနည်းကြေကွဲရုံမှလွဲ၍ ဘာမှ မတတ်နိုင်တော့ပေ။

"တရားနဲ့ဖြေပေါ့ ခင်ထားအိရာ။ နင်တို့မောင်ပဥ္စင်းလည်း နောက်ဆုံးအချိန်ထိ အကောင်းဆုံးဆေးဝါးတွေနဲ့ ကုသပေးတာပဲ။ ကံကုန်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ ရော့…ဒီမှာစာပေးလိုက်တယ်"

ဦးညိုကြီးက ဦးပဥ္စင်းရာဇိန္ဒ ပေးလိုက်သောစာကို ထုတ်ပေးလိုက်သည်။ ခင်ထားအိက စာ…လှမ်းယူလိုက်ရင်းမှာပင် သူမမျက်ဝန်း၌ မျက်ရည်စများ တပေါက်ပေါက် ကျလာသည်။

"ကုန်တွေချဖို့ လုပ်ရဦးမယ်။ ငါသွားတော့မယ် ခင်ထားအိ။ နောက် သုံးရက်လောက်မှ လှေပြန်ထွက်မှာ။ အဲဒီရက်ကျမှပဲ မှာစရာရှိရင် မှာလိုက်ပေါ့"

"ဟုတ်ကဲ့ ဦးညို"

ဦးညိုကြီးက လှေဆိပ်ဘက်သို့ ပြန်ဆင်းသွားသည်။ ခင်ထားအိသည် ဖခင်ကြီးဖြစ်သူ ဦးဖြိုးမျက်နှာကို ပြန်မြင်လာသည်။ သားသမီးများအပေါ်တွင် တာဝန်ကျေသော ဖခင်ကြီးသည် ယခုတော့ အပြီးအပိုင် ခွဲခွာသွားလေပြီ။ ခင်ထားအိတို့တွင် မောင်





ခသုံးယောက်ရှိသည်။

အစ်မအကြီးဆုံး ခင်စောရှင် ကွယ်လွန်သွားသည်မှာကြာပြီဖြစ်သည်။ အငယ်မ ခင်ထားအိမှာ အိမ်ထောင်ကျပြီးယောကျ်ားဖြစ်သူ ဆုံးပါးသွား၍ ဝေဖြိုးနှင့် နှင်းနုအမည်ရှိ ကလေးစ်ယောက်ကို ခေါ်ဆောင်ပြီး ဖခင်ကြီးနှင့်အတူ လာရောက်နေဆိုင်ခဲ့သည်။

မောင်ဖြစ်သူ ကံထွန်းမှာ ငယ်စဉ်ကတည်းက ကိုရင်ဝတ်င်း သာသနာ့ဘောင်ထဲမှာပင် ပျော်ပိုက်၍ လူမထွက်တော့ပေ။ ခုအချိန်တွင် ဦးပဥ္စင်းရာဇိန္ဒဘွဲ့အမည်ဖြင့် ဟင်္သာတမြို့ ဘုရားကြီးတိုက်တွင် စာလိုက်နေသော ဦးပဥ္စင်းတစ်ပါး ဖြစ်လာသည်။ ကြီးဖြိုး နေထိုင်မကောင်းဖြစ်လာသောအခါ ဦးပဥ္စင်းက ခေါ်ဆောင်လာခဲ့ပြီး ကိုယ်ဖိရင်ဖိ ကောင်းမွန်စွာပြုစုရင်း ဆေးဝါးကုသပေးခဲ့ခြင်း ဖြစ်သည်။

"ထို့…"

ဆိုသည့် တံတွေးထွေးသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရ၍ လန့်သွားမိသည်။ ဝေဖြိုးနှင့် နှင်းနု ကလေးနှစ်ယောက်လည်း ခင်ထားအိအနီးသို့ ပြေးကပ်လိုက်ကြသည်။

"အမေ…အိမ်ပေါ်ထပ်က အသံက ဘာသံလဲဟင်။ သားကြောက်တယ်"

"သမီးလည်း ကြောက်တယ်"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကလေး နှစ်ဦးမှာ ထိတ်သိတ်ပျာပျာနှင့် တုန်လှုပ်နေကြသည်။ ခင်ထားအိကိုယ်တိုင်မှာလည်း ကြောက်စိတ်နှင့် မယုံသင်္ကာစိတ်များ ရောထွေးကာ အိမ်အပေါ်သို့ စူးစိုက်ကြည့်လိုက်သည်။ လက်ထဲမှ စာကို ဖွင့်ဖတ်ရန် မေ့သွားမိသည်။ ထိုအချိန်မှာပင် ခြေရင်းအိမ်မှ ဈေးဝယ်ရန် မငယ် ရောက်လာသည်။

"အစ်မ ... ဘာဖြစ်နေတာလဲ။ မျက်နှာလည်း မကောင်းပါလား"

မျက်ရည် များနှင့် ကြေကွဲဝမ်းနည်းနေသော ခင်ထားအိ ကို မြင် လိုက်ရ၍ မငယ်က စိုးရိမ်စွာ မေးလိုက်သည်။

"ဟာ တကျောင်းမှာ အဖေဆုံးပြီတဲ့ မငယ်။ ခုနကပဲ ဦးညိုကြီး ဝင်ပြောသွားတယ်။ ဒါထက် မငယ်ယောကျ်ားကိုထွေး အိမ်မှာရှိလား"

"ရှိတယ် အစ်မ"

"ကိုထွေးကို ခဏခေါ်လိုက်စမ်းပါ မငယ်။ အိမ်အပေါ်ထပ်က အရင် အဖေနေတဲ့နေရာကို တက်ကြည့်မလို့။ အပေါ်ထပ်မှာ ဘာတွေဖြစ်နေသလဲ မသိ "

မငယ်က သူ့ယောကျ်ားဖြစ်သူ ကိုထွေးအား လှမ်းခေါ်ပြီး အကျိုးအကြောင်းပြောပြလိုက်သည်။ ခင်ထားအိသည် ကိုထွေး၊ မငယ်တို့နှင့်အတူ အိမ်ပေါ်သို့ တက်လာခဲ့ကြသည်။ စောစောက လိုက်ရသော ထွီဆိုသည့် တံတွေးထွေးသံကြီးကို ထပ်မံ





ကြားရလေမလားဟု ရင်တထိတ်ထိတ်နှင့် တက်လာခဲ့ကြသည်။

အိမ်ပေါ်ထပ်ရှိ ဘကြီးဖြိုး ယခင်အိပ်ခဲ့သော အိပ်ရာခုတင်မှတစ်ပါး တခြားထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရပေ။

ခင်ထားအိ မျက်လုံးထဲတွင် ဖခင်ဖြစ်သူမျက်နှာက ဖျောက်မျက်မရအောင် တဖျတ်ဖျတ် ပေါ်လျက်ရှိသည်။

"မခင်ထားအိ စိတ်ကထင်လို့ ဖြစ်မှာပါ။ ဘာမှကြောက်စရာမလိုပါဘူး။ ညကျရင် ကျွန်တော်တို့လင်မယား လာစောင့်ပြီး အိပ်ပေးပါ့မယ်"

"ကျေးဇူးပါပဲ ငါ့မောင်ရယ်"

အောက်ထပ်ကို ပြန်ဆင်းလာကြပြီး ဦးပဥ္စင်းရေးပေးလိုက်သော စာကို ဖွင့်ဖတ်လိုက်သည်။ စာပါ အကြောင်းအရာမှာလည်း အထွေအထူး မဟုတ်ပေ။ ဖခင်ကြီးဆုံးပါးသွားပြီဖြစ်ကြောင်း၊ လောလောဆယ်ဆယ် ခမည်းတော်အလောင်းကို သင်္ဂြိုဟ်သေးဘဲရှိကြောင်း စာရပြီးနောက် အမြန်လာရောက်ရန် ရေးသားထားသည်။

ခင်ထားအိနှင့် ကလေးနှစ်ယောက်မှာ စာကိုဖတ်ပြီး ရင်ထဲတွင် ဆို့တက်လာသလိုဖြစ်ကာ တရှုပ်ရှုပ် ငိုကြွေးနေကြသည်။

ည(၇)နာရီခန့်တွင် ကိုထွေးတို့လင်မယားလည်း ရောက်လာကြသည်။ အဖော်အဖြစ် ခင်ထားအိနှင့်အတူ စောင့်အိပ်ပေးကြသည်ဖြစ်သည်။ ဘကြီးဖြိုးဆုံးသွားကြောင်း သတင်းကြားရ၍



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးနားချင်း မိတ်ဆွေများလည်း ရောက်လာကြသည်။ ခင်ထားအိသည် လက်ဖက်သုပ်များ၊ ရေနွေးကြမ်းများနှင့် ဧည့်ခံပြီး စကားစမြည် ပြောဆိုနေကြသည်။

အထူးသဖြင့် သားသမီးများအပေါ်တွင် သံယောဇဉ်ကြီးသော ဘကြီးဖြိုး၏အကြောင်းကို ပြန်လည်တသ တဖွဖွပြောဆိုမိကြသည်။ ဘကြီးဖြိုးသည် ငယ်စဉ်ကတည်းက သားသမီးများကို တရားသဖြင့် ကျောင်းဝယ်ဖောက်ကားလျက် ကျွေးမွေးခဲ့သည်။ သားဖြစ်သူ ကံထွန်းကိုလည်း သာသနာ့ဘောင်အတွင်း ရဟန်းအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့သည်။

ရွာထဲတွင် လူကြီးလူကောင်းတစ်ယောက် ဖြစ်သလို လူအများ ကြည်ညိုလေးစားခြင်း ခံရသူဖြစ်သည်။ နဂိုကပင် စိတ်ရင်းကောင်းခြင်း၊ ဒုက္ခရောက်နေသူများကို ကူညီတတ်ခြင်း၊ သားဖြစ်သူက ဘုန်းကြီးဖြစ်နေခြင်းကြောင့် ပို၍ပင် ကြည်ညိုလေးစားကြသည်။ ထိုသို့ ဘကြီးဖြိုးအကြောင်း ရောက်တတ်ရာရာ ဝိုင်းဖွဲ့စကားပြောနေစဉ်မှာပင် အိမ်ပေါ်ထပ်မှ –

'ထွီ' ဆိုသည့် တံတွေးထွေးသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရသဖြင့် အားလုံး ထိတ်လန့်သွားကြသည်။ ဝေဖြိုးနှင့် နှင်းနုတို့နှစ်ယောက်မှာလည်း ကြောက်လန့်တကြားဖြစ်လျက် လူကြီးများကြားသို့ အတင်းပင် တိုးဝှေ့ဝင်လိုက်ကြပြီး ဇက်ပုကာ ငြိမ်နေကြသည်။





"အပေါ်ထပ်က ကြားလိုက်ရတဲ့အသံပဲ"

"ဟုတ်တယ်... ညနေကလည်း တစ်ခါကြားလို့ ကျွန်တော်တို့ တက်ကြည့်သေးတယ်။ အပေါ်ထပ်မှာတော့ ဘာမှရှိတာ မဟုတ်ဘူး။ ဟိုတုန်းက ဘကြီးဖြိုးအိပ်တဲ့ ခုတင်ဟောင်း[illegible]ပဲ ရှိတာ"

ကိုထွေးက အိမ်နီးနားချင်း ဧည့်သည်များကို ရှင်းပြလိုက်သည်။ ကိုထွေးစကားဆုံးသွားသည်နှင့်...

'ထွီ' ဆိုသည့် အသံကြီးကို ထပ်မံကြားလိုက်ကြရပြန်သည်။

"ဟော...ဒီအသံပဲ၊ စောစောကလိုပဲ ထွီဆိုတဲ့ တံတွေးထွေးတဲ့အသံမျိုးကြီး"

"ဇကန္တ အဖေများ လာပြီးနှုတ်ဆက်နေတာလား မသိဘူး"

"ဟုတ်ချင် ဟုတ်မှာပေါ့ ခင်ထားအိရယ်။ ဘကြီးဖြိုး လိပ်ပြာက သတိလာပေးတာများ ဖြစ်မနေဘူးလား"

"ဒီလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ"

"ဟုတ်ချင် ဟုတ်မှာပေါ့ လုပ်မနေနဲ့။ လူတွေသေရင် အိမ်မှာ ခုနစ်ရက်နေရသေးတယ်။ ခုနစ်ရက်ကျော်ပြီးတော့မှ သူ့ လိပ်ပြာက ပျောက်ပြီး နောက်တစ်ဘဝကို ကူးသွားတာလို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ထွီ…ထွီ…ထွီ…ထွီ ဆိုသော တံတွေး ထွေးသံကြီးများသည် အိမ်ပတ်ပတ်လည်တွင် ဆက်ကာဆက်ကာ ကြားလိုက်ရပေဟော့သည်။ စိတ်မလုံသော ဧည့်သည်များက ကြောက်လန့်လာကြပြီး ခင်ထားအိအား နှုတ်ဆက်၍ သုတ်သုတ် နှင့် အမြန်ပြန်ထွက်သွားကြသည်။

"မခင်ထားအိ…ဘာမှကြောက်မနေနဲ့။ ကျွန်တော်တို့ လင်မယား ရှိပါတယ်"

ကိုထွေးက ခင်ထားအိ ကြောက်ရွံ့နေမှာစိုး၍ အားပေး စကားပြောကြားလိုက်သည်။ ကိုထွေးကိုယ်တိုင်က မကြောက်ဘူး ဟု စိတ်အားတင်းထားသော်လည်း ထွီဆိုသည့် တံတွေးထွေးသံ ကြီး နောက်ထပ်ကြားရဦးမလားဟု နားစွင့်ထားရင်း တထိတ် ထိတ်နှင့် ထိုညက အိပ်မပျော်နိုင်ကြတော့ပေ။

□ □ □

(၄)

ဒေဝဒူတသုတ်၌ ဘုရားသခင် ဟောကြားတော်မူခဲ့ရာ တွင် ဇာတိ ဇရာ ဗျာဓိ မရဏဆိုသည့် သေမင်းတမန် လေးဦးသည် ယမနတ်မင်းကြီး ငရဲမင်းကြီးက စေလွှတ်ထားကြသူများ ဖြစ် သည်။ ဇာတိခေါ် နတ်စေတမန်က ပြောလိုက်သည့်အလား ဦးပဉ္စင်းရာဇိန္ဒ အာရုံထဲတွင် ကြားနေရသည်ဟု ထင်သည်။





အချင်းလူသားတို့…ပင်ပန်းကြီးစွာ ဆင်းရဲဒုက္ခခံ၍ မွေး ဖွားလာသော ကလေးငယ်များကို သင်တို့တွေ့ကြရလိမ့်မယ်။ ကလေးငယ်တို့ဘဝကား ထူပေးမှ ထရ၊ ကျွေးမှ စားရ၊ ခြုံပေးမှ လုံခြုံရနှင့် ဇာတိဘေးဆိုးမှ မလွတ်ကင်းနိုင်ကြကုန်။ ကြောက်မက် ဖွယ် ကောင်းလှပေတယ်။ သံဝေဂရသင့်ပေတယ်။

ဇရာခေါ် နတ်စေတမန်ကလည်း အချင်းလူသားတို့… အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် နားထိုင်းမှုန်ဝေ အရေတွန့် လျက် သတိကင်းကွာ သက်ကြီးရွယ်အိုများကို သင်တို့ မြင်တွေ့ ကြရလိမ့်မယ်။ သွားကျိုး၊ ဆံဖြူခြင်း၊ ခြေလက်တုန်ခြင်း၊ စား သောက်မမြိန်ခြင်း စတဲ့ ဆင်းရဲဒုက္ခတွေကို ခံစားကြရတယ်။ ဇရာဆိုတဲ့ ဘေးဆိုးကြီးက မလွတ်နိုင်ကြကုန်။ ကြောက်မက်ဖွယ် ကောင်းလှပေတယ်။ တရားသံဝေဂ ရသင့်ပေတယ်။

ဗျာဓိခေါ် နတ်စေတမန်ကလည်း အချင်းလူသားတို့… ရောဂါဝဲကပ် သေရမတတ် ဒုက္ခကြီးစွာ ခံစားနေရသောသူကို သင်တို့ တွေ့မြင်ရပေလိမ့်မယ်။ ဆင်းရဲဒုက္ခအဝဝနဲ့ ဗျာဓိဘေးဆိုး ကြီးကား ကြောက်မက်ဖွယ်ကောင်းလှပေတယ်။ တရားသံဝေဂ ရသင့်ပေတယ်။

မရဏခေါ် နတ်စေတမန်ကလည်း အချင်းလူသားတို့၊ သေလွန်ပြီးသော သူသေကောင်ကို တွေ့မြင်ကြရပေလိမ့်မယ်။ သားသမီးဆွေမျိုး မိတ်သင်္ဂဟတို့နဲ့ နေလိုတိုင်း မနေရ။ သေ



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးရခြင်း ဆင်းရဲဒုက္ခအဝဝကို ကြုံတွေ့ရတဲ့ မရဏာဘေးဆို ကြီးက ကြောက်မက်ဖွယ်ကောင်းလှပေတယ်။ တရားသံဝေ ရသင့်ပေတယ်။

ထိုကဲ့သို့ ဇာတိ ဇရာ ဗျာဓိ မရဏ လေးပါးကို ယှမင် လွှတ်ထားသော နတ်စေတမန် လေးဦးသဖွယ် ဘုရားရှင်ဟော ကြားထားသော ဒေဝဒူတသုတ်လာ သံဝေဂဖြစ်စရာများကို ဦးဇင် ရာဇိန္ဒ စဉ်းစားရင်း စိတ်ထဲတွင် ကြားယောင်နေမိသည်။

မရဏနတ်စေတမန်သည် ဘကြီးဖြိုးအား ခေါ်ယူရ ရောက်ရှိလာသည်။ ဗျာဓိနတ်စေတမန်မှာ သူ့တာဝန်ပြီး၍ ထွက် ခွာသွားသည်။ အိပ်ရာပေါ်တွင် ရောဂါဝေဒနာ ခံစားနေရသော ဘကြီးဖြိုးအား သားဖြစ်သူ ဦးပဥ္စင်းက ကြေကွဲစွာ ကြည့်ရှုရင် တရားသဘောနှင့် ဆင်ခြင်နေမိသည်။ ဘကြီးဖြိုးအား မအိပ်နိုင် မစားနိုင်၊ မသောက်နိုင်သော အခြေအနေသို့ ရောက်ရှိနေသည် ဦးပဥ္စင်းနှင့်တကွ ဘုန်းတော်ကြီးများ၊ တပည့်ဒါယကာများက ပို၍ ဂရုတစိုက် ကုသကြသော်လည်း ထူးခြားသက်သာမှုမျိုး မတွေ့ရပေ။

ဦးပဥ္စင်း၏ တပည့်ဒါယကာများက ဘကြီးဖြိုးအနီးတွင် ပြုစုစောင့်ရှောက်ရင်း ရောဂါအခြေအနေကို သိလို၍မေးကြသည်။

"ဘကြီး...ဒီနေ့ ဘယ့်နှယ်နေသေးလဲ။ ရောဂါက သက် ရဲ့လား၊ နေကောင်းရဲ့လား"

အရှေ့ဘက်ကောင်းကင်



"အင်း...ငါ့အကြောင်း ငါသိနေပါတယ်။ ဘကြီးတို့ရွာ က ကမ်းနားဘန်းလမ်းမှာ ငါ့မြေးနှစ်ကောင်ရှိတယ်။ ငါ့ရွာရောက် ရင် မင်းတို့လည်း ဝင်ကြ၊ ထွက်ကြ၊ လာလည်ကြပေါ့ကွယ်၊ ကြားလား။ အေး...ငါလည်း သိပ်မကြာတော့ပါဘူး။ ငါ့အိမ်ကို ငါပြန်ရတော့မှာ"

ဦးပဥ္စင်း၏ ဒါယကာများက မေးသည်က တခြား၊ ဘကြီးဖြိုးက သူ့စိတ်ထဲ စွဲမိစွဲရာ သူ့အိမ်ကိုသာ တမ်းတသတိရ ပြီး ပြောဆိုလျက်ရှိသည်။ ဦးပဥ္စင်းရာဇိန္ဒကလည်း နှစ်သိမ့်စကား ပြောဆိုရင်း ဆေးများတိုက်သည်။

"ဒါယကာကြီး...မကြာခင် အိမ်ကို ပြန်ပို့ပေးမယ်။ မြေးတွေနဲ့လည်း အတူနေရမယ်။ ရောဂါဝေဒနာ ပျောက်ကင်းဖို့ အရေးကြီးတယ်။ နေထိုင်ကောင်းမှ ဒါယကာကြီးအိမ်ကို ပြန်လို့ ရမှာပေါ့။ ဒါမှလည်း ဒါယကာကြီး သံယောဇဉ်ကြီးတဲ့ မြေးတွေ နဲ့လည်း အတူနေရမှာ။ ဝေဒနာသက်သာသွားအောင် ဒီဆေးလေး သောက်လိုက်ပါ။ ကဲ...ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို သာ အာရုံပြုပြီး သောက်လိုက်ပါ"

ဦးပဥ္စင်းတိုက်သောဆေးကို ဘကြီးဖြိုးယူသောက်သည်။ ဆေးခွက်ကို ပြန်ကမ်းပေးလိုက်ပြီး...

"တပည့်တော် သေရမှာ မကြောက်ပါဘူး ဘုရား။ တကယ်လို့ သေသွားရင်လည်း အရှင်ဘုရားတစ်ယောက်လုံးရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ သေရင်လည်း တပည့်တော် အပါယ်ငရဲမရောက်ပါဘူး။ အိမ်ပဲပြန်ချင်ပါတယ်ဘုရား”

ဘကြီးဖြိုးသည် သူ့အိမ်ပြန်ဖို့အကြောင်းကို တဖွဖွပြော နေသည်။ ပြောနေရင်းမှပင် မောပန်းစွာ အသက်ရှူနေပုံရသည်။ ဦးပဥ္စင်းကလည်း ဖခင်ဖြစ်သူ ခမည်းတော်၏ နောက်ဆုံးအချိန် ဖြစ်နေသည်ကို သိလိုက်ရ၍ စိုးရိမ်သွားသည်။ ဘကြီးဖြိုး နာကြား စေရန် ပရိတ်တော်များကို ရွတ်ဖတ်ပေးလျက်ရှိသည်။

ဝေဒနာများကို မသက်မသာ ခံစားရင်းမှ ဘကြီးဖြိုးနား ထဲ၌ ညောင်ရွက်များလေတိုက်သဖြင့် တရှဲရှဲမြည်သံကို ကြားနေရ သည်။ ကမ်းနဖူးစပ်ရှိ ညောင်ပင်ကြီးအနီးရှိ သူ့အိမ်ကြီးကိုသာ မြင်ယောင်နေမိသည်။

“ငါ့အိမ်ပြန်မယ်”ဟုသာ တဖွဖွပြောဆိုရင်း အသံက တိုးသွားသည်။

မရဏဆိုသည့် သေခြင်းတရားကို လွန်ဆန်၍မရပေ။ အိမ်စွဲလမ်းစိတ်နှင့် ဘကြီးဖြိုးကာ ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

□ □ □

ခင်ထားအိသည် ကလေးနှစ်ယောက်နှင့်အတူ ဦးဇင်း လေးရာဇိန္ဒ သီတင်းသုံးနေထိုင်ရာ ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိလာကြသည်။ ခမည်းတော်ကြီး၏အလောင်းအား ဦးပဥ္စင်း





စီစဉ်မှုအရ လောလောဆယ်ဆယ် သင်္ဂြိုဟ်ခြင်းမပြုရသေးပေ။ ဖခင်ကြီးအား ရည်မှန်း၍ ဘုရားကြီးကျောင်းမှ ဘုန်းတော်ကြီးများ က ဆွမ်းလှူ၊ သပိတ်သွတ်၊ အမျှအတန်းဝေကာ သုံးရက်ခန့်နေ ပြီး ရွာသို့ ပြန်လာခဲ့ကြသည်။

ခရီးသွားနေစဉ်အတွင်း ဈေးဆိုင်နှင့်အိမ်ကို ပိတ်ထားခဲ့ရ ပြီး ကိုထွေးနှင့် မငယ်တို့ လင်မယားအား မှာကြားထားခဲ့ရသည်။ ခင်ထားအိ ပြန်ရောက်လာသဖြင့် ကိုထွေးတို့လင်မယား ရောက် လာကြသည်။

“ကိုထွေး…အစ်မတို့ ခရီးသွားနေတဲ့ ရက်အတွင်း ဒီအိမ်မှာ ဘာတွေများ နောက်ထပ်ဖြစ်သေးလဲ”

“ဘာမှမဖြစ်ပါဘူး။ မခင်ထားအိ မသွားခင်က ကြား လိုက်ရတဲ့ ထွီဆိုတဲ့ တံတွေးထွေးသံလည်း မကြားရတော့ဘူး”

“ဟိုမှာလည်း ခြောက်တာလှန့်တာတွေ မရှိပါဘူး။ အဖေ ဆုံးသွားတာ အေးအေးဆေးဆေးပဲ။ ဟိုနေ့က ထွီဆိုတဲ့ တံတွေး ထွေးသံကြီးနဲ့ ခြောက်တာ တခြားမကောင်းဆိုးဝါး နာနာဘာဝ ထစ္ဆေတွေ ခြောက်တာလား မသိဘူး”

“မခင်ထားအိတို့ သားအမိသုံးယောက်တည်းနေတာဆို တော့ အိမ်မှာက အဖော်ဘယ်သူမှရှိတာ မဟုတ်ဘူး။ ကျွန်တော် တို့လင်မယား စောင့်ပြီး လာအိပ်ပေးပါ့မယ်”

“ကျေးဇူးပါပဲ မောင်ထွေးရယ်။ ခရီးပန်းတာနဲ့ နောက်

www.burmeseclassic.com



နေဆိုင်ထွက်ဖို့ပြင်ရင်းရင်းရနဲ့ အစ်မလည်း တော်တော်လေး ပင်ပန်း
နေပြီ။ ကိုထွေးတို့ အဖော်အဖြစ် လာနေပေးတာ ကျေးဇူးတင်
တယ်''

''ဘယ်ဟုတ်ပါ့မလဲ။ အိမ်နီးနားချင်း ရပ်ဆွေရပ်မျိုးတွေ
ပဲ။ အကြောင်းကိစ္စဖြစ်လာတော့ ကူညီရမှာပေါ့''

ကိုထွေးပြောသည့် စကားသံမဆုံးသေးခင်မှာပင် အိမ်
ဘေး၌ ကာရံထားသော ပျဉ်ထောင်များအား တခေါက်ခေါက်
ခေါက်သွားသည့် အသံများ ဆက်တိုက်ကြားလိုက်ရသည်။

''ဟော...ဘာသံတွေလဲ။ ခေါင်းရင်းဘက်က ကြား
လိုက်ရတယ်''

အားလုံး ထိတ်လန့်သွားကြသည်။ ကလေးနှစ်ယောက်
လည်း ကြောက်ရွံ့နေသည်မှာ နေစရာမရှိတော့။ ခင်ထားအိမ်
မှာပင် တိုးကပ်ပြီး ပုနေကြသည်။

''တစ္ဆေခြောက်တာ ထင်တယ်''

မငယ်က ထိတ်လန့်တကြား ထပြောသည်။

''ခေါက်...ခေါက်...ခေါက်...ခေါက်''

ဒီတစ်ခါ ကြားလိုက်ရသည့်အသံမှာ ခေါင်းရင်းဘက်
မဟုတ်။ ခြေရင်းဘက်က ပျဉ်ထောင်များကို အဆက်မပြတ်
ခေါက်သွားသည့်အသံများကို ကြားလိုက်ရပြန်သည်။ အိမ်သား
များ ကြောက်လန့်နေသည်ကို သဘောကျဟန်တူသော တစ္ဆေ





သည် ဆက်လက်မခြောက်တော့ဘဲ ငြိမ်သွားပြန်သည်။

''ဘာမှ မကြောက်ပါနဲ့။ ကျွန်တော်တစ်ယောက်လုံး ရှိပါ
တယ်။ လာခြောက်နေတဲ့ တစ္ဆေကို ကုပ်ချိုးပစ်မယ်''

ကိုထွေးကား သတ္တိကောင်းသော လူငယ်တစ်ယောက်
ဖြစ်သည်။ တစ္ဆေသရဲများကိုလည်း ယုံကြည်သူမဟုတ်ပေ။ အိမ်
သားများ ကြောက်လန့်ခြင်းမဖြစ်စေရန် အားပေးစကားပြောလိုက်
သည်။ ယောက်ျားသားဆို၍ အားကိုးစရာ အိမ်နီးနားချင်း ကိုထွေး
တစ်ယောက်ရှိနေ၍ တော်ပေသည်။

ထိုစဉ်မှာပင် ကိုထွေးထိုင်နေသော ကြမ်းပြင်အောက်က
အသံကြားလိုက်ရပြန်သည်။

''ခေါက်...ခေါက်...ခေါက်''

ကိုထွေးကိုယ်တိုင် ကြက်သီးမွေးညင်းများ ထလာပြီး
ထတတ်ရပ်လိုက်သည်။ သူထိုင်နေရာအောက်မှ တခေါက်ခေါက်
ခေါက်နေသော ကြမ်းပြင်အား ဖနှောင့်နှင့် ပေါက်ရင်း ပြောလိုက်
သည်။

''ဘယ်က တစ္ဆေသရဲတွေ လာပြီးခြောက်နေတာလဲ။
ငါကိုယ်တိုင်းကြောက်မယ် ထင်လို့လား။ မြင်မြင်ထင်ထင်လာခဲ့
ပါ။ ဓားနဲ့ခုတ်ပစ်မယ်''

ပြောပြောဆိုဆို ကိုထွေးသည် နံရံတွင် ချိတ်ထားသော
ဓားကြီးတောင်ဓားအား ဖြုတ်ယူလိုက်ပြီး ဓားကို ရွမ်းခနဲမြည်



www.burmeseclassic.com

www.burmeseclassic.com



(၅)

ဘကြီးဖြိုး ကွယ်လွန်သွားပြီးနောက် ဘကြီးဖြိုးအိမ်တွင် ညဘက်၌ ပျဉ်ထောင်များကို အဆက်မပြတ် တဒေါက်ဒေါက် ခေါက်သွား ... အိမ်အပေါ်ထပ်မှ ထွီ...ထွီဆိုသည့် တံတွေးထွေးသံမျာ ကြားရခြင်းကြောင့် အိမ်အစွဲအလမ်းကြီးသော ဘကြီးဖြိုး ကိုယ်တိုင် တစ္ဆေဖြစ်ပြီး ခြောက်လှန့်တာဖြစ်မည်ဟု ပြောဆိုလာကြသည်။ ဘကြီးဖြိုးအိမ်မှာ ညဘက်တွင် တစ္ဆေခြောက်သည်ဟု နာမည်ကြီးသွားသလို မယုံကြည်သူများကလည်း ညဘက်၌ ကိုယ်တွေ့ကြုံလို၍ လာရောက်အိပ်စက်ကြသည်။

တစ္ဆေကြီးမှာ ... ခြောက်လှန့်သည်ကို သဘောကျနေပုံရနေသလား မသိပေ။ အိမ်ပ ပတ်လည်ရှိ ပျဉ်များကို အဆက်မပြတ် တဒေါက်ဒေါက်ခေါက်ပြီး ခြောက်လှန့်သည်။ အိမ်အပေါ်ထပ်မှ တထွီထွီနှင့် တံတွေးထွေးသကြီးကိုလည်း ရံဖန်ရံခါ ကြားနေရသည်။ တစ်ရက်လည်းမဟုတ်၊ ညစဉ်ရက်စက် ခြောက်လှန့်နေသောကြောင့် ရက်ကြာ ချိန်တွင် ကလေးများကအစ ကြောက်လန့်ဖွယ်ရာဟု မမြင်တော့ပေ။ ကြားနေကျအသံမျိုးဖြစ်၍ ရိုးသွားကြသည်။

ကိုယ်တွေ့ကြုံလို၍ ညတိုင်းလာစောင့်အိပ်ကြသော လူများမှာလည်း ကြောက်လန့်ဖွယ်ရာအဖြစ် အမှုမထားတော့ဘဲ အလုပ်အကိုင်မပျက်၊ အ အမောမပျက် ပကတိ ဘာမျှမဖြစ်





အောင် ဆွဲဆုတ်လိုက်သည်။ ဓားရိုးအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း အိမ်ရှေ့အမှောင်ထဲသို့ တစ်စုံတစ်ရာ ထူးထူးခြားခြား တွေ့ရမည်လားဟု သေချာရှာဖွေကြည့်လိုက်သည်။

အိမ်အနီးရှိ ဇောဓိညောင်ပင်ကြီးမှ လေတိုးသွားသောကြောင့် ညောင်ရွက်များ တရှဲရှဲမြည်သံကိုသာ ကြားလိုက်ရပြီး အမှောင် ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရပေ။ အတန်ကြာအောင် တိတ်ဆိတ်သွားပြန်သည်။ ထိုအချိန်မှာပင် အိမ်အ ထပ်မှ ...

"ထွီ...ထွီ" ဆိုသည့် တံတွေးထွေး ကို ကြားလိုက်ရပြန်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြရင်း တုန်လှုပ်နေကြသည်။ ထိုညက ခင်ထွေးအိတို့ သားအမိနှင့် ကိုထွေးတို့ သင်မယားမှာ ကောင်းစွာအိပ်စက်ခြင်း မပြုနိုင်။ အိပ်မည်ကြံလိုက်လျှင် အိမ်ပတ်ပတ်လည်ရှိ ပျဉ်ထောင်များကို တဒေါင်ဒေါင်နှင့် အဆက်မပြတ် ခေါက်သွားခြင်း၊ အိမ်အပေါ်ထပ် တထွီထွီနှင့် တံတွေးထွေးသံကြီးကိုသာ ကြားနေရသည်။

မိုးလင်းပိုင်းအချိန်ရောက်မှ အိမ်ပျဉ်များကို ခေါက်သည့်အသံများ၊ တံတွေးထွေးသံကြီးများ မကြားရဘဲ တိတ်ဆိတ်သွားသည်မှာ ဘကြီးဖြိုးကွယ်လွန်သွားပြီးနောက် ထူးခြားစွာ ခြောက် ပါသော အသံများပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သလို နေ့ရဲထိုင်ရဲ ဖြစ်လာကြသည်။

ထိုအခါ ထွီခနဲ အသံကျယ်ကြီးဖြင့် တံတွေးထွေးခြင်း၊ အိမ်ဘေးပျဉ်များ၊ အိမ်ခင်းကြမ်းပြင်များကို တဒေါက်ဒေါက် ခေါက်၍ ခြောက်လှန့်ခြင်းများကို ကလေးများကအစ မကြောက် လန့်ဘဲ ငြိမ်နေသည်ကို တစ္ဆေကြီးက သဘောကျဟန်မတူတော့ပေ။ ယခင်က ညဘက်တွင်သာ ခြောက်လှန့်သံများ ကြားရသည်။ ယခု တစ်မျိုးဖြစ်သွားပြန်သည်။

တစ္ဆေကြီးသည် သူခြောက်လှန့်သည်ကို မကြောက်သော ကလေးနှစ်ယောက်အား နေ့ဘက်တွင် တစ်မျိုးခြောက်လှန့်ခြင်း ပြုလေသည်။ ဝေဖြိုးနှင့် နှင်းနုကို မောင်နှမ နေ့လယ်ဘက် အိပ်နေစဉ်အတွင်း ဆံပင်ကိုဆွဲထားတတ်သည်။ ကလေးများ အော်ဟစ်လိုက်မှ လွှတ်လိုက်သည်။ တစ်ခါတစ်ရံ ဝေဖြိုး၏ခြေထောက်ကို ဆွဲထားသည်။ ဝေဖြိုးက –

“အမေရေ…တစ္ဆေကြီး ကျွန်တော့်ခြေထောက်ကို လာဆွဲနေတယ်။ လုပ်ပါဦး…ဟီး…ဟီး”

အော်ဟစ်ငိုလိုက်သောအသံကြားမှ တစ္ဆေကြီးက လွှတ်လိုက်သည်။ ဝေဖြိုးနှင့် နှင်းနု မောင်နှမမှာ မကြာခဏဆိုသလိုပင် ဆံပင်များ၊ လက်များ၊ ခြေထောက်များကို အဆွဲခံရသည်။ တစ္ဆေကြီးသည် ကလေးများကို ခြောက်လှန့်ခြင်းမဟုတ်။ ချစ်ခင်၍ ကျီစယ်သည့်သဘောမျိုး ဖြစ်နေသည်။ ကလေးများကို တစ်စုံတစ်





ရာ ဘေးဥပဒ်အန္တရာယ် ဖြစ်စေလို၍ လုပ်ဆောင်ခြင်းမဟုတ်ကြောင်း သိသာလှသည်။

လူကြီးများ၏ ဆံပင်၊ လက်၊ ခြေထောက်များကိုတော့ ဆွဲထားခြင်း မလုပ်ပေ။ ဝေဖြိုးနှင့် နှင်းနုမှာ ဘကြီးဖြိုး၏ မြေးများဖြစ်သည်။ မြေးများကိုချစ်သော ဘကြီးဖြိုးသည် တစ္ဆေဖြစ်ပြီး သူ့မြေးများကို ချစ်ခင်စွဲလမ်းသဖြင့် ပျော်ရွှင်စေရန် ကျီစယ်ကစားခြင်းသာ ဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။

နှင်းနုဝတ်ထားသော ဂါဝန်အောက်နားစလေးများကို ဆုပ်၍ ဆွဲလိုက်သည်။ နှင်းနုက ကြောက်လန့်တကြား အော်ငိုလိုက်သည်။ နှင်းနုငိုသံကြားလျှင် ဆွဲထားရာမှ လွှတ်လိုက်သည်။ တစ္ဆေကြီးသဘောကျသွားပုံရသည်။ ကလေးနှစ်ယောက်၏ ဆံပင်၊ လက်၊ ခြေ၊ အဝတ်စများကို ဆွဲရာတွင်လည်း ဆွဲမှန်းကိုသာ သိရသည်။ ဆွဲသည့်အရာကို မမြင်တွေ့ရပေ။ များသောအားဖြင့် အိမ်ကြမ်းပေါက်များကြားမှလည်းကောင်း၊ ခေါင်းရင်းအကာဟနေသော ပျဉ်ပြားများကြားမှလည်းကောင်း ဆွဲတတ်လေသည်။

ဝေဖြိုးနှင့် နှင်းနုမှာ မကြာခဏ အဆွဲခံရသည်။ အဆွဲခံရဖန် များလာသောအခါ မကြောက်တော့ပေ။ ကြောက်၍အော်ခြင်းမဟုတ်ဘဲ တင်းကျပ်နာကျင်သောကြောင့်သာ အော်ဟစ်ကြသည်။ ထိုသို့ခြောက်လှန့်နေသည်ကို ခင်တားအိမ်အနေဖြင့် ကြောက်လန့်ခြင်းမရှိသော်လည်း ကလေးနှစ်ဦးအား အနှောင့်အယှက်ပေး



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ဖြစ်နေသည်။ ခင်ထားအိသည် ကိုထွေးနှင့် တိုင်ပင်ပြီး ပယောဂကုသည့် ဆရာသီးအား ပင့်ဖိတ်ပြီး ကလေးများအား ဆွဲသည့်အန္တရာယ်မှာ တားဆီးပေးရန် ပင့်ဖိတ်လိုက်ကြသည်။

မယောဂကုရာတွင် နာမည်ကြီးသည့် ဆရာသီး ကြွလာသည်။ ဆရာသီးသည် နီညိုရောင် ယောဂီအဝတ်အစားကို ဝတ်ဆင်ထားသည်။ ကြီးမားသော ပုတီးကုံးကြီးနှင့် အနက်ရောင် ပုတီးကြီးကို ပြည်ပင်း၌ ဆွဲထားသည်။ ဖောင်းကားနေသော နီညိုရောင် ဆေးလွယ်အိတ်ကြီးကို လွယ်ပြီး ခင်ထားအိအိမ်ပေါ်သို့ တက်လာသည်။ အပေါ်ထပ်ရှိ ဘုရားခန်းသို့ တက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်…

"ထွီ…ထွီ"

ဆိုသည့် တံတွေးထွေးသံကြီးကို ကျယ်လောင်စွာ ကြားလိုက်သည်။

ဆရာသီးသည် ခက်ထန်တင်းမာသော မျက်နှာထားနှင့် လှေကားခြေရင်းအာ ခုန်းခနဲ ဆောင့်နင်းချလိုက်သည်။

"အင်း…တစ္ဆေကြီး ဂတော့ ပညာပြနေပြီ။ ကောင်းကောင်းနှိမ်နင်းရမယ်။ တွေ့ကြသေးတာပေါ့ကွာ"

ဟု ကြိမ်းမောင်းပြောဆိုရင်း အပေါ်ထပ်ရှိရာသို့ တက်သွားသည်။ ခင်ထားအိ၊ ကိုထွေးတို့လင်မယား၊ အိမ်နီးနားချင်းများကလည်း ပယောဂကုသည့် ဆရာသီးသည် တစ္ဆေကြီးဖြစ်နေ





သော ဘကြီးဖြိုးအား မည်ကဲ့သို့ နှိမ်နင်းမည်ကို သိလို၍ စိတ်ဝင်စားစွာ ကြည့်ရှုရန် နောက်မှ လိုက်ပါလာကြသည်။

"ဟဲ…ဒီလောက်ဆိုးဝါးတဲ့ တစ္ဆေကြီးကို ဒီအိမ်ကနေနှင်ထုတ်ရမှာဆိုတော့ ဒီအတိုင်း နှင်လို့မရဘူး။ ဆိုင်ရာပိုင်ရာအစောင့်အရှောက်များကို ကန်တော့ပွဲကြီး ပွဲပြင်ပင့်ဖိတ်ပြီး နှင်မှရမယ်။ ကိုထွေး …ဆရာမှာထားတဲ့ ပစ္စည်းတွေ စုံတယ်မဟုတ်လား"

ပယောဂကု ဆရာကြီးကိုသီးက ကြိုတင်မှာကြားထားသည့် ပစ္စည်းများ စုံ၊ မစုံ ကိုထွေးအား မေးလိုက်သည်။

"အားလုံး အဆင်သင့် အပြည့်အစုံ ယယ်ခြမ်းထားပါတယ် ဆရာကြီး"

"အေး…ကောင်းတယ်၊ ကောင်းတယ်။ ပွဲပြင်ရအောင်။ ငှက်ပျောသီးသုံးဖီးနဲ့ အုန်းသီးကို ရေစင်စင်ဆေးကွာ။ အုန်းသီးခြွက်မြီးကို မကျိုးစေနဲ့၊ သတိထားပြီးလုပ်ကွယ့်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကိုထွေးက ဆရာကြီးကိုသီး ညွှန်ပြပြောဆိုသည့်အတိုင်း ငှက်ပျောသီးသုံးဖီးနှင့် အုန်းသီးအား ရေစင်စင်ဆေး၍ ကြေးလင်ပန်းထဲတွင် ပြင်ဆင်ပေးလိုက်သည်။ ဆရာကြီးကိုသီးက ခြွက်မြီးအောက် ငှက်ပျောဖီးအလယ်တွင် လက်ဖက်ပွဲ၊ ကျွန်နှစ်ဖီးတွင် ဘွမ်းယာပွဲများကို လက်ျာရစ်ညှပ်စိုက်လိုက်သည်။ ကန်တော့ပွဲ



www.burmeseclassic.com

www.burmeseclassic.com



အား ဘုရားဆင်းတုတော်၏ လက်ဝဲဘက်တွင် တင်ထားလိုက်သည်။

ဖယောင်းတိုင်၊ အမွှေးတိုင်များကို မီးညှိပူဇော် ထွန်းညှိလိုက်သည်။ အမွှေးတိုင်မှ အငွေ့များထွက်လာသောကြောင့် ဘုရားခန်းတစ်ခန်းလုံး အမွှေးတိုင်နံ့များ သင်းပျံ့မွှေးကြိုင်လာသည်။

ဆရာကြီးကိုသီးသည် ဘုရားစင်ရှေ့တွင် ထိခြင်းငါးပါးနှင့် လက်အုပ်ချီလျက် ဘုရားကန်တော့ပြီး ဆိုင်ရာပိုင်ရာများကို ပင့်ဖိတ်ရှိခိုးလိုက်သည်။ ဆရာသီး၏ အပြုအမူများကိုလည်း လူများက ဘာများ ထူးခြားလာမလဲဟု ဂရုတစိုက် စောင့်ကြည့်နေကြသည်။

ဆရာသီးသည် ဘုရားကန်တော့ ပင့်ဖိတ်ပြီးနောက် ပရိသတ်ဘက်သို့ လှည့်ထိုင်လိုက်သည်။ သူ့ရှေ့တွင် သဲများထည့်ထားသော သံပန်းကန်ပြားတစ်ချပ်နှင့် ဆန်များထည့်ထားသော ဆန်ပန်းကန်ပြားတစ်ချပ် ရှိသည်။ ဆရာသီးသည် ဆန်များ၊ သဲများကို ပြန့်ပြူးညီညာလာစေရန် လက်ဖဝါးနှင့် အသာအယာသပ်၍ ညှိလိုက်သည်။ လက်ညှိုးဖြင့် သဲပေါ်၊ ဆန်ပေါ်တွင် 'စမ'များ ရေးလိုက်သည်။

"တစ္ဆေကြီးကို နှင်ထုတ်ဖို့အတွက် ခြံဝင်းကို သဲမန်းပက်ရမယ်။ အိမ်ဝင်းကို ဆန်မန်းပက်ပြီး နှင်ထုတ်ပေးမယ်"

ဆရာကြီးကိုသီး ပြောနေစဉ်မှာပင် ဘုရားမင်ထောင့်နားမှ





ဇင်ရော်မန်မှာ အသက်ကြီးပြီဖြစ်သော်လည်း ကြံ့ခိုင်သန်စွမ်းသူတစ်ဦး ဖြစ်သည်။ တစ္ဆေကြီးနှင့် နပန်းလုံးရပါစေ မကြောက်ရေးချ မကြောက်ဟု အပြောကြီး အကြွားသန် ဆရာကြီးဖြစ်သည်။ ဘကြီးဖြိုးတစ္ဆေကြီးအား သူနိုင်အောင် လုပ်ပြမည်ဟု ဝန်ခံပြောဆိုခဲ့သည်။

အိမ်နီးနားချင်းများကလည်း အောက်လမ်းဆရာကြီးဇင်ရော်မန်က ဘကြီးဖြိုးဟစ္ဆေကို ဘယ်ပုံဘယ်နည်းနှင့် နှင်ထုတ်မည်ကို သိလို၍ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်။ အောက်လမ်းဆရာကြီး ဦးဇင်ရော်မန် တစ္ဆေနှင်ရာတွင်လည်းနေ့ဘက်တွင်မဟုတ်ဘဲ ညဘက်နေဝင်ချိန်တွင် နှင်ထုတ်ခြင်းဖြစ်သည်။

"တစ္ဆေသရဲဆိုတဲ့ နာနာဘာဝဟာ ညဘက်မှထွက်တာ။ ညဘက်မှာ ပိုမြူးတယ်။ ဒါကြောင့်မို့လို့ ညဘက်နှင်ထုတ်မှ အဆုံးထိထိရောက်ရောက် နှင်ထုတ်လို့ရမယ်"

အောက်လမ်းဆရာကြီး ဦးဇင်ရော်မန်သည် စလောင်းဖုံးတွင် ဆေးမှုန့်များထည့်၍ စားပွဲခုံပေါ်တွင် တင်ထားလိုက်သည်။ မှုန့်များကို မီးရှို့လိုက်သောကြောင့် သစ်ရွက်စိုများ မီးရှို့လိုက်သကဲ့သို့ မီးခိုးများ အူထွက်လာပြီး စိမ်းရွှေရွှေရနံ့များ ဖုံးလွှမ်းသွားသည်။

တစ်အိမ်လုံး နွားမီးထည့်သကဲ့သို့ မီးခိုးများ အူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အား ဘုရားဆင်းတုတော်၏ လက်ဝဲဘက်တွင် တင်ထားလိုက်သည်။

ဖယောင်းတိုင်၊ အမွှေးတိုင်များကို မီးညှိပူဇော် ထွန်းညှိလိုက်သည်။ အမွှေးတိုင်မှ အငွေ့များထွက်လာသောကြောင့် ဘုရားခန်းတစ်ခန်းလုံး အမွှေးတိုင်နံ့များ သင်းပျံ့မွှေးကြိုင်လာသည်။

ဆရာကြီးကိုသီးသည် ဘုရားစင်ရှေ့တွင် ထိခြင်းငါးပါးနှင့် လက်အုပ်ချီလျက် ဘုရားကန်တော့ပြီး ဆိုင်ရာပိုင်ရာများကို ပင့်ဖိတ်ရှိခိုးလိုက်သည်။ ဆရာသီး၏ အပြုအမူများကိုလည်း လူများက ဘာများ ထူးခြားလာမလဲဟု ဂရုတစိုက် စောင့်ကြည့်နေကြသည်။

ဆရာသီးသည် ဘုရားကန်တော့ ပင့်ဖိတ်ပြီးနောက် ပရိသတ်ဘက်သို့ လှည့်ထိုင်လိုက်သည်။ သူ့ရှေ့တွင် သဲများထည့်ထားသော သံပန်းကန်ပြားတစ်ချပ်နှင့် ဆန်များထည့်ထားသော ဆန်ပန်းကန်ပြားတစ်ချပ် ရှိသည်။ ဆရာသီးသည် ဆန်များ၊ သဲများကို ပြန့်ပြူးညီညာလာစေရန် လက်ဖဝါးနှင့် အသာအယာသပ်၍ ညှိလိုက်သည်။ လက်ညှိုးဖြင့် သဲပေါ်၊ ဆန်ပေါ်တွင် 'စမ'များ ရေးလိုက်သည်။

"တစ္ဆေကြီးကို နှင်ထုတ်ဖို့အတွက် ခြံဝင်းကို သဲမန်းပက်ရမယ်။ အိမ်ဝင်းကို ဆန်မန်းပက်ပြီး နှင်ထုတ်ပေးမယ်"

ဆရာကြီးကိုသီး ပြောနေစဉ်မှာပင် ဘုရားစင်ထောင့်နားမှ





ဇင်ရော်မန်မှာ အသက်ကြီးပြီဖြစ်သော်လည်း ကြံ့ခိုင်သန်စွမ်းသူတစ်ဦး ဖြစ်သည်။ တစ္ဆေကြီးနှင့် နပန်းလုံးရပါစေ မကြောက်ရေးချ မကြောက်ဟု အပြောကြီး အကြွားသန် ဆရာကြီးဖြစ်သည်။ ဘကြီးဖြိုးတစ္ဆေကြီးအား သူနိုင်အောင် လုပ်ပြမည်ဟု ဝန်ခံပြောဆိုခဲ့သည်။

အိမ်နီးနားချင်းများကလည်း အောက်လမ်းဆရာကြီး ဇင်ရော်မန်က ဘကြီးဖြိုးတစ္ဆေကို ဘယ်ပုံဘယ်နည်းနှင့် နှင်ထုတ်မည်ကို သိလို၍ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်။ အောက်လမ်းဆရာကြီး ဦးဇင်ရော်မန် တစ္ဆေနှင်ရာတွင်လည်း နေ့ဘက်တွင်မဟုတ်ဘဲ ညဘက်နေဝင်ချိန်တွင် နှင်ထုတ်ခြင်း ဖြစ်သည်။

"တစ္ဆေသရဲဆိုတဲ့ နာနာဘာဝဟာ ညဘက်မှထွက်တာ။ ညဘက်မှာ ပိုမြူးတယ်။ ဒါကြောင့်မို့လို့ ညဘက်နှင်ထုတ်မှ ပိုပြီးထိထိရောက်ရောက် နှင်ထုတ်လို့ရမယ်"

အောက်လမ်းဆရာကြီး ဦးဇင်ရော်မန်သည် စလောင်းဖုံးထဲတွင် ဆေးမှုန့်များထည့်၍ စားပွဲခုံပေါ်တွင် တင်ထားလိုက်သည်။ ဆေးမှုန့်များကို မီးရှို့လိုက်သောကြောင့် သစ်ရွက်စိုများ မီးရှို့လိုက်သကဲ့သို့ မီးခိုးများ အူထွက်လာပြီး စိမ်းရွှေရွှေရနံ့များ ဖုံးလွှမ်းသွားသည်။

တစ်အိမ်လုံး နွားမီးထည့်သကဲ့သို့ မီးခိုးများ အူလာသလို



www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာကြီး၏ ပြောဆိုကြိမ်းမောင်း ဆဲဆိုသံများကို ကြားလာရသည်။ ဆရာကြီးဇင်ရော်မန်သည် ကိုးမြို့ရှင်နတ်၊ အိမ်တွင်း မင်းမဟာဂိရိနတ်၊ ဦးရှင်ကြီးနတ်၊ ဘိုးမင်းကျော်နတ်များကို မကြားဖူးမနာသော ဆဲဆိုကြိမ်းမောင်းပေးသည်။ တစ်ညလုံး ဆေးမှုန့်များထည့်လိုက်၊ မီးရှို့လိုက်နှင့် မီးခိုးငွေ့များကို တစ်အိမ်လုံးပျံ့နှံ့အောင် လုပ်ဆောင်လျက်ရှိသည်။ ဆရာကြီး၏ အစွမ်းကြောင့်လား မပြောတတ်ပေ။ ထိုည က အိမ်ရှိပုဉ်များကို ခေါက်ခြင်း၊ အပေါ်ထပ်မှ ထွီဆိုသည့် ဟဲတွေးတွေးသံများကို မကြားရခြင်းမှာ ထူးဆန်းနေပေသည်။ ခင်ထားအိမ်နှင့် လာရောက်ကြည့်ရှုကြသော အိမ်နီးနားချင်းများကလည်း ဘကြီးဖြိုးတစ္ဆေ ခြောက်လှန့်ခြင်းမရှိသောကြောင့် ဆရာကြီးအား အထင်ကြီးလေးစားသွားကြသည်။

ထိုညကက တစ်ညလုံး ခြောက်လှန့်ခြင်းမရှိဘဲ တိတ်ဆိတ်နေပေသည်။

"ဒီဆရာကြီးက တကယ်စွမ်းတာကွ။ ဆေးမှုန့်တွေ မီးရှို့လိုက်တာနဲ့ တစ္ဆေကြီး ထွက်ပြေးသွားပြီထင်တယ်"

ကိုတွေးက ဝမ်းသာအားရနှင့် ပြောလိုက်သည်။

နံနက်မိုးလင်းပိုင်းအချိန်သို့ ရောက်လာသည်။ အောက်လမ်းဆရာကြီး ဦးဇင်ရော်မန်မှာ တစ်ညလုံး မအိပ်ရသောကြောင့် အိပ်ပျော်သွားသည်။ ညဘက်သို့ရောက်လာမှ မနေ့ကကဲ့သို့ပင်





နတ်များကို ဆဲဆိုကြိမ်းမောင်းပြီး ဆေးမှုန့်များကို စတင်လောင်းထည့်ကာ မီးရှို့ပြန်သည်။ လာရောက်ကြည့်ရှုသူများကလည်း ဒီတစ်ချီတော့ တစ္ဆေကြီး ရှုံးပြီးထွက်ပြေးသွားပြီဟု ထင်နေသည်။

ည ၁၂ နာရီခန့်တွင် အိမ်ခေါင်မိုးပေါ်မှ ကျောက်ခဲများ ဆုပ်ပြီး ပစ်ချလိုက်သကဲ့သို့ တဖြန်းဖြန်းအသံများ ဆူညံစွာ ကြားလိုက်ရသည်။ တစ္ဆေကြီးလာပြီဖြစ်သည်။ ယခင်တုန်းက ခြောက်သကဲ့သို့ပင် ထွီခနဲ ဟဲတွေးတွေးသံကြီးများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အိမ်ဘေးမှ ကာရံထားသော ပျဉ်များကိုလည်း အဆက်မပြတ် တဒေါက်ဒေါက်နှင့် ခေါက်လျက်ရှိသည်။ ဝေဖြိုးနှင့် နှင်းနုတို့၏ ဆံပင်၊ ခြေ၊ လက်၊ အဝတ်အစားများကိုလည်း ဆွဲထားပြီး ခြောက်ခြောက်ပြန်သည်။ အောက်လမ်းဆရာကြီးသည် ဆေးမှုန့်များ တစ်မျိုးပြီးတစ်မျိုး ထပ်ထည့်ပြီး မီးရှို့ပြန်သည်။

မန္တန်များကို အဆက်မပြတ် ရွတ်သည်။ နတ်များကို ပက်ပက်စက်စက် ကြိမ်းမောင်းဆဲဆိုသည်။ မည်သို့ပင်လုပ်လုပ် တစ္ဆေကြီးကား ခြောက်မြဲခြောက်သည်။ တစ်စတစ်စ ပို၍ပင်ဆိုးလာသည်။ တစ်ညလုံး ခြောက်နေသောဒဏ်ကို အောက်လမ်းဆရာကြီး ဘယ်လိုမှ နှိမ်နင်း၍မရတော့ပေ။ မိုးလင်းသည်နှင့် မနိုင်မှန်းသိသောကြောင့် လက်လျှော့ကာ ပြန်လည်ထွက်ခွာသွားလေသည်။ ခင်ထားအိမ်မှာလည်း မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရမည်ကို မသိနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုင် အရောင်းအဝယ်လုပ်ငန်းကလည်း ရှိ၍ တခြားအိမ်များသို့ ပြောင်းရွှေ့နေထိုင်ခြင်းလည်း မလုပ်နိုင်။ ကလေးနှစ်ယောက် တာဝန်ကလည်း ရှိသည်။ အိမ်ကြီးကိုလည်း ဖျက်ဆီးမပစ်နိုင်။ ခင်ထားအိမှာ လက်မှိုင်ချ၍သာ နေရသည်။ အိမ်တွင် တစ္ဆေခြောက်လှန့်သောင်းကျန်းနေသည်ကို မောင်ဖြစ်သူ ဦးပဥ္စင်းရာဇိန္ဒထံ အကြောင်းကြားအသိပေးမှ ဖြစ်ပေတော့မည်။

ထိုအချိန်မှာပင် ဦးညိုကြီးလေ့ ဆိုက်ကပ်လာသည်။ ဦးပဥ္စင်းရာဇိန္ဒက ခမည်းတော်ပုံအလောင်းကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်၍ မီးသဂြိုဟ်ရန် စီစဉ်ထားသောကြောင့် မီးသဂြိုဟ်ရက်အမီ ဟသ်ာတသို့ လာရောက်ကြရန် မှာကြားလိုက်သည်။

ထိုခေတ်က သာယာဝတီ ဂဠုန်ထကြွပြီးခါစ အချိန်ဖြစ်၍ အစိုးရက ညပွဲများလုပ်ရန် ခွင့်ပြုခြင်းမရှိကြ၍ နေ့ပွဲများသာ လုပ်ကြရသည်။ ဦးဇင်းရာဇိန္ဒသည် ခမည်းတော်ပျံပွဲကျင်းပရန် စီစဉ်နေပြီဖြစ်သည်။ ခင်ထားအိတို့မိသားစု ဟသ်ာတသို့ ခရီးသွားကြရမည်။ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ကြရသည်။

ထိုနေ့ညက အဝတ်အစားများ ဖွပ်လျှော်ပြီး ညအချိန်ရောက်နေ၍ အိမ်ထဲမှာပင် အဝတ်များလှန်းထားမိသည်။ တစ်နေ့ကုန် ခရီးထွက်ရန်ပြင်ဆင်ရသောကြောင့် ပင်ပန်းပြီး အိပ်ကြသည်။ မအိပ်ခင် မီးခွက်ကို တိုင်၌ ခိုင်စွာချည်နှောင်ထားပြီး စိတ်ချလက်ချ အိပ်ကြရသည်။





တစ္ဆေကြီးသည် အိမ်ထဲတွင် အဝတ်များ တိုးလိုးတွဲလောင်း လှန်းထားသည်ကို ကြိုက်ပုံမရပေ။ မီးခွက်အနီးသို့ တောင်းတစ်လုံးယူဆောင်ပြီး ချထားလိုက်သည်။ အဝတ်တန်းပေါ်တွင် လှန်းထားသော အဝတ်များကို တစ်ခုစီယူဆောင်ပြီး မီးခွက်တွင် မီးရှို၍ တောင်းထဲသို့ ပစ်ထည့်ထားသည်။ လွန်စွာမှ ဆိုးဝါးသော တစ္ဆေကြီးဖြစ်သည်။

အဝတ်များအကုန်လုံး မီးရှို့ပစ်ခြင်းမဟုတ်။ တစ်စွန်းတစ်စသာ မီးရှို့ပြီး တောင်းထဲသို့ ပစ်ထည့်ထားသည်။ ခင်ထားအိအိပ်ရာမှနိုး၍ အဝတ်များ သိမ်းမည်ပြုရာ တန်းပေါ်တွင် အဝတ်များ မရှိတော့ပေ။

မီးခွက်နားရှိ တောင်းထဲတွင် အဝတ်အစားအားလုံးကို တစ်စတစ်စ မီးရှို့ထားသည်ကို တွေ့လိုက်ရ၍ ဝမ်းနည်းသွားမိသည်။ ဒေါသလည်း ဖြစ်သွားသည်။ ကောင်းရာ အဝတ်ကောင်းများ မရှိတော့ပေ။

ခရီးထွက်ရန် ပြင်ဆင်ပြီးဖြစ်၍ မသွား၍လည်းမဖြစ်။ နောက်ဆုံးတွင် ခါးဝတ်ခါးစား အင်္ကျီများနှင့်သာ ခမည်းတော်ပျံသို့ အမီထွက်လာခဲ့ရပေတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



(၆)

ဖခင်ဖြစ်သူ ဘကြီးဖြိုး ခမည်းတော်ပျံကိစ္စများက ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သည်။ ဟသ်ာတရှိ ဘုရားကြီးကျောင်း၌ပင် ခုနစ်ရက်ခန့် ခင်ထားအိတို့ နေထိုင်ခဲ့ကြသည်။

မောင်ဖြစ်သူ ဦးဇင်းရာဇိန္ဒအား အိမ်တွင် တစ္ဆေကြီး ခြောက်လှန့်နေသည့်အကြောင်း အကျိုးအကြောင်း ပြောပြလျှောက်ထားလိုက်သည်။ ဦးဇင်းရာဇိန္ဒမှာလည်း နှမဖြစ်သူပြောစကားကို မယုံကြည်။ ကိုယ်တိုင်ကိုယ်တွေ့ကြုံမှ ယုံကြည်သူဖြစ်သည်။

ထို့ကြောင့် ခင်ထားအိအား…

"နင်တို့ပြောတဲ့ စကားတွေ ငါမယုံဘူး။ ခမည်းတော်ကြီးဟာ ဘယ်လိုလုပ်ပြီး တစ္ဆေဖြစ်ရမှာလဲ။ နင်တို့ပြန်ရင် ငါ တစ်ပါတည်း လိုက်ခဲ့မယ်"

ဦးဇင်းရာဇိန္ဒနှင့်အတူ အဖော်ဖြစ်သူ ရဟန်းငယ်နှစ်ပါးပါ လိုက်ပါလာကြသည်။

ခင်ထားအိတို့ နေထိုင်ရာရွာသို့ ပြန်ရောက်လာကြသည်။ ညမှောင်စအချိန် ရောက်လာသည်။ တစ်အိမ်လုံး တိတ်ဆိတ်လျက်ရှိသည်။ တည်းခိုရာကျောင်းမှ ဦးဇင်းရာဇိန္ဒနှင့် ရဟန်းငယ်များ ကြွလာသဖြင့် အိမ်နီးနားချင်းများ၊ ကိုထွေး၊ မငယ်တို့ လင်မယားတို့ကလည်း ဦးဇင်းအား ကန်တော့ရင်း စကားစမြည် ပြောရန် ရောက်ရှိလာကြသည်။





ဦးဇင်းရာဇိန္ဒက ကွမ်းတမြုံ့မြုံ့ဝါးရင်း ပြောလိုက်သည်။

"ဘယ့်နှယ်လဲ…ဘာသံမှာလည်း မကြားရပါလား။ ဒကာမကြီးတို့ပြောတော့ ထွီဆိုတဲ့ တံတွေးထွေးသံကြီး ကြားရတယ်၊ အိမ်ကပျဉ်တွေကို တခေါက်ခေါက် လျှောက်ခေါက်တယ်၊ ကလေးတွေရဲ့ဆံပင်တွေ၊ လက်တွေ၊ ခြေထောက်တွေ ဆွဲတယ် ဆိုတာ ဘယ်မှာဟုတ်လို့လဲ။ အစကတည်းက ငါပြောသားပဲ။ နင်တို့ အထင်မှားနေတာ ဖြစ်ပါလိမ့်မယ်"

ယုံကြည်မှုမရှိဘဲ ဦးဇင်းမိန့်လိုက်သည်ကို ခင်ထားအိက ပြန်လျှောက်လိုက်သည်။

"နေပါဦးဘုရား၊ အချိန်နည်းနည်းစောနေပါသေးတယ်။ မကြာခင် ကြားရပါလိမ့်မယ်"

ခင်ထားအိ စကားပင် မဆုံးသေးပေ။ ဘကြီးဖြိုးအိပ်သော ခုတင်နားဆီမှ ထွီဆိုသည့် တံတွေးထွေးသံကြီးကို အားလုံး ကြားလိုက်ရသည်။ အတူပါလာသော ရဟန်းများသည်လည်း အသံကြားရာဘက်ဆီသို့ စိတ်ဝင်တစား လှည့်ကြည့်လိုက်ကြသည်။

"ဟုတ်တယ် ဘုရား၊ တံတွေးထွေးတဲ့အသံကြီးကို တပည့်တော်တို့ ကြားလိုက်ရတယ်။ ဒကာမကြီးပြောတာ မှန်တယ်"

ဦးဇင်းရာဇိန္ဒက လက်မခံပေ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး။ တခြားလူတစ်ယောက်ယောက်က တံတွေးထွေးတာရော မဖြစ်နိုင်ဘူးလား။ ကဲ...ကိုထွေးနဲ့ လူငယ် တွေ ဓာတ်မီးယူပြီး အိမ်အပေါ်ထပ် တက်ကြည့်ကြကွာ"

ကိုထွေးနှင့် လူငယ်သုံးယောက်က အပေါ်ထပ်တွင် လှည့်ပတ်၍ ဓာတ်မီးနှင့် ထိုးကြည့်ကြသည်။ ထူးခြားမှုမရှိသောကြောင့်...

"ဘာမှ မတွေ့ပါဘူးဘုရား"

"ဒကာကြီး စိတ်ထဲစွဲလမ်းရာ လျှောက်တွေးပြီး အထင် အမြင်မှားနေပြီထင်တယ်"

"မမှားပါဘူးဘုရား။ အရင်ရက်တွေက ခြောက်တာ ကိုထွေးနဲ့ အိမ်နီးနားချင်းတွေကိုသာ မေးကြည့်ပါဘုရား"

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

ဦးဇင်းထိုင်နေရာ ကြမ်းပြင့်အောက်ကနေ ခေါက်နေပါပြီဘုရား"

"မဟုတ်သေးပါဘူးဟယ်။ ခွေးတစ်ကောင်ကောင် တိုးသွားတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ကိုထွေးတို့ အိမ်အောက်ကို ဓာတ်မီးနဲ့ ထိုးရှာကြည့်စမ်း"

ကိုထွေးနှင့်လူသိုက် အိမ်အောက်ဆင်းပြီး ကြမ်းပြင် အောက်သို့ လက်နှိပ်ဓာတ်မီးများနှင့် ထိုးကြည့်ပြီး ရှာဖွေကြသည်။ ခွေးတစ်ကောင်မျှ မတွေ့ရပေ။





ဦးဇင်းရာဇိန္ဒအား ပြန်လည်လျှောက်ထားကြရပြန်သည်။

"အိမ်အောက်မှာ ခွေးတစ်ကောင်မှ မရှိပါဘူးဘုရား"

"ဟုသာတာကို ပြန်မကြွသေးဘူး။ ဒီအိမ်ကြီးမှာ ဒီလို ဖြစ်နေတာတွေကို ဖြေရှင်းပြီးမှ ပြန်ကြွမယ်။ ခုလောလောဆယ် တော့ ကျောင်းခဏပြန်ကြွရဦးမယ်"

ဦးပဥ္စင်းရာဇိန္ဒနှင့် ရဟန်းငယ်နှစ်ပါးသည် တည်းခိုရာ ဘုန်းကြီးကျောင်းသို့ ပြန်ကြွသွားကြသည်။

□ □ □

(၇)

နောက်တစ်နေ့ ညဦးပိုင်းတွင် ဦးပဥ္စင်းရာဇိန္ဒနှင့် ရဟန်း ငယ်နှစ်ပါးတို့သည် ခပ်စောစောပင် ကြွလာကြသည်။ ဒီတစ်ည တော့ တည်းခိုရာကျောင်းသို့ ပြန်မကြွတော့ဘဲ အပေါ်ထပ်သို့ တက်ရောက်သီတင်းသုံးကြပြီး တစ္ဆေခြောက်သည့် အိမ်ကြီးမှာပင် ညဘက် ကိန်းစက်ကြမည်ဖြစ်သည်။ ဘကြီးဖြိုးတစ္ဆေ ခြောက် သည်ကို ကိုယ်တိုင်ကိုယ်ကျ လေ့လာစူးစမ်းရန် ဆုံးဖြတ် ထားကြသည်။

ညနက်လာသည်နှင့် ထုံးစံအတိုင်း ထွီဆိုသည့် တံတွေး ထွေးသံကြီးကို စတင်ကြားလိုက်ရသည်။ ထို့နောက်တွင် အိမ်ဖျဉ် ကို တဒေါက်ဒေါက်နှင့် ဆူညံစွာ ခေါက်တော့သည်။ အိမ်ပြင်

www.burmeseclassic.com



ထွက်၍ ဓာတ်မီးများနှင့် ရှာဖွေကြည့်သော်လည်း အကောင်အထည် မမြင်ရ။ အသံများကိုသာ ကြားနေရသည်။

ခင်ထားအိတို့ လူစုမှာလည်း အိပ်မပျော်ကြသေးပေ။ ထိုအချိန်တွင် မည်းမည်းအလုံးတစ်လုံးသည် အရှိန်ပြင်းစွာ လေထဲတွင် မြောက်တက်လာပြီး လူအုပ်ကြီးအနီးသို့ ကျလာသည်။

ဘာများဖြစ်တာပါလိမ့်ဆိုပြီး ထိတ်ထိတ်ပျာပျာ လန့်ဖျပ်သွားကြသည်။ ကြမ်းပြင်ပေါ်တွင် အရှိန်နှင့် တခုန်းခုန်း လိမ့်ဆင်းသွားသော မည်းမည်းအရာဝတ္ထုတစ်ခုမှာ အရှိန်တန့်၍ ရပ်သွားသည်။ အနီးသို့သွားပြီး သေချာကောက်ယူကြည့်လိုက်သည်။

မီးဖိုချောင်ထဲမှ ထမင်းအိုးချက်သည့် မြေအိုးဖြစ်နေသည်။ မြေအိုးပစ်ချသောနေရာမှ အခင်းသည် ပျဥ်ပြားဖြစ်သည်။ လေထဲတွင် ပျံဝဲလာသောအရှိန်နှင့် ပစ်ကျသောအသံမှာ ပြင်းထန်လှသည်။

ထူးဆန်းသည်မှာ ထမင်းအိုးတည်သည့် မြေအိုးမှာ လုံးဝကွဲအက်ခြင်းမရှိသည်ကို တအံ့တဩ တွေ့ရှိရသည်။ တစ္ဆေကြီး တန်ခိုးအစွမ်းကား အံ့မခန်းပင် ဖြစ်သည်။

ဦးဇင်းရာဇိန္ဒအနေနှင့် အစတွင်မူ တစ်ဦးတစ်ယောက်ကသာ ခြောက်လှန့်မှုပြုခြင်းဖြစ်ရမည်ဟု ထင်ထားပြီး မယုံသကာဖြစ်ခဲ့သည်။ ယခုမူ သူ့ရှေ့မှာတင် ထမင်းချက်သည့် မြေအိုးနှင့် ပစ်ပေါက်ခြင်းကို မြင်တွေ့သွားသောကြောင့် ယုံကြည်လက်ခံသွားသည်။





"အင်း…ဒီအိမ်မှာ တစ္ဆေခြောက်တာတော့ တကယ်ပဲဖြစ်နေပြီ"

"မှန်လှပါ ဘုရား။ တစ္ဆေမှာ ဘယ်လိုအစွမ်းအစတွေရှိပါသလဲဘုရား။ တန်ခိုးရှိတယ်လို့ ပြောကြတာ ဟုတ်ပါသလား။ အခုတင်ပဲ ထမင်းချက်တဲ့ မြေအိုးက လေထဲမြောက်လာပြီး ကြမ်းပြင်ပေါ်ကျတာ မကွဲပါဘူး။ အလွန်ထူးဆန်းနေပါတယ်ဘုရား"

ကိုထွေးက ဦးဇင်းရာဇိန္ဒအား သူသိလိုသည့်ကိစ္စကို မေးမြန်းလျှောက်ထားလိုက်သည်။

"အင်း…တန်ခိုးအရာ မမီရင် မကြံစည်သင့်ဆိုတဲ့စကားရှိတယ်။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ တန်ခိုးအစွမ်း ၁၀ ပါး ရှိတယ်လို့ ဖော်ပြထားတယ်"

"ဘယ်လို တန်ခိုးတွေပါလဲ ဘုရား"

- အဓိဋ္ဌာနိဒ္ဓိ အရှင်စူဠပန္ထက် မထေရ်မြတ်တွေကို မိမိကိုယ်နဲ့တူစွာ အဓိဋ္ဌာန်ပြုပြီး တစ်ရာတစ်ထောင် မကတဲ့ နိမ္မိတရုပ်ကို ဖန်တင်းတတ်တဲ့ တန်ခိုး
- ဝိကုဗ္ဗနိဒ္ဓိ အရှင်မဟာမောဂ္ဂလာန်ထေရ်တို့လို မိမိကိုယ်ကို စွန့်ပြီး နဂါးရုပ်ဖန်ဆင်းခြင်း တန်ခိုး
- မနောမယိဒ္ဓိ မြတ်စွာဘုရားရှင်ဟာ တာဝတိံသာ နတ်ပြည်၌ နေအခါ အဘိဓမ္မာတရားဟောဖို့ နိမ္မိတဘုရားသဏ္ဌာန်ကို ဖန်ဆင်းနိုင်တဲ့ တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



- ဉာဏဝိပ္ပယုတ်ရှိ၍ ကေန်ရရှိမယ့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အစွမ်းကြောင့် မီးပုံမှာ ဖွားမြင်ရတဲ့ သံကိစ္စ သာမဏေလောင်း၊ ငါးမျိုခံရတဲ့ ဗာကုလမထေရ်လောင်း တို့ရဲ့ မသေမပျောက်တဲ့ တန်ခိုး
- သမာဓိဝိပ္ပာရိဒ္ဓိ သာမာဝတီဝတ္ထုမှာ ရှေးအတိတ်ဘဝ က ပစ္စေကဗုဒ္ဓါအရှင်မြတ်အား နိရောဓသမာပတ် ဝင်စားနေတုန်း မီးတိုက်ရှို့မြိုက်ပေမဲ့ သာမဂိဘော် အစွမ်းကြောင့် သင်္ကန်းတော် ချည်မျှင်တောင် မီး မလောင်တဲ့ တန်ခိုး
- အရိယိဒ္ဓိ ရဟန္တာအရှင်မြတ်ကျွေဟာ နှစ်သက်ဖွယ် ကောင်းတဲ့အရာတွေ၊ ဆင်းရဲဒုက္ခဝေဒနာ၊ ချမ်းသာခံစား မှု သုခဝေဒနာမဖြစ်စေဘဲ အလယ်အလတ် ဥပေက္ခာ ဝေဒနာကို လျစ်လျူရှုနိုင်တဲ့ တန်ခိုး
- ကမ္မဇိဒ္ဓိ နတ်တွေရဲ့ ကောင်းကင်သွားနိုင်ခြင်းတန်ခိုး
- ပုညဝတောဣဒ္ဓိ ဇောတိကသူဌေးရဲ့ ပတ္တမြား ပြာသာဒ်၊ ဇဋိလသူဌေးရဲ့ ရွှေတောင်၊ မေဏ္ဍက သူဌေးရဲ့ ရတနာနဲ့ပြီးတဲ့ ဆင်ရုပ်များခြင်း၊ စကြ ဝတေးမင်းရဲ့ ကောင်းကင်သွားနိုင်တဲ့ စကြာရတနာ ရှိခြင်း တန်ခိုး
- ဝိဇ္ဇာမယိဒ္ဓိ လောကီအတတ်ပညာနဲ့ ဝိဇ္ဇာဓိုရ်ဖြစ်ပြီး





ကောင်းကင်သွားနိုင်တယ်။ ဂန္ဓာရီအတတ်တစ်မျိုးနဲ့ ကောင်းကင်မှာ ဆင်တယ်၊ မြင်းတပ်တွေ ဖန်ဆင်းပြနိုင် တယ်။ သူတစ်ပါးကို ပြုစားသတ်ဖြတ်နိုင်ခြင်းတန်ခိုး
- တတ္ထသတ္တ သမ္မာပယောဂဣဒ္ဓိ လုံ့လဝီရိယ ကြိုး စားအားထုတ်လို့ အမှုကိစ္စပြီးစီးအောင်မြင်ခြင်းဆိုတဲ့ တန်ခိုးတွေ ရှိတာပေါ့။

ဒါကြောင့် တန်ခိုးအစွမ်းကို ကိုယ်တိုင် မရသူတွေက ယုံကြည်နိုင်စရာ အကြောင်းမရှိ။ တွေးလေ ကြံစည်လေ မယုံ ကြည်နိုင်စရာ အဖြစ်မျိုး ရောက်တတ်တယ်။ စိတ်ပင်ပန်းဆင်းရဲ တတ်တယ်။ မြတ်စွာဘုရားက ဣဒ္ဓိဝိသယော အစိန္တေယျာစတဲ့ တရားတော်ကို ဟောကြားခဲ့တာ။ ဆိုလိုတာက တန်ခိုးဣဒ္ဓိပါဒ်ဟာ သူ့လမ်းစဉ်အတိုင်း ကြိုးစားအားထုတ်ရင်း ကိုယ်တိုင် ရကောင်း၊ သိကောင်းတဲ့အရာတွေ ဖြစ်တယ်။ မရကောင်း၊ မသိကောင်း၊ ဖြစ်ကောင်းတဲ့အရာတွေ မဟုတ်ဘူး။ ဒီဋ္ဌကိုယ်တွေ့ရအောင် ကြိုးစားဘဲ ကြံစည်စိတ်ကူးတွေးတောရုံနဲ့ အကျိုးမရှိ၊ အချည်းနှီး စိတ်ပင်ပန်းရုံပဲ ရှိမယ်။ မကြံကောင်း၊ မကြံစည်ထိုက်လို့ ဘုရား ရှင်ကိုယ်တော်မြတ်က ဟောကြားခဲ့တာပေါ့။ နောက်ရက်ကျမှပဲ တစ်မျိုးမျိုးကြံစည်ပြီး နှင်မှရတော့မှာပဲ။ ကဲ...အချိန်မရှိတော့ဘူး။ ခိပ်ကြပေတော့...”

ဦး[illegible]င်းရာဇိန္ဒကဲ အဆုံးသတ်ပြောကြားလိုက်စဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ထွီဆိုသည့် တံတွေးထွေးသံကြီးကို ကြားလိုက်ရပြီး ဝ-ခွဲကြီးမှာ ခြောက်လှန့်နေဆဲ ဖြစ်ပေသည်။

□ □ □

(၈)

တည်းခိုကျောင်းသို့ ပြန်မကြွတော့ဘဲ ခင်ထားအိ အိမ်မှာပင် သီတင်းသုံးလျက်ရှိသည်။ ခင်ထားအိမ်မှာ ဦးဇင်းရာဇိန္ဒ၏ နှမငယ်ဖြစ်သလို ယခုအိမ်ကြီးမှာလည်း သူငယ်စဉ် သာသနာ့ဘောင်မဝင်ခင် ကံထွန်းဟူသော ကလေးဘဝ၌ နေထိုင်ခဲ့ရသော အိမ်ကြီးဖြစ်သည်။ မြစိမ်းရောင် ဥစ္စာစောင့်မလေးထံမှ ရွှေဒင်္ဂါးပြား ရခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရမိသည်။

ဖခင်ဖြစ်သူ ဦးဖြိုးကလည်း သားယောကျ်ားလေးတစ်ဦးသာ ရှိသဖြင့် သူ့အပေါ် လွန်စွာမှ ချစ်ခင်ခဲ့သည်။ ရဟန်းဝတ်နေသည်ကိုလည်း ဦးဖြိုး လွန်စွာမှ သဘောကျဂုဏ်ယူလှရှိသည်။ သူနှင့်အတူ ပါလာသော ရဟန်းများနှင့် တရားဓမ္မအကြောင်းများကို ဆွေးနွေးနေချိန်ဖြစ်သည်။

အချိန်ကား ည ၉ နာရီခွဲခန့် ဖြစ်သည်။ ထူးခြားဆန်းကြယ်မှုတစ်ခုကို ဦးဇင်းရာဇိန္ဒ ကြုံတွေ့လိုက်ရသည်။ လွန်စွာမှ မွှေးကြိုင်သင်းပျံ့သော ရနံ့သည် ဆရာတော်နှင့်တကွ ဦးပဉ္စင်းများ၊ အိမ်သားများပါမကျန် အကုန်လုံး အမွှေးရနံ့ကို သိသိသာသာ





သတိထားမိကြပါသည်။

"ဒီည ဘယ်ထူးပါလား။ ဘယ်က မွှေးရနံ့တွေ သင်းပျံ့သာတာလဲ မသိဘူး"

ဦးဇင်းလေးတစ်ပါးက ထူးဆန်းအံ့သြစွာ မိန့်ကြားလိုက်ရင်း ဟိုဟိုဒီဒီ ငေးမောကြည့်သည်။ ဘာမှလည်း မမြင်တွေ့ရပေ။ ဦးဇင်းရာဇိန္ဒ သီတင်းသုံးနေသော အိမ်အပေါ်ထပ်မှ သုံးတောင်ခန့်ကွာဝေးသည့် အိမ်ခေါင်းရင်းနံရံအမြင့်ဆီမှ လူတစ်ယောက် စကားပြောဆိုနေသကဲ့သို့ လေသံမျှသာ ကြားရသည့် ညင်သာသိမ်မွေ့သော စကားပြောသံ တိုးတိုးလေး ပေါ်ထွက်လာသည်။

ကြားလိုက်ရသော စကားပြောသံမှာ အိမ်ပြင်ကပြောနေသည့် အသံမျိုးမဟုတ်။ အိမ်အတွင်းထဲမှနေ၍ ပြောနေသော စကားပြောသံဖြစ်သည်။ ဦးဇင်းရာဇိန္ဒသည် အသံကြားရာဘက်သို့ မျက်နှာလှည့်၍ ပြန်ပြောလိုက်သည်။

"အခုစကားပြောနေတာ ဘယ်သူလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ"

"အခုစကားပြောနေတာ တပည့်တော်"

"တပည့်တော်မဆိုတာ ဘယ်သူလဲ"

"အရှင်ဘုရားရဲ့ အစ်မကြီးပေါ့"

"ဘယ်လို...ကျုပ်ရဲ့အစ်မကြီး။ ဒါဆိုရင် အစ်မခင်စောရှင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဘုရား"

"ဒါဖြင့် အခု အစ်မကြီး ဘယ်ဘဝရောက်ပြီး ဘာ
ဖြစ်နေလဲ"

"တပည့်တော်မ အခု နတ်သမီးဖြစ်နေပါတယ်ဘုရား"

"အစ်မကြီးက ဘယ်မှာနေရတာလဲ"

"တပည့်တော်မ ဒီအိမ်ကြီးရဲ့ ဗောဓိညောင်ပင်ကြီး
နေပါတယ်"

"မြစ်ကမ်းစပ်က ညောင်ဗောဓိပင်ကြီးမှာ အစ်မကြီးတ
ယောက်တည်း နေရသလား"

"အစ်မကြီးကို အဖေလို စောင့်ရှောက်ထားတဲ့ ရုက္ခစိုး
ကြီးနဲ့ အတူနေရပါတယ်"

"ဒါဖြင့် အစ်မကြီးဟာ ရုက္ခစိုးနတ်ကြီးရဲ့သမီး ဖြစ်
တာပေါ့"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အစ်မကြီး...အခု အိမ်မှာ ခြောက်လှန့်နေတာ ဘယ်
ကို မေးမေး

"အဖေပေါ့ ဘုရား"

"ဒါဖြင့် အဖေက တစ္ဆေကြီးဖြစ်နေတာပေါ့"

"ဟုတ်ပါတယ် ဘုရား"

"တစ္ဆေဖြစ်နေရင် အဲဒီဘဝက အမြန်ဆုံး ကျွတ်လွှ





သွားအောင် ဒီအိမ်ကြီးကနေ ခြောက်လှန့်နေတာတွေလည်း ပျောက်ကွယ်သွားအောင် လုပ်မပေးနိုင်ဘူးလား"

"တပည့်တော်မ လုပ်ကြည့်ပါဦးမယ် ဘုရား။ အရှင်ဘုရားနဲ့ ကြာကြာစကားပြောလို့ မရပါဘူး။ အခုလည်း အဖေ ရုက္ခစိုးနတ်ကြီးမရှိတုန်း တပည့်တော်မ လာရတာပါဘုရား။ အဖေ ရုက္ခစိုးနတ်ကြီးက တခြားထွက်သွားတာမျိုးကို မကြိုက်ပါဘူး။ တပည့်တော်မ ပြန်ပါရစေတော့ဘုရား"

အိမ်ခေါင်းရင်းဘက်ဆီမှ ကြားရသောအသံမှာ တိတ်ဆိတ်သွားသည်။ ထိုညအဖို့ တစ္ဆေကြီးမှာလည်း ငြိမ်ချက်သားကောင်းလှသည်။ ယခင်ညများလို ထွီဆိုသည့် တံတွေးထွေးသံကြီးများ၊ အိမ်နံရံများကို တခေါက်ခေါက် ခေါက်ခြင်းများ မကြားရတော့ပေ။ ထူးခြားသော ညတစ်ညဖြစ်ပေသည်။ ရဟန်းများနှင့် ခင်ထားအိတို့ မိသားစုမှာလည်း အိမ်ရှေ့ရှိညောင်ဗောဓိပင်ကြီးတွင် အစ်မကြီးဖြစ်သူ ခင်စောရှင်မှာ ရုက္ခစိုးနတ်သမီး ဖြစ်နေကြောင်း သိလိုက်ရ၍ အထူးအဆန်း အံ့သြတကြီး ဖြစ်နေကြသည်။

ခင်ထားအိကိုယ်တိုင်မှာလည်း အစ်မကြီး ခင်စောရှင် သက်ရှိထင်ရှားရှိစဉ်က ညစဉ်ညတိုင်း ညောင်ဗောဓိပင်ကြီးရှိ ရုက္ခစိုးနတ်ကွန်းတွင် အမွှေးနံ့သာများ၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့သည်ကို ပြန်လည်အမှတ်ရနေမိသည်။ အစ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ခင်စောရှင် ကွယ်လွန်သွားပြီးနောက် အစ်မကြီးခင်စောရှင် ပြုမူဆောင်ရွက်ခဲ့သည့်အတိုင်း ရုက္ခစိုးနတ်ကြီးအား ဝတ္တရားမပျက် ဆက်လက်ပူဇော်မြဲ ပူဇော်လျက် ရှိသခဲ့သည်။ ဟိုအတွက်ကြောင့်လားမသိ။ အစ်မကြီး ခင်စောရှင်သည် ရုက္ခစိုးနတ်သမီး ဖြစ်ပြီးနောက် မိမိတို့မိသားစုအား ကူညီစောင့်ရှောက်နေသည်လားမသိပေ။

ယခုလည်း ဖခင်ဖြစ်သူ အိမ်ကြီးအား စွဲလမ်းစိတ်နှင့် တစ္ဆေကြီးဖြစ်နေသည်ကို ဖယ်ရှားပေးရန် မောင်ဖြစ်သူ ဦးပဥ္စင်းရာဇိန္ဒ ရောက်နေခိုက် လာရောက်သတိပေးခြင်းဖြစ်သည်ကို ဝမ်းသာလျက်ရှိသည်။ အိမ်ရှေ့ရှိ သြောင်ဖင်ကြီးတွင် ရုက္ခစိုးနတ်ကြီးရှိနေသလို၊ ရုက္ခစိုးနတ်ကြီးက အစ်မကြီး ခင်စောရှင်အား သမီး ရုက္ခစိုးနတ်သမီးအဖြစ် မွေးစားသည်ကို သိလိုက်ရ၍ ထူးဆန်းလှပါတကားဟု တွေးမိသည်။ နတ်ဒေဝတာများသည် လူတွေလိုပင် သားသမီး၊ မိဘရှိမရှိ သိလို၍ ဦးဇင်းဦးရာဇိန္ဒအား လျှောက်ထားမေးမြန်းကြည့်မိသည်။

"အရှင်ဘုရား...နတ်တွေမှာ လူတွေလိုပဲ သားသမီး မိဘတွေ ရှိတာပဲလား ဘုရား"

"ပိဋကတ်တော်တွေမှာ ရေးသားထားဟာ ရှိတယ်။ ဥပပါတ်နတ်တွေမှာ သားသမီးမိဘတွေ ရှိကြတယ်။ ဒါပေမဲ့ လူတွေလို သွေးသားကြောင့် တော်စပ်လာရတဲ့ သားသမီးမိဘမျိုး





မဟုတ်ဘူး။ နတ်သားတစ်ဦးရဲ့ ရင်ခွင်မှာ လာဖြစ်ရင် သားသမီးအဖြစ်အရာ ထားကြတယ်။ အိမ်ရာတိုက်ခန်းတွေမှာ လာဖြစ်ရင် ကြင်ယာတော်အရာ ထားတယ်။ အမှုတော်ထမ်းတဲ့နေရာမှာ လာဖြစ်ရင် အမှုအထမ်းအရာမှာ ထားတယ်"

"တချို့ နတ်သမီးတွေဟာ နတ်သားတစ်ယောက်ရဲ့ ပိုင်ဆိုင်တဲ့ နတ်ဗိမာန်မှာမဖြစ်ဘဲ တသီးတခြား နတ်ဗိမာန်မှာ ဖြစ်ရင် အခြံအရံများနဲ့ တစ်ကိုယ်တည်းနေရတဲ့ နတ်သမီးဖြစ်တယ်။ ပဥ္စသိခ နတ်သားက ချစ်ကြိုက်လို့ စောင်းနဲ့ တေးသီချင်းသီဆိုဖွဲ့နွဲ့ခဲ့ရတဲ့ သူရိယဝစ္စသာနတ်သမီးဟာ တိမ္ဗရုနတ်မင်းကြီးရဲ့ နတ်သမီးတွေဟာ မာရ်နတ်ရဲ့သမီးတော်တွေ ဖြစ်တယ်။ စောစောကပြောတဲ့ အခြွေအရံများနဲ့ တစ်ကိုယ်တည်း နေရတယ်ဆိုတာ လာဇာနတ်သမီးပဲ"

"သိကြားမင်း အလိုရှိတဲ့အခါမှာ ဧရာဝဏ်ဆင်လို့ ခေါ်တဲ့ ဧရာဝဏနတ်သားမျိုးဟာ အမှုထမ်းအစေခံ နတ်သားတွေ ဖြစ်ကြတယ်"

"အင်း...အစ်မကြီး ခင်စောရှင်ဟာ ဖခင်ကြီးကိုလည်း ပြုစုလုပ်ကျွေးခဲ့တယ်။ ငါးပါးသီလလည်း လုံခြုံတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အမြဲဆည်းကပ်ကိုးကွယ်တယ်။ ဘုရားကိုလည်း ဆီမီးပူဇော်၊ ပန်းကပ်၊ သောက်တော်ရေလဲနဲ့ ဝတ္တရားတစ်ခုကို နေ့စဉ်ပြုလုပ်ခဲ့တာကို သွားသတိရတယ်။ ဥပုသ်



www.burmeseclassic.com

www.burmeseclassic.com



နေတိုင်း သီတင်းသီလ အမြဲဆောက်တည်တယ်။ ကုသိုလ်ကောင်းမှုတွေကိုလည်း အမြဲပြုတယ်။ အိမ်ရှေ့ညောင်ဗောဓိပင်ကြီးက ရုက္ခစိုးနတ်ကြီးကိုလည်း အမြဲ ပူဇော်ပသခဲ့တယ်။ သေဆုံးတဲ့ အချိန်တုန်းကလည်း ဝေဒနာကို မခံစားရဘဲ ဘုရားရှိခိုး ဝတ်တက်နေတုန်းမှာပဲ သေဆုံးသွားတော့ အခုလို ရုက္ခစိုးနတ်သမီးဖြစ်သွားတာလား မသိဘူး''

''ဟုတ်တယ်…ဒကာမကြီး။ အစ်မကြီး ခင်စောရှင်ရဲ့ ကုသိုလ်ကံကောင်းမှုက အမြဲမပြတ် နိဗ္ဗာန် အာစိဏ္ဏကံ ကုသိုလ်ကံထူးကြီး ဖြစ်တယ်။ အကျိုးပေးပုံက ရုက္ခစိုးနတ်သမီးထက်မက အထက်နတ်ပြည်များမှာလည်း နတ်သမီးဖြစ်နိုင်တဲ့ ကံစွမ်းရည်ရှိတယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ရုက္ခစိုးနတ်မင်းကြီးနဲ့ ပတ်သက်ပြီး ရုက္ခစိုးနတ်သမီး ဖြစ်လိုတဲ့ဆန္ဒရှိတာကြောင့် ရုက္ခစိုးနတ်သမီး ဖြစ်လာရတာပဲ ဖြစ်လိမ့်မယ်''

ဗိမ္ဗိသာရမင်းကြီးဟာ အရိယာသူတော်ကောင်းကြီးပဲ မဟုတ်လား။ စတုမဟာရာဇ်နတ်မင်းကြီးတွေထက် တန်ခိုးကြီးပါဒ် မြင့်မားတဲ့ အထက်နတ်ပြည်မှာ တန်ခိုးကြီးနတ်တစ်ပါး ဖြစ်နိုင်တာပေါ့။ ဒါပေမဲ့ သေခါနီးမှာ အလိုဆန္ဒပြောင်းလဲတာကြောင့် တန်ခိုးမကြီးတဲ့ စတုမဟာရာဇ်နတ်မင်းကြီးရဲ့ အခြံအရံ 'ဇနဝသဘ'လို့ခေါ်တဲ့ နတ်သားလာဖြစ်ရတယ်။ သေခါနီး စိတ်ဆန္ဒတွေဟာ ဆန်းကြယ်သလို အစွဲအလမ်းတွေဟာ လွန်စွာမှ





ကြောက်ဖို့ကောင်းတာပေါ့ ဒကာကြီးရယ်''

□ □ □

အမွေးရနံ့များ ကြိုင်လှိုင်သင်းပျံ့ထွက်ပေါ်လာပြန်သည်။

နောက်တစ်နေ့ ညများတွင်လည်း အိမ်ခေါင်းရင်းဘက်ဆီမှ အသံတိုးတိုးဖွဖွနှင့် ရုက္ခစိုးနတ်သမီး စကားပြောသံများ ထွက်ပေါ်လာသည်။ ဦးပဥ္စင်းရာဇိန္ဒသည် ကြားမိလိုက်သော အသံများကို ဂရုတစိုက် နားထောင်ရင်း သူသိလိုသည်များကို မေးမြန်းပြောဆိုလိုက်သည်။

''အစ်မကြီး ခင်စောရှင်က ရုက္ခစိုးနတ်ကြီးရဲ့ ရုက္ခစိုးနတ်သမီး ဖြစ်လာတယ်ဆိုတော့ လူတွေလိုပဲ ပဋိသန္ဓေနေရာက နေ သားသမီးဖြစ်လာတာလား''

''လူတွေလို မဟုတ်ပါဘူး။ ရုက္ခစိုးနတ်ကြီးရဲ့အနီးမှာ ကိုယ်ထင်ရှားဖြစ်လာတာပါပဲ။ ရုက္ခစိုးနတ်ကြီးကလည်း သမီးအရာထားပြီး စောင့်ရှောက်နေပါတယ်''

''အစ်မကြီး…ဘုန်းကြီးတစ်ခုပြောချင်တယ်။ အခု ဘုန်းကြီးမှာ ခမည်းတော်ကြီး မကျန်းမာစဉ်က ဖြစ်ရတာနဲ့ ကွယ်လွန်သွားတော့လည်း အတော်ကုန်ကျခဲ့တယ်။ အဲဒါ အစ်မကြီးတတ်နိုင်ရင် ကူညီစေလိုပါတယ်''

ဦးပဥ္စင်းရာဇိန္ဒသည် နတ်များက ရွှေငွေများ ပေးနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ဓလေးနိုင်ကို သိလို၍ မေးကြည့်လိုက်သည်။

“တပည့်တော်မမှာ လူတွေသုံးတဲ့ ရွှေငွေတွေ ဘယ်ရှိပါ့မလဲ။ အရှင်ဘုရားဆန္ဒရှိရာကို မဖြည့်ဆည်းပေးနိုင်ပါဘူးဘုရား”

“ဒါဖြင့်ရင်လည်း မြေတွင်းထဲမှာ မြှုပ်နှံထားတဲ့ ရွှေအိုး၊ ငွေအိုးတွေ ရှိတယ်ဆိုတာ အစ်မကြီးသိမှာပေါ့။ အဲဒီ ရွှေအိုး၊ ငွေအိုးတွေ ဘယ်မှာရှိတယ်ဆိုတာကို ပြောပြလို့ မရဘူးလား”

“မြေတွင်းထဲမှာ ရွှေအိုး၊ ငွေအိုးတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ သူ့အစောင့်အရှောက်နဲ့သူ ရှိနေကြတယ်။ လွတ်ကင်းတဲ့ ရွှေအိုး၊ ငွေအိုးရယ်လို့ မရှိပါဘူး။ တပည့်တော်မ ကြာကြာနေလို့ မရပါဘူးဘုရား။ သွားခွင့်ပြုပါတော့”

ရုက္ခစိုးနတ်သမီး၏ အသံများ ပျောက်ကွယ်သွားသည်။ ဦးဇင်းရာဇိန္ဒသည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သည့် ပရမတ္ထဒီပနီဋီကာကို ပြန်လည်အမှတ်ရမိလိုက်သည်။ မြေတွင်း၌ ရွှေအိုး၊ ငွေအိုးများကို စောင့်ရှောက်သော အစောင့်အရှောက်များမှာ ဥစ္စာစောင့်ဟုခေါ်သည့် ဂန္ဓဗ္ဗနတ်မျိုးများ ဖြစ်ကြသည်။ လူဘဝတွင် လူဖြစ်စဉ်က မိမိတို့မြှုပ်နှံထားသည့် ရွှေအိုး၊ ငွေအိုးများကို စွဲလမ်းနေသည့်အလျောက် ကုသိုလ်ကံအခွင့်သာ၍ နတ်ဘဝဖြစ်သော်လည်း မည်သူ့မျှ ပေးလိုဟန် မရှိသောကြောင့် ဂန္ဓဗ္ဗနတ်တို့သည် ရွှေငွေဥစ္စာတို့ကို စောင့်ရှောက်နေကြရပေသည်။





ရွှေငွေဥစ္စာပင် မဟုတ်ပေ။ အဖိုးထိုက်တန်သော နံ့သာပင် ဆေးပင်များကိုလည်း စောင့်ရှောက်ကြရသည်။ သိင်္ဂီနိုက်ခေါ် သိင်္ဂီရွှေမှာ နတ်တို့သုံးဆောင်နိုင်သော ရွှေမျိုးဖြစ်သည်။ ရုက္ခစိုးနတ်သမီးသည် နတ်ပြည်သုံး သိင်္ဂီရွှေမျိုးသာရှိ၍ နိတုံ့ရွှေ၊ ဇမ္ဗူရာဇ်ရွှေစသော မြေတွင်း၊ ရေတွင်းမှ ဖြစ်ပေါ်လာသည့် လူ့ပြည်သုံးရွှေမျိုး မရှိသဖြင့် ရွှေငွေမပေးနိုင်ကြောင်း ပြောဆိုသွားခြင်းဖြစ်သည်။

□ □ □

ဦးပဥ္ဇင်းရာဇိန္ဒနှင့် ခင်ထားအိတို့မိသားစုမှာ ညဘက်ရောက်လျှင် အိမ်ခေါင်းရင်းဘက်မှ ရုက္ခစိုးနတ်သမီး၏ စကားပြောသံ ကြားရမလားဟူ၍ စောင့်မျှော်ရသည်မှာ အမောဖြစ်သည်။ နေ့စဉ်ရက်ဆက် လာရောက်ပြောဆိုနေသည်တော့ မဟုတ်။ ရုက္ခစိုးနတ်မင်းကြီးမရှိခိုက် အခွင့်အခါသာမှသာ လာရောက်စကားပြောနိုင်ခြင်းရှိသောကြောင့် သုံးလေးရက်ကြာသည်အထိ စောင့်မျှော်နေပါသော်လည်း စကားပြောသံမကြားရဘဲ ပျောက်ကွယ်နေတတ်သည်။

ယနေ့ညလည်း ရုက္ခစိုးနတ်သမီး၏ စကားပြောသံ ကြားရမည်လားဟု မျှော်လင့်တကြီး စောင့်မျှော်နေကြသည်။ စောင့်မျှော်နေကြသည့်အတိုင်း အမွှေးနံ့များက ထူးခြားသိသာစွာ သင်းပျံ့လာသည်။ တစ်အိမ်လုံး ရေမွှေးများ ဖျန်းပက်ထားသကဲ့သို့ အမွှေးနံ့သာများ မွှေးကြိုင်ပျံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ရက္ခစိုးနတ်သမီး လာနေပြီ"

ဟု ဝေဖြိုးနှင့် နှင်းနုတို့ မောင်နှမကလည်း ဝမ်းသာအားရ အော်လိုက်ကြသည်။ ယခင်ကြားနေရသော နေရာဆီမှ ရက္ခစိုးနတ်သမီး ရောက်ရှိလာကြောင်း သိလိုက်ရသည်။ ဦးဇင်းရာဇိန္ဒကပင် စကားပြီး ပြောလိုက်သည်။

"အစ်မကြီး…အစ်မကြီးကို စောင့်မျှော်နေတာ ကြာပြီ။ ကနေ့တော့ တခြားကိစ္စတွေ မပြောတော့ပါဘူး။ ဖခင်ကြီးနဲ့ ပတ်သက်တဲ့ အကြောင်းကိုပဲ မေးချင်ပါတယ်။ တစ္ဆေကြီးဖြစ်နေတဲ့ ဖခင်ကြီးဘဝကို ကျွတ်တန်းဝင်သွားအောင် လုပ်မပေးနိုင်ဘူးလား"

"ဒါကတော့ ကိစ္စမရှိပါဘူးဘုရား။ တစ်နေ့ကျရင် တပည့်တော်မ ဆောင်ရွက်ပေးပါမယ်"

"မဟုတ်သေးဘူးလေ အစ်မကြီး။ အခု တတ်နိုင်ရင် လုပ်ဆောင်ပေးပါ။ အချိန်ဆွဲမနေပါနဲ့"

"သူ့ကို တပည့်တော်မ ခေါ်ပြီးချုပ်ထားတာလည်း ခဏပဲ ရပါတယ်ဘုရား။ လစ်ရင် လစ်သလို ထွက်သွားတတ်ပါတယ်"

"ဒါဖြင့် ဘယ်တော့လောက် တတ်နိုင်ပါမလဲ"

"သင်္ကြန်တွင်းရောက်ရင်တော့ တတ်နိုင်ပါလိမ့်မယ်"

"သင်္ကြန်ကျတော့မှာပဲ။ သင်္ကြန်ကျဖို့ ၁၅ ရက်လောက်လိုသေးတယ်။ အဲဒီအခါကျတော့ အစ်မကြီးက [illegible]လိုလုပ်ပေး





လဲ"

"တပည့်တော်မ သင်္ကြန်မှာ ဥပုသ်ရက်ရှည်စောင့်ရမှာနဲ့ စက်တော်ရာကို သွားရပါတယ်။ အဲဒီကျတော့ သူ့ကိုပါ ခေါ်ဆောင်သွားပြီး စက်တော်ရာမှာပဲ သူ့ကို ထားခဲ့ပါမယ်"

"ဒါဖြင့် အစ်မကြီး စက်တော်ရာကိုသွားတော့ ဘာနဲ့သွားမှာလဲ။ တစ္ဆေကြီးကိုရော ဘယ်လိုခေါ်သွားမှာလဲ"

"ဒါကတော့ အရှင်ဘုရား သိတန်ကောင်းပါတယ်"

"နတ်တို့တန်ခိုးနဲ့ သွားနိုင်မှန်းတော့ သိပါတယ်။ ဒါပေမဲ့ လူတွေလို သွားရသေးသလားလို့ မေးတာပါ။ အစ်မကြီး ဟိုကိုသွားခင် တစ္ဆေကြီးကို နိုင်နင်းအောင် ထိန်းသိမ်းပေးပါ"

"အခုအတောအတွင်းမှာတော့ သူ့ကို ဘယ်လိုမှ ထိန်းထားလို့ မရပါ။ တပည့်တော်မ ပြန်ပါဦးမယ်"

အိမ်ခေါင်းရင်းဘက်ဆီမှ စကားပြောသံ တိတ်ဆိတ်သွားသလို ရက္ခစိုးနတ်သမီး၏အသံလည်း ပျောက်ကွယ်သွားသည်။

ရဟန်းငယ်တစ်ပါးက ဦးဇင်းရာဇိန္ဒအား သူသိလိုသည့်အတွက် မေးလိုက်သည်။

"အရှင်ဘုရား…နတ်တွေဥပုသ်စောင့်တာလည်း တစ်မျိုးပဲဘား။ ကိုယ့်နေရာ ဥပုသ်သီလမယူဘဲ စက်တော်ရာသွားပြီး ခွင့်ပြုတာနဲ့။ နတ်ပေမဲ့ ဘယ်လို ဥပုသ်စောင့်တာမျိုးလဲဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ရက္ခစိုးနတ်သမီးက စက်တော်ရာသွားပြီး ဥပုသ်စောင့်မယ်ဆိုတာ ယုံကြည်လောက်တဲ့အကြောင်းတော့ ရှိပါတယ်။ ဥပုသ်သီလ ဆောက်တည်ရာမှာ ဆိတ်ငြိမ်ရာ တောအုပ်တစ်ခုမှာ ဥပုသ်စောင့်သုံးခဲ့ဖူးတယ်။ ဝိဓူရဇာတ်မှာလည်း သိကြားမင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ လူမင်းတို့ဟာ ကောရဗ္ဗမင်း ဥယျာဉ်လို ဆိတ်ငြိမ်တဲ့နေရာမှာ ဥပုသ်သီလကို စောင့်သုံးကြတယ်။

"ရက္ခစိုးနတ်သမီး စက်တော်ရာသွားရင် တစ္ဆေကြီးကို ခေါ်သွားပြီး ဟိုမှာထားခဲ့မယ်ဆိုတော့ ဒီအိမ်ကြီးမှာ တစ္ဆေကြီး ခြောက်တဲ့ အန္တရာယ်က ပျောက်သွားတော့မှာပဲ"

ခင်ထားအိမ်မှာလည်း ဝေဖြိုးနှင့် နှင်းနုတို့ မောင်နှမ အတွက် ယခုမှပဲ စိတ်အေးရတော့သည်။ တစ္ဆေကြီးမရှိပါမှ မိန်းကလေးများ ဆံပင်ဆွဲ၊ လက်ဆွဲ၊ ခြေထောက်ဆွဲ၊ အဝတ်အစားများ ကို ဆွဲပြီးခြောက်လှန့်ကျီစယ်ခြင်း အမှုများမှ မြန်မြန်လွတ်ကင်း ရမည် ဖြစ်ပေသည်။

သို့သော် ခင်ထားအိမ်မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပေ။ ၁၄ ရက်ခန့်ကြာသောအခါ အိမ်ပေါ်မှ ထွီဆိုသည့် တံတွေးထွေး သံကြီးကို ကြားလိုက်ရသလို အိမ်ဖျဉ်များကို တဒေါက်ဒေါက် ဆူညံစွာခေါက်သွားသည့် အသံများကြောင့် တစ္ဆေကြီးပြန်ရောက် လာမှန်း သိလိုက်ရသည်။

ထိုနေ့ညက ရက္ခစိုးနတ်သမီး၏ စကားပြောသံကို





ကြားလိုက်ရပြန်သည်။

"အစ်မကြီး...စက်တော်ရာသွားမယ်ဆိုတာ ပြန်ရောက် လာပြီလား"

"ပြန်ရောက်လာပါပြီ ဘုရား"

"တစ္ဆေကြီးကို စက်တော်ရာခေါ်သွားမယ်ဆိုတာ ခေါ် သွားဘဲ ဒီမှာပဲ ထားခဲ့ပါသလား"

"မထားခဲ့ပါဘူး ဘုရား။ ခေါ်သွားပါတယ်"

"ဒါဖြင့်လည်း ဘာဖြစ်လို့ ဒီကိုပြန်ရောက်လာကာလဲ။ ရောက်တယ်ဆိုရင်ပဲ ဒီအိမ်ကြီးမှာ ခြောက်တော့တာပါပဲ"

"သူ့ကို စက်တော်ရာခေါ်သွားပြီး အစောင့်တွေနဲ့ ထား ပါတယ်။ အစောင့်တွေ စောင့်ကြပ်ထားတဲ့ ကြားထဲကနေ ဒီကို ရောက်ရောက်အောင် ပြန်လာတာပါပဲဘုရား"

"ဒါဖြင့် သူ့ကို အစ်မကြီးက မတတ်နိုင်တော့ဘူးပေါ့"

"သူ့ကို ချုပ်ထားဖို့ တပည့်တော်မ မတတ်နိုင်တော့ပါ ဘူး။ ဒီအကြောင်းတွေ လျှောက်ထားချင်လို့ အရှင်ဘုရားထံ တပည့်တော်မ လာရခြင်းဖြစ်ပါတယ်။ ဒီတစ်ခါ နောက်ဆုံးလာ ခြင်း ဖြစ်ပါတယ်။ အရှင်ဘုရားအနေနဲ့ အရှင်ဘုရားတည်းခိုတဲ့ ကျောင်းက ကျောင်းထိုင်ဆရာတော်ကြီးနဲ့ တိုင်ပင်ကြည့်ပါဘုရား။ တစ္ဆေကြီးကို နှင်ထုတ်လို့ရမယ့် နည်းလမ်းတွေ ရလာပါလိမ့်မယ်။ တပည့်တော်မကို သွားခွင့်ပြုပါတော့ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ရက္ခစိုးနှတ်သမီးသည် ယခုတစ်ကြိမ်၌ နောက်ဆုံးအကြိမ် အဖြစ် လာရောက်နှုတ်ဆက်ရင်း စကားပြောသံများ ပျောက်ကွယ်သွားလေတော့သည်။

ခင်ထားအိမှာလည်း ကွယ်လွန်သွားသော အစ်မကြီးဖြစ်သူ ခင်စောရင်မှာ ရက္ခစိုးနတ်သမီးဖြစ်လျက် ညဘက်တွင် လာရောက်၍ စကားပြောသံများကြားနေရာမှ အပြီးတိုင် နှုတ်ဆက်ခွဲခွာသွားပြီဆို၍ ကြေကွဲဝမ်းနည်းသွားလေသည်။

ရက္ခစိုးနတ်သမီးဖြစ်နေသည့် အစ်မကြီးအသံကို နောက်နောင်တွင် ကြားမိခြင်းရှိမည် မဟုတ်တော့ပေ။

□ □ □

(၄)

ဦးဇင်းရာဇိန္ဒသည် တည်းခိုရာကျောင်းတိုက်သို့ ပြန်ကြွလာခဲ့သည်။ ကျောင်းထိုင်ဆရာတော်ကြီး ဦးမာဒိဃိန္ဒအား ဝင်ရောက်ဖူးမြော်ကန်တော့ရင်း အဖြစ်အပျက်အကြောင်းစုံကို လျှောက်ထားလိုက်သည်။

ဆရာတော်ကြီးမှာ ဝါတော်သုံးဆယ်ခန့်ရှိပြီး အလွန်တည်ငြိမ်သော ဣန္ဒြေကိုဆောင်လျက် ဂုဏ်တော်ပုတီးကြီးကို အမြဲစိပ်လေ့ရှိသော ဆရာတော်ကြီးဖြစ်သည်။

"ရာဇိန္ဒ လျှောက်ထားတာတွေကို ဘုန်းကြီးစဉ်းစား





ည့်တော့ သာမန်လူတွေအနေနဲ့ ယုံကြည်လက်ခံဖို့ အတော် ဉ်းပေလိမ့်မည်။ နတ်နဲ့စကားပြောရတယ်ဆိုတာ ဖြစ်နိုင်ခဲပါဘိ။ း်ကြီးဖတ်ရှုလေ့လာခဲ့ဖူးတဲ့ ပိဋကတ်တော်ကျမ်းတွေမှာတော့ နှတ် စကားပြောဆိုတဲ့အရာတွေ အများကြီးရှိတယ်"

"တပည့်တော် အကျယ်သိလိုပါတယ်ဘုရား"

"အင်း…သံယုတ်တနိကာယ် စိတ္တသံယုတ် ဘုရားရှင် ာ်ထက်က စိတ္တသူကြွယ် ဖျားနာပြီး သေခါနီးဆဲဆဲမှာ စိတ္တ ကြွယ်ကို ချစ်ခင်ကြည်ညိုကြတဲ့ အိမ်စောင့်နတ်၊ တောစောင့် ရက္ခစိုးနတ်တွေ ရောက်လာကြတယ်။ စိတ္တသူကြွယ်တစ်ဦး ည်းကိုသာ ကြားစေလိုပြီး ပြောတယ်"

"ဘယ်လိုပြောတာလဲ ဘုရား"

"ဒီလို အချင်းသူကြွယ်…သင်ဟာ စကြဝတေးမင်း နိုင်တယ်။ စကြဝတေးမင်းဖြစ်လိုတဲ့ စိတ်ဆန္ဒကိုထား၊ စကြ ားမင်း အမှန်ဖြစ်လိမ့်မယ်လို့ လာပြောတာ။ စိတ္တသူကြွယ်က ည်း စကြဝတေးမင်းဆိုတာ မြဲတဲ့သဘော၊ တည်တဲ့သဘော ား။ စကြဝတေးမင်းဖြစ်ပြီးတဲ့နောက် ဘဝတစ်ပါးကို ပြောင်း ရဦးမယ်။ ပါဠိလို *'တံပိအနိစ္စံ၊ တံပိအဒ္ဓုဝံ၊ တံပိဝတာ ယ်'*ဆိုပြီး အသံထွက် ရွတ်လိုက်တယ်။ အနားမှာရှိနေတဲ့ ွကလည်း နတ်တွေပြောတဲ့စကားကို မကြားရဘဲ စိတ္တ ကြွယ်ပြောလိုက်တာကို ကြားရတော့ သေခါနီးမို့လို့ ကယောင်



www.burmeseclassic.com

www.burmeseclassic.com



ချောက်နှုန်းတွေ ပြောနေတာပဲလို့ ထင်သွားကြ ယ်။ ဒီတော့ အရွေ့စိတ္တသူကြွယ်…သတိထားမှပေါ့။ သတိထားပါဆိုပြီး ပိုင်းသပိပေးကြတယ်။ ဒီတော့ စိတ္တသူကြွယ်က ကျုပ်သတိမလစ်ဘူး။ သေမှာလည်း မကြောက်ဘူး။ နတ်တွေက စကြဝတေးမင်းဖြစ်ဖို့ စိတ်ဆန္ဒထားပါလို့ လာပြောတာကြောင့် ကျုပ်က မလိုချင်ကြောင်း ပြန်ပြောလိုက်တာပါ။ ဒီကော့မှ အနီးကလူတွေက သဘောပေါက်သွားပြီး စိတ္တသူကြွယ်ကို နောက်ဆုံးမိန့်မှာစကားပါလို့ တောင်းဆိုကြတယ်။ စိတ္တသူကြွယ် သေခါနီးမှာကြား ာ…

– မြတ်စွာဘုရားရှင်ကို အရဟံအစရှိတဲ့ ကိုးပါးဂုဏ်တော် ဘုန်မလှုပ် သက်ဝင်ယုံကြည်ကြပါ။

– တရားတော်မြတ်ကို သွာက္ခာတ အစရှိတဲ့ ခြောက်ပါးဂုဏ်တော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ကြပါ။

– သံဃာတော်မြတ်ကို သုပ္ပဋိပန္နော အစရှိတဲ့ ကိုးပါးဂုဏ်တော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ကြပါ။

– ကိုယ်ကျင့်သီလနဲ့ ပြည့်စုံပြီး ကောင်းတဲ့တရား နှလုံးသွင်းသူများကို ပေးကမ်းလှူဒါန်းကြပါဆိုပြီး နောက်ဆုံးစကားပြောသွားခဲ့တယ်။

"မဟာသမယသုတ်-အဋ္ဌကထာမှာ နတ်သမီးနဲ့ စကားပြောရတဲ့ ရဟန်းတစ်ပါးအကြောင်းလည်း ရှိတယ်"





"မိန့်ကြားပါဦး ဘုရား"

"သီဟိုဠ်ကျွန်း၊ ကောဠိမ်ဝတောင်၊ ကုံကော်လိုဏ်ဂူတံခါးအနီးက ကုံကော်ပင်ကြီးမှာ ရုက္ခစိုးနတ်သမီးတစ်ပါး ရှိတယ်။ ကုံကော်လိုဏ်ဂူထဲမှာက ရဟန်းတစ်ပါးရှိတယ်။ ရဟန်းက မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး သုတ်ပြီးဆုံးတော့ သာဓု သုံးကြိမ်ခေါ်သံ ကြားလိုက်ရတယ်။ သာဓုခေါ်တာ ဘယ်သူလဲပေါ့။ အဲဒီမှာ ကုံကော်ပင်ပေါ်က ရုက္ခစိုးနတ်သမီးက သူမသာဓုခေါ်တဲ့အကြောင်း၊ ရဟန်းရွတ်ဆိုရာမှာ ပုဒ်၊ ပါဠိ၊ အက္ခရာချွတ်မယွင်း မှန်ကန်တာကြောင့် သာဓုခေါ်မိကြောင်း ပြောပြတယ်"

"ရဟန်းကလည်း ရုက္ခစိုးနတ်သမီးကို မြတ်စွာဘုရားရှင်ဟောသမယသုတ်တော်ကို ဟောစဉ်က သင်ရုက္ခစိုးနတ်သမီးကိုယ်တိုင် ကြားဖူးသလားလို့ မေးတယ်။ ရုက္ခစိုးနတ်သမီးက ကြားနာရတယ်ပေါ့။ ဘယ်ကနေ ကြားနာနေရတာလဲဆိုတော့ ထမ မဟာဝန်တောကနေ ကြားရတယ်။ နောက် တန်ခိုးကြီးတဲ့ တ်တွေ ရောက်လာတာနဲ့ နောက်ကို တဖြည်းဖြည်းဆုတ်ပြီး ကြားလိုက်တာ သီရိလင်္ကာကျွန်း ဓမ္မကောဋ္ဌပထန၊ အဲဒီကနေ သမုဒ္ဒရာရေပြင်ကနေ ကြားနာရကြောင်း ပြောတယ်။ အဲဒီလောက် းတဲ့နေရာကနေ တရားနာရတော့ ဘုရားရှင်ကို ဖူးမြင်လို့ လား။ ရားသံရော ကြားရရဲ့လား။ ဘယ်လို မိန့်တော်မူလိုက် ဒ်မှ

www.burmeseclassic.com



ပေါ့။ အဲဒီတုန်းက တပည့်တော်မကို ဘုရားရှင်က ကြည့်
သောအနေသလို ထင်ရလို့ သမုဒ္ဒရာရေထဲမှာ ပုန်းတောင်နေရပါသေ
တယ်လို့ ပြောတယ်''

''ရဟန်းက အဲဒီတုန်းက နတ်အပေါင်း ကုဋေတစ်သိ
ရဟန္တာဖြစ်သွားကြတယ်။ သင်နတ်သမီးရော ရဟန္တာမဖြစ်
သလားလို့ မေးတယ်''

''ရဟန္တာမဖြစ်ဘူးပေါ့။ အနာဂါမိ၊ သကဒါဂါမိအဖြ
ရော ရောက်သလားပေါ့။ မရောက်ဘူး။ ဒါဖြင့် သောတာ
တော့ ဖြစ်လောက်တယ်ပေါ့။ ရက္ခစိုးနတ်သမီးက ရဟန်း
အသင့်တာတွေ မမေးပါနဲ့လို့ မာန်မဲလိုက်တယ်။ ဘာဖြစ်လို့
ဆိုတော့ အဲဒီအချိန်မှာ သောတာပန်အဖြစ် ရောက်သူတွေ
ရှာတွေ့နိုင်အောင် များပြားတာကြောင့် ရက္ခစိုးနတ်သမီး
ထုတ်ဖော်ပြောရမှာကို ရှက်တာကိုး။ ဒါကြောင့် မမေးဖို့ ဟန့်တာ
လိုက်တာပေါ့။ ရဟန်းကနေ ရက္ခစိုးနတ်သမီးကို ကိုယ်ထင်ပြ
တော်နိုင်ဘူးလားလို့ မေးကြည့်တယ်''

''တစ်ကိုယ်လုံးတော့ မပြနိုင်ဘူး။ လက်ချောင်းတစ်ဆ
လောက် ပြပါမယ်ဆိုပြီး လက်ချောင်းတစ်ဆစ်လောက်ကို လို
ခေါင်းထဲ သွင်းပြလိုက်တယ်။ ဘယ်လောက်များ စွမ်းသလဲ
တော့ လတစ်ထောင်၊ နေတစ်ထောင် အရောင်လင်းသလို လိုဏ်
ထဲမှာ ထွန်းလင်းတောက်ပသွားတယ်။ ရက္ခစိုးနတ်သမီး





လက်ချောင်းတစ်ဆစ်လောက်ကလေးကို ကိုယ်ထင်ပြပြီး မမေ့
မလျော့သော သတိတရားနဲ့ ပြည့်စုံစွာ နေထိုင်တော်မူပါဘုရား
ဆိုပြီး ရဟန်းတော်ကို ရှိခိုးပြီး ပျောက်သွားတယ်''

''ဒါက ပိဋကတ်တော်လာ ကျမ်းတွေထဲမှာ လူနဲ့နတ်
စကားပြောတဲ့ အထူးပွတ်တွေ ရှိခဲ့ဖူးတော့ ရာဇိန္ဒအင်မကော်
ခင်စောရှင်လည်း ရက္ခစိုးနတ်ကြီးရဲ့သမီး ရက္ခစိုးနတ်သမီးဖြစ်နေ
တယ်ဆိုတာ ယုံကြည်လက်ခံရတော့မှာပဲ မဟုတ်လား''

''တင်ပါ့ဘုရား''

ထိုသို့ ဦးဇင်းရာဇိန္ဒနှင့် ဆရာတော်ကြီးတို့ စကားပြောနေ
စဉ်မှာပင် ကျောင်းတိုက်ပေါ်သို့ ခင်ထားအိသည် ဆဖြိုးနှင့် နှင်းနု
ကလေးနှစ်ယောက်ကို ဆွဲပြီး သုတ်သီးသုတ်ပျာ တက်ရောက်လာ
သည်။

အပြေးအလွှား လာခဲ့ရသောကြောင့် မျက်နှာပေါ်တွင်
ချွေးများစို့နေသည်။ အမူအရာများလည်း ပျာယာခတ်ရှိသည်။ ဆဖြိုး
နှင့် နှင်းနုတို့ မောင်နှမနှစ်ယောက်မှာလည်း မျက်လုံးအပြူးသား
နှင့် မောဟိုက်ကြောက်လန့်နေကြသည်။

ခင်ထားအိကို မြင်တွေ့လိုက်ရ၍ ဦးဇင်းရာဇိန္ဒက စိုးရိမ်
တကြီး မေးလိုက်သည်။

''ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ''

''တင်ပါ့ဘုရား။ အိမ်ကိုအမြန်ဆုံးကြွပြီး လိုက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ တစ္ဆေကြီး သောင်းကျန်းနေလို့။ ဘယ်လို သောင်းကျန်းတာလဲ''

''ဝေဖြိုးနဲ့ နှင်းနုတို့လည်း ကိုယ်တိုင်မြင်လိုက်ရတာပါဘုရား''

''ဟေ…မြင်လိုက်ရတယ်။ ပြောစမ်းပါဦး။ ကဲ…မင်းတို့က ဘယ်မှာရှိနေတာလဲ''

''တပည့်တော်တို့နှစ်ယောက်က အိမ်အောက်ထပ်မှာ ဆေး…နေတာပါဘုရား''

''တစ္ဆေကြီးက ဘယ်ကနေ ရောက်လာတာလဲ''

''အိမ်အပေါ်ထပ်ကနေ ဆင်းလာတာပါဘုရား''

''ထင်ထင်ရှားရှား မြင်တွေ့လိုက်ရလို့လား''

''ထင်ထင်ရှားရှား မမြင်ရပါဘူး။ အရိပ်လိုလို မှုန်ဝါးဝါး မြင်တွေ့ရပါတယ်''

''သူ့အရပ်က ဘယ်လောက်မြင့်လဲ''

''ဘယ်လောက်မြင့်လဲ မပြောတတ်ပါဘူး။ လှေကားက ဆင်းလာပြီး အပေါ်ထပ်နဲ့မလွတ်လို့ သူ့ခန္ဓာကိုယ်ကြီးကို ကုန်းကုန်းကြီးလုပ်ထားပါတယ်''

''သူက အောက်ထပ်ဆင်းလာပြီး ဘာလုပ်တာလဲ''

''တစ္ဆေကြီးလက်ထဲမှာ ဓားကြီးတစ်ချောင်း ကိုင်ထားပြီး မြင်မြင်သမျှ ဓားတွေနဲ့ လျှောက်ခုတ်နေတာပါဘုရား။ တပည့်တော်တို့လည်း ကြောက်တာနဲ့ အမေနဲ့အတူ ဦးပဥ္စင်းဆီ ပြေးလာခဲ့ရတာပါ''





ဦးပဥ္စင်းရာဇိန္ဒက တူလေးနှစ်ယောက်အား ဖြစ်ပုံပျက်ပုံ အကျိုးအကြောင်းအား သေချာစွာ မေးမြန်းကြည့်သည်။ ခင်ထားအိကလည်း ကလေးများပြောသည့်အတိုင်း မှန်ကြောင်း၊ သုံ့ရိုပစ္စည်းများမှာလည်း ဓားနဲ့ခုတ်ထားသဖြင့် ရစရာမရှိအောင် ပျက်စီးသွားကြောင်း ငိုရှိုက်ပြီး လျှောက်ထားလိုက်သည်။

''ဒီလောက် ဆိုးသွမ်းနေတဲ့ တစ္ဆေကို နှိမ်နင်းမှပဲ ဖြစ်တော့မယ်''

ကျောင်းထိုင်ဆရာတော်ကြီး ဦးမာဃိန္ဒက မိန့်ကြားလိုက်ခြင်းဖြစ်သည်။

□ □ □

## (၁၀)

ကျောင်းထိုင်ဆရာတော်ကြီး ဦးမာဃိန္ဒနှင့်အတူ ဦးပဥ္စင်းရာဇိန္ဒ၊ ဟသ်္သာတဘုရားကြီးကျောင်းတိုက်မှ အဖော်လိုက်ပါလာသော ရဟန်းငယ်နှစ်ပါးတို့သည် ခင်ထားအိနှင့်အတူ တစ္ဆေကြီးသောင်းကျန်းနေသော အိမ်ကြီးသို့ လိုက်ပါလာခဲ့ကြသည်။

အိမ်သို့ရောက်လျှင် ခင်ထားအိလျှောက်ထားသည့်အတိုင်း အိမ်ထောင်ပရိဘောဂပစ္စည်းများမှာ ရစရာမရှိအောင် ဓားခုတ်

www.burmeseclassic.com



များနှင့် ပျက်စီးလျက်ရှိသည်ကို မြင်တွေ့ရသည်။ ဆရာတော်ကြီးများနှင့် ရဟန်းများသည် တစ်ညလုံး မကျိန်းစက်ဘဲ ပရိတ်မေတ္တာများ ပို့လွှတ်ရွတ်ဖတ်ကြသည်။ ကျောင်းထိုင်ဆရာကြီး ဦးမာဃိန္ဒ၏ မေတ္တာပို့ ပရိတ်ရွတ်ဖတ်သံများ ကြား၍လားမသိ။ ညစဉ် မခြောက်လှန့်တော့ဘဲ ငြိမ်သက်နေပေသည်။

မနက်မိုးလင်းသည်နှင့် ဆရာတော်ကြီးမှာ ကျောင်းသို့ ပြန်ကြွသွားသည်။ ဦးပဉ္စင်းရာဇိန္ဒနှင့် ရဟန်းနှစ်ပါးသာ ကျန်ရစ်ခဲ့သည်။ ဆရာတော်ကြီး မရှိ၍လားတော့မသိ။ ထိုညက တစ္ဆေကြီး၏ ထွီဆိုသည့် တံတွေးထွေးသံကြီးမှာ အိမ်ကြီးတစ်ခုလုံးတုန်သွားအောင် ပြင်းထန်စွာ ကြားလိုက်ရသည်။

ဦးပဉ္စင်းရာဇိန္ဒနှင့် ရဟန်းနှစ်ပါးမှာ ပရိတ်ရွတ် မေတ္တာပို့သည်။ တစ္ဆေကြီးက မရပေ။ ပိုမို၍ ပြင်းထန်စွာ ခြောက်မြဲခြောက်တော့သည်။ အိမ်ပတ်ပတ်လည်ပျဉ်များကို အဆက်မပြတ် တီးခေါက်နေသည်မှာလည်း ပျဉ်များ ကွာကျတော့မည့်အလား တဝုန်းဝုန်း လှုပ်ခါလျက်ရှိသည်။ မိုးလင်းချိန်ရောက်သော် တစ္ဆေကြီးကား မောပန်းသည်လားမသိ။ ခြောက်လှန့်ခြင်းမပြုတော့ပေ။

ဦးပဉ္စင်းရာဇိန္ဒနှင့် ရဟန်းနှစ်ပါးတို့မှာလည်း တစ်ညလုံး မကျိန်းစက်ရသောကြောင့် ပင်ပန်းလှပြီဖြစ်သည်။ သူတို့ ပရိတ်ရွတ်၊ မေတ္တာပို့သည်ကို တစ္ဆေကြီးက မကြောက်သည့်အပြင် ပို၍ပင် ဆိုးဝါးစွာ သောင်းကျန်းပြခဲ့သည်။ တစ္ဆေကြီးကြောက်





သည်မှာ ကျောင်းထိုင်ဆရာတော်ကြီး ဦးမာဃိန္ဒပင် ဖြစ်လိမ့်မည်။ ထို့ကြောင့် ဆရာတော်ကြီးအား ကြိုတင်ပင့်ဖိတ်ပြီး ညဘက်တွင် ပြင်ဆင်ထားကြသည်။

ဆရာတော်ကြီးကလည်း ရဟန်းများကို တိုင်ပင်သည်။

ဒီဃနိကာယ် ပါထေယျဝဂ္ဂသုတ် ပါဠိတော်လာ အာဋာနာဋိယသုတ် ပရိတ်ရှည်ကြီးကို ရွတ်ဖတ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။ ဆရာတော်ကြီးများအနေဖြင့် အာဋာနာဋိယသုတ် ပရိတ်တော်ကို ဦးစွာမရွတ်ဖတ်ခြင်းသည် အကြောင်းရှိပေသည်။

တစ္ဆေ၊ သရဲ၊ မြေဖုတ်ဘီလူး စသော နတ်ဆိုးနတ်ဝါးတို့၏ အန္တရာယ်နှင့် တွေ့ကြုံခံစားနေရလျှင် ဘာခြားသော ပရိတ်ဖြင့်လည်းကောင်း မေတ္တာပို့ခြင်းဖြင့် ဘာစ်နည်းနည်းနှင့် ပျောက်ငြိမ်းအောင် ပြုလုပ်ကြရသည်။ ထိုသို့ ပြုလုပ်သော်လည်း အန္တရာယ်ပြုခြင်းသည် ရပ်တန့်မသွားဘဲ ဆက်လက်ပြီး ပိုဆိုးစွာ အန္တရာယ်ပြုလာပါက နောက်ဆုံးအဆင့် အသုံးပြုရမည့် လက်နက်ဆန်း လက်နက်ကြီးပင် ဖြစ်သည်။

ဆရာတော်ကြီး မိန့်ကြားချက်အရ အာဋာနာဋိယသုတ် ပရိတ်တော်ကို ဒီညအဖို့ ရွတ်ဖတ်ရန် ဆုံးဖြတ်လိုက်ကြသည်။ အဋ္ဌကထာတွင် ပါရှိသည့်အတိုင်း ပရိတ်တော်၏ အစီအရင်မှာ

- မေတ္တသုတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ်များကို ခုနစ်ရက် ခန့်ကတည်းက ကြိုတင်၍ ရွတ်ဖတ်သရဇ္ဈာယ်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



- ပစ္စည်းလောဘ်လာဘ မရှိမှုကို မင့်ရခြင်း
- မှန်ကန်စွာ ရွတ်ဖတ်သရဇ္ဈာယ်နိုင်ရန် အာဋ္ဌာနာဋိယသုတ် ပါဠိတော်များ၏ ပုဒ်၊ ပါဌ်၊ အက္ခရာများကို သုတ်သင်၍ လေ့လာထားရခြင်း
- အမဲသားနှင့် မုံညက်ဖြင့်လုပ်သည့် မုန့်မျိုးစုံကို မစားမသောက်ရခြင်း
- သုသာန်၌ နေထိုင်သွားလာခြင်းကို ရှောင်ကြဉ်ရခြင်း
- ပရိတ်တော်ရွတ်ဖတ်မည့်နေရာကို စင်ကြယ်သော အဝတ်အစားတို့ ခင်းကျင်းထားရခြင်း
- လူတို့အား သီလခံယူ ဆောက်တည်စေခြင်း
- မေတ္တာတရား ရှေ့ထားရခြင်း
- အနက်အဓိပ္ပာယ်ထင်၍ ပုဒ်၊ ပါဌ်၊ အက္ခရာ မှန်ကန် ပီသစွာ ရွတ်ဖတ်တတ်ရခြင်း

ဆိုသည့် အစီအရင်များ ရှိပေသည်။ ဆရာတော်ကြီး တစ်ပါး၊ ဦးပဥ္စင်းငယ် လေးပါး၊ သံဃာတော်တို့သည် ရတနသုတ်၊ မေတ္တသုတ် စသော ပရိတ်တော်များနှင့်တကွ အာဋ္ဌာနာဋိယသုတ်ရှည် ပရိတ်တော်ကြီးကို ဖြိုင်တူရွတ်ဖတ်တော်မူကြသည်။

ည ၆ နာရီခန့်ကစပြီး ရွတ်ဖတ်ကြရာ ၇ နာရီကျော်တွင် ပြီးဆုံးသွားတော့သည်။ ထိုနေ့မှစ၍ ဘကြီးဖြိုး တစ္ဆေကြီးကား ခြောက်လှန့်ခြင်း မရှိ။ ပရိတ်တော်တန်ခိုးအစွမ်းဖြင့် အန္တရာယ်





ကင်းလျက် အေးချမ်းသာယာစွာ နေထိုင်နိုင်ကြပြီဖြစ်သည်။

ထူးခြားသည်မှာ အိမ်အပေါ်ထပ်တွင်ရှိသော ဘကြီးဖြိုးရှိစဉ်က အိပ်စက်သည့် ခုတင်ဟောင်းကြီးမှာ သူ့အလိုအလျောက် ကျိုးပဲ့ပျက်စီးသွားသည်ကို တွေ့ရှိလိုက်ကြသည်။ ခင်ထားအိသည် အိမ်ရှေ့ရှိ ညောင်ဗောဓိပင်ကြီးဆီသို့ အမှတ်မထင် လှမ်းကြည့်လိုက်မိသည်။ ညောင်ဗောဓိပင်ကြီး၏ ပင်စည်တွင် အစ်မကြီးခင်စောရှင် ပြုလုပ်ထားသော ရုက္ခစိုးကျောင်းဆောင် ရှိသည်။

ညမှောင်၍ နေဝင်လာချိန်တွင် ခင်ထားအိသည် ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်များ ထွန်းညှိပူဇော်မြဲဖြစ်သည်။ ယခုလို မနက်စောစောစီးစီးတွင် ထွန်းညှိပူဇော်လေ့ မရှိပေ။

သို့သော် ညောင်ဗောဓိပင်ကြီး၏ အောက်ခြေရှိ ရုက္ခစိုးကျောင်းဆောင်ထဲတွင် ဆီမီးများ ထွန်းညှိပူဇော်ထားသကဲ့သို့ အလင်းရောင်များ တောက်ပလျက်ရှိပြီး အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်းမရှိပါဘဲနှင့် သင်းပျံ့သော မွှေးရနံ့များ တလှုလှုလွင့်ပျံထွက်ပေါ်လာသည်ကို ထူးဆန်းစွာ မြင်တွေ့လိုက်ရပေတော့သည်။

*စာဖတ်သူများအားလုံး . . .*

*ဥုံ သျှန်တီ သျှန်တီ သျှန်တီ။*

*(Om Shanti, Shanti, Shanti)*

*အောင်မြင်ပါစေသတည်း။*

နန်းကြော့သျှင်



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းတဲ့ အကျွတ်အလွတ်ပွဲ

ကျော်မင်းနိုင်

(တစ်)

မိုးမြင့်တို့၏ ပွဲထောင်ကလေးသည် ငရုပ်ကောင်းချောင်းရိုးအတိုင်းပင် ဂိတ်ဝမှနေ၍ ဆန်တက်လာခဲ့သည်။

ချောင်းရေက ရေစီးကြမ်းလှသည်။ မြင်းကောင်ရေ ငါးကောင်အားရှိသော မာစီဒီအင်ဂျင်အားကောင်းလှသဖြင့် ရေဆန်





ကို တရိပ်ရိပ်တိုးဝင်လာနိုင်ခဲ့သည်။ ဒါက ချောင်းဝမှ အတွင်းသို့ ဝင်လာချိန်သာ ဖြစ်၏။

ဘေးတစ်ဖက်တစ်ချက်မျှ ရခိုင်ရိုးမကြီးမှ ဆင်းကျလာသော နဂါးရစ်တောင်တန်းကြီးလည်း မြောက်ဘက်မှ တောင်ဘက်သို့ ခပ်ပြေပြေနိမ့်ဆင်းလာသော်လည်း ငရုပ်ကောင်းချောင်းရိုး တစ်ဖက်တစ်ချက်မှာမူ ချောက်ကမ်းပါးများ မြင့်မားလျက်ရှိသလို တောကြီးကလည်း နက်နက်ရှိုင်းရှိုင်း ပိတ်မှောင်လျက်ရှိလေ၏။

တောင်ကျချောင်းဖြစ်၍ အပြန့်ကျယ်သည့်နေရာ ကျယ်ပြီး၊ ချောင်းပေါက်ကျဉ်းသည့်နေရာ ကျဉ်းသည်။

အပြန့်ကျယ်သည့် နေရာမှာ အခြားတစ်ဖက်မှ တောင်ကျချောင်းငယ်များနှင့် ဆုံသောနေရာများဖြစ်ပြီး သဲသောင်ပြင်ကျယ်များ ရှိနေတတ်၏။ ထိုသို့သော နေရာမျိုးမှာ မိုးတွင်းအခါမျိုးတိုင်း မျောပါလာတတ်သော သစ်ဆွေးမြစ်ငုတ်များ ရေထဲငုပ်နေတတ်၍ ပွဲထောင်ကို သတိထားမောင်းနေရသည်။

ချောင်းကျဉ်းနေရာများမှ ရေစီးကား သန်လွန်းသဖြင့် ... ကိုရှိန်မြှင့်တင်၍ တိုးဝင်နေရပြန်၏။

သောင်ပြင်ပေါ်မှာ တက်၍အိပ်နေသော မိကျောင်းကြီးများကိုလည်း တွေ့ရတတ်သည်။

မိကျောင်းကြီးတွေ တစ်ကောင်တလေ မဟုတ်။ မကြာ ... မြင်နေရသဖြင့် အသည်းယားစရာ ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ထိုနေရာ ထိုအရပ်သည် လူသူအရောက် အပေါက်နည်းသဖြင့် မိကျောင်းတွေ စားကျက်ချ၊ စတည်းချရာ နေရာ ချောင်းရိုးဖြစ်၏။ ထိုနယ်တစ်ဝိုက်မှာ နာမည်ကြီးသည်။

အနောက်ဘက်အရပ်မှာ ဘင်္ဂလားပင်လယ်အော် ထွက်ပေါက်အကြမ်း ငရုပ်ကောင်းချောင်းဝက မြစ်ပေါက်ဝလို အဆုံးသတ်လေသည်။ ပင်လယ်ရေငန်နှင့် တောင်ကျချောင်းရေချိုတို့ စပ်နေသဖြင့် ရေချိုရေငန် မိကျောင်းတွေ ဖြစ်သည်။ ခေါင်းရှည်ကောင်တွေမို့ အကောင်လည်း ကြီးလှသည်။

မျိုးမြင့်က စစ်သားလူထွက်မို့ လက်ထဲမှာကိုင်ထားသော သေနတ်နှင့် လှမ်းပစ်ချင်စိတ်တွေ တဖွားဖွားပေါ်နေ၏။

"ပစ်ထည့်လိုက်ရရင်တော့ကွာ"

"ဟာ့ကောင်လေးရ…စိတ်ထိန်းမှပေါ့။ ခုတို့လာတာ ရည်ရွယ်ချက်က တစ်မျိုးလေ။ စိတ်ကိုထိန်းမှပေါ့ကွယ်"

ပဲ့ထောင်ဦးမှာ ကွမ်းတမြုံ့မြုံ့နှင့် လိုက်လာသော အဘဆရာကြီးဖိုးသာအောင်က မျိုးမြင့်၏ အတွင်းစိတ်ကို ဖောက်ထွင်းမြင်နေရသလို လှမ်းပြောခြင်း ဖြစ်၏။

"ဒီကောင်က မိကျောင်းပစ်စားနေတဲ့ကောင်ဆိုတော့ မိကျောင်းတွေမြင်ရင် မနေနိုင်ဘူးနဲ့တူတယ်"

ထပ်ဆင့်စကား ပြောလိုက်သူမှာ မျိုးမြင့် ငယ်သူငယ်ချင်း ပြုံးချိုဖြစ်၏။ သို့သော် လူချင်းအနေဝေးပြီး မျိုးမြင့်၏ အတွင်း





သဘောကို ပြုံးချိုသိနေခြင်းမှာ ထူးခြားလှ၏။

တစ်ရွာတည်းသား လူရင်းတွေပင် ဖြစ်သော်လည်း ဂျူချင်းမဆုံကြရဘဲ စစ်ပြန်ကြီး မျိုးမြင့်၏ အတွင်းသဘောကို အကဲခတ်နိုင်ခြင်းကလည်း ဆန်းပြားလှ၏။

ပဲ့ထောင်ပိုင်ရှင်မှာ မျိုးမြင့်။

မျိုးမြင့်သည် နဂါးရစ်တောင်ကြောမှာ တောတောင်ကိုမှီပြီး မုဆိုးတစ်ပိုင်းဘဝနှင့် အသားအမဲ့ဝမ်းကျောင်း ပြုနေသူဖြစ်၏။

ဝမ်းကျောင်းရုံသာမဟုတ်။ စီးပွားဖြစ် လောဘအောတက်ပြီး ရှောင်နိုလမ်းကြောင်းထဲသို့ တစ်စတစ်စ တိုးဝင်နေသူ။ တောတောင်တူတုပ်ရာဖြစ်၍ ဆင်ရိုင်းပေါလှသည်။ တောထဲမှာ အလေ့ကျ တိုးမွှားရာအရပ်။ ထို့ကြောင့် သေနတ်တစ်လက်ဖြင့် ဘိရွှာန် မှောင်နိုလုပ်ငန်းမျိုးစုံကို မျိုးမြင့်လုပ်ကိုင်စားသောက်သည်။

နဂါးရစ်တောင်စွယ် တောင်နာမောင်းသည် ရခိုင်ရိုးမဘက်ဖြစ်သည်။ ရောဂတီတိုင်း၏ ဘင်္ဂလားပင်လယ်ကမ်းခြေဘက် ရောက်ရောက်သွား၍ ရေကောင်၊ ကုန်းကောင် မျိုးစုံကျက်စားရာ နေရာ။

သစ်ကောအုပ်ချုပ်ရေးအောက်တွင် ရှိသော်လည်း သစ်တောဌာနမှ အရောက်အပေါက် နည်းပါးလှသည်။

မျိုးမြင့်တို့ 'ကုလားအော်' ရွာသည် ပေ ၁၃၂၅ ပေခန့် အမြင့်ရှိသော ဝါးဖြူတောင်ကြီးဖြစ်၍ တောင်ခြေ ငရုပ်ကောင်း

---



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဝမှာရှိ၍ မျိုးမြင့်အဖို့ လုပ်ငန်းကိုင်ငန်း သာလှ၏။

မျိုးမြင့်သည် ငယ်စဉ်က စစ်ထဲဝင်သည်။

တပ်မတော်အတွင်း အမှုထမ်းခဲ့ပြီးနောက် သူမွေးရပ်မြေ ကုလားအော်ရွာသို့ ပြန်လာကာ စစ်ပြန်ကြီးအမည်ခံပြီး မုဆိုးအလုပ် နှင့် အသက်မွေးနေတော့သည်။ ရေသတ္တဝါ မိကျောင်းရေခွံကို ဘာရောင်းသည်။ အကောင်လိုက်ကို အရှင်လိုချင်လျှင် အရှင်ဖမ်း၍ ရောင်းသည်။

စစ်ပြန်မုဆိုးကြီး မျိုးမြင့်တို့ရွာ အင်္ဂလားပင်လယ်အော် အစပ်ကို မေးတင်ထားသဖြင့် မသမာသူ နိုင်ငံခြားသား မှောင်ခို စက်လှေတွေ အဝင်အထွက်ရှိသည်။

မိကျောင်းအရှင်တွေ ဝယ်မည့်သူ သူ့အတွက် ဖောက် သည်တွေရှိ၏။

ဒါကလည်း မြန်မာ့ရေပြင်တွင် မှောင်ခိုငါးဖမ်းလှေတွေ နှင့် လုပ်ကိုင်စားသောက်နေသော တိုင်းတစ်ပါးသား မှောင်ခိုတွေ နှင့် အဆက်အသွယ်လုပ်ထားခြင်းကြောင့် မျိုးမြင့်အဖို့ ဈေးကွက် မရှားခဲ့။

ပြီးတော့ ကုန်းသတ္တဝါအနေနှင့် ဆင်စွယ်တွေ ရနိုင်သမျှ သူကစုသည်။ ဆင်စွယ်စုစခန်းကို တောထဲမှာထားသည်။ တောထဲ ဆို၍ သေချာစွာဆောက်ပြီး ထားခြင်းတော့မဟုတ်။

တောင်ကမ်းပါးယံ၌ ဂူပေါက်ကြီးတွေဖြစ်နေသော လိုဏ်





ဂူကြီးများကို ရှာသည်။ သူ့အမှတ်အသားနှင့်သူ ဆင်စွယ်စုထား ခြင်းဖြစ်၏။

သူ၏ ဖောက်သည်များသည် များသောအားဖြင့် တရုတ် မှောင်ခိုကုန်သည်များ ဖြစ်၏။

မိကျောင်းအရေခွံဆိုလျှင်လည်း မျိုးမြင့် သယ်ယူ၏။ တပည့်လက်သားများနှင့် ထိုသို့ပင် စုဆောင်းတတ်သည်။

တိုင်မော်တရုတ်နှင့် ယိုးဒယားငါးဖမ်းလှေများသည် ကမ်း ဝေးငါးဖမ်းလုပ်ကွက်ရအောင် မြန်မာအစိုးရထံတွင် တရားဝင် လျှောက်ထားပြီး မြန်မာ့ပင်လယ်ပြင်တွင် ငါးအကြီးအကျယ်ဖမ်း ကြသလို တစ်ဖက်ကလည်း ထိုသို့ နီးစပ်ရာ၊ အဆင်ပြေရာ မှောင်ခိုလုပ်ငန်းတွေကို စီးပွားဖြစ် လုပ်ကိုင်ကြသည်။

သယံဇာတ ထွက်ကုန်ပေါများလှသော မြန်မာ့တော တောင် ရေမြေအနှံ့ တရုတ်တို့သည် ကုန်းပေါ်တွင်လည်း ကုန်းပေါ်၊ ကုန်းတွင်းပိုင်းတွင်ဆိုလျှင်လည်း ကုန်းတွင်းပိုင်း အဖိုးတန်ကျွန်း သစ်များကအစ တွင်ကျယ်၍ လုပ်ပိုင်ခွင့်ရှိသော လူများနှင့်ပေါင်း ၍ နည်းအမျိုးမျိုး မှောင်ခိုရော၊ တရားဝင်ပါ လုပ်ကိုင်စားသောက် နိုင်သလို ကမ်းနီးငါးဖမ်းစက်လှေတစ်စင်းလည်း ထောင်ထား နိုင်ခဲ့ပြီ။

သို့သော် သူ့မှာ စီးပွားရေးလောဘဇောက အတောမသတ် နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းရိုးတန်းတစ်လျှောက် ကုန်စည်ကူးသန်းရန် စက်လှေပိုင်ရှင်ကြီး ဖြစ်လိုလှသည်။

ယင်းကြောင့်ပင် စီးပွားရေးလုပ်ငန်းမှန်သမျှ အလျှင်းသင့်သလို လုပ်ကိုင်နေသူဖြစ်၏။

မျိုးမြင့်အဖို့ ထိုအချိန်အခါကျမှ သက်ဆိုင်ရာတွေက ဖိစီးစိုး ကိုင်တွယ်ချိန်မျိုးနှင့် ကြုံကြိုက်လာသည်။ မြမ်တစ်ရှသစ်ကောကြီးနယ်မြေ ဖြစ်၏။

မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့ဘက်နယ်စပ်တွင် သင်လုပ်ငန်းမှောင်ခိုကြီးတွေ ပေါင်းစား၊ ရိုက်စား၊ ထွင်စားသောခရိုနီကြီးတွေ လုပ်ရကိုင်ရ ရေးကလို မချောင်သော အချိန်ဖြစ်သည်။ သူ၏ ရေပြင်လှုက်ပေါက်သည်လည်း အကျပ်အတည်းဆိုက်ရောက်လာသည်။

ထိုင်း(ယိုးဒယား)နှင့် ထိုင်ပင်မှောင်ခို စက်လှေတွေမကြာခဏ အဖမ်းခံရသည်မို့ စစ်ပြန်ကြီးမျိုးမြင့် သူ့လုပ်ငန်းကိုမရှုတွင်နိုင်တော့ဘဲ [illegible] ဖြစ်၏။

ထိုစဉ် ကုလားအော်ရွာမှ ကြာမြင့်စွာထွက်ခွာသွားသောသူ့သူငယ်ချင်း ပြုံးချိုနှင့် အဘဖိုးသာအောင်တို့ မမျှော်လင့်ဘဲရွာသို့ပြန်ရောက်လာသည်။

□ □ □





(နှစ်)

ကုလားအော်ရွာမှ ပျောက်သွားသည်မှာ ငါးနှစ်ကျော်ကြာပြီဖြစ်သော အဘဆရာကြီး ဖိုးသာအောင်နှင့် ပြုံးချိုတို့သားအဖ ထူးဆန်းစွာ ပြန်ရောက်လာချိန်။

စစ်ပြန်ကြီးမျိုးမြင့် တပ်မှထွက်၍ ကုလားအော်ရွာသို့ပြန်ရောက်နေသည်မှာ ကြာပြီ။ မိကျောင်းဖမ်း၊ ဆင်ပစ်နှင့်အကုသိုလ်အလုပ်တွေ လုပ်နေချိန်။

ထိုမှောင်ခို ဂေါ်ရှတ်များအတွက် မျိုးမြင့်တို့လို နှံ့နှံ့စပ်စပ်ပေါက်ပေါက်ရောက်ရောက်ရှိသူတွေမှာ အကျိုးတူစီးပွားဘက်တွေဖြစ်လာ၏။

ယင်းကြောင့် စစ်ပြန်ကြီးမျိုးမြင့်မှာ သေနတ်ကိုင်၍စီးပွားရှာနိုင်၏။ သူကိုယ်တိုင် စစ်သားမဟုတ်တော့သော်လည်းစစ်ပြန်ကြီးအဖြစ် အမားပြည်သူ့စစ်အသွင်နှင့် လှုပ်ရှားသည်။ သူ့နောက်မှ ရွာခံတပည့်တပန်းတွေ ပါလာသည်။

ရွာကိုလည်း မျိုးမြင့်တို့က အကာအကွယ်ပေးပါ၏။ လုံခြုံမှုရှိအောင် လူစိမ်းလက်နက်ကိုင်တွေ ဝင်ရောက်လာပြီး မိုလ်မကျနိုင်အောင် အမာခံစောင့်ရှောက်ပေးပါ၏။

သို့သော်···

စီးပွားရေးကျူးကျော်မှုအတွက်မူ ဘယ်လိုမှ အကာအကွယ်ပေးနိုင်ဖို့ စိတ်မကူးခဲ့။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေအတွက် တစ်ဖက်တစ်လမ်းက တောတောင်ရေမြေမှ အမြတ်ထွက်နိုင်သမျှ ထွက်နိုင်အောင် လုပ်ကိုင်စားသောက်သည်။

တချို့နယ်မြေမှာ ရိုးသားစွာ လုပ်ကိုင်နေကြသော ပြည်သူ့စစ်အဖွဲ့ဝင်များ မရှိမဟုတ်၊ ရှိပါသည်။ သို့သော် မျိုးမြင့်လို ကြီးပွားချမ်းသာသော အဆင့်မျိုးသို့ ရောက်သူရှားလှ၏။

ဘင်္ဂလားပင်လယ်အော်ကို မေးတင်ထားသော မျိုးမြင့်တို့ 'ကုလားအော်' ရွာကြီးသည် ဝါးဖြူတောင်မြောက်ဘက်မှာရှိပြီး ဆိပ်ကမ်းကောင်းရှိ၏။ စစ်ပြန်မျိုးမြင့်သည် ကုန်းတွင်းပိုင်းသွား ပဲ့ထောင်တစ်စင်းကို ထောင်ထားလာချိန်မှာ ငယ်သူငယ်ချင်းဖြစ်သူ မျိုးမြင့်နှင့် မဆုံလိုက်ရဘဲ ရွာမှထွက်သွားချိန်ဖြစ်၏။

မျိုးမြင့် ကုလားအော်ရွာသို့ ပြန်ရောက်ပြီးနောက် ရခိုင်ဘက်မှပါလာသော မိန်းမနှင့် အခြေချနေစဉ်မှာ ပြုံးချိုအကြောင်းကို ပြုံးချို၏ ဦးလေးသားချင်းတွေဆီမှ တစ်ဆင့်ကြားရသည်။

"သူ့အဖေ အဘိုဖိုးသာအောင်က ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးနေတဲ့ ပယောဂကုဆရာကြီးဆိုတော့ သူကလည်း သူ့အဖေလို ဝါသနာပါတယ်နဲ့တူပါရဲ့။ သူ့အဖေ ဖိုးသာအောင်နဲ့အတူ ဂန္ဓာရီခရီးထွက်ပြီဆိုရင် ပါပါသွားတယ်။ နောက်ဆုံးတစ်ခေါက်မှာ အပြီးပိုင် သူ့အဘနဲ့ ပါသွားတော့တာပါပဲကွာ"

"အင်း…သူ့ဝါသနာနဲ့သူကိုး။ သူလို တစ်ဦးတည်းသော





သားအဖို့တော့ အဲဒီဆရာကြီးနဲ့အတူ အနယ်နယ်အရပ်ရပ် လိုက်ပါသွားလို့က လွယ်တာပေါ့လေ။ သူတို့သားအဖကလည်း နေစိမ့်ပါတယ်ကွာ။ သူထွက်သွားကတည်းက တစ်ခေါက်မှ ရွာကိုပြန်လာတော့ဘူး"

ပြုံးချိုသတင်းကို ထိုမျှသာ ကြားရပြီးနောက် ကုလားအော်ရွာသားတွေ ပြောသလို ပြုံးချိုတို့နှင့် အဆက်ပြတ်နေလေသည်။

မျိုးမြင့်က ပြုံးချိုကို သူငယ်ချင်းတွေထဲမှာ အထူးသတိရနေသည်မှာ အကြောင်းရှိ၏။

ပြုံးချိုနှင့် မျိုးမြင့်တို့သည် ငယ်ရွယ်စဉ်က မြန်မာကျေးလက်နေတို့၏ ထုံးစံအတိုင်း ရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ရသည်။

'သူတို့ငယ်ငယ်က ရွာတွင် မူလတန်းကျောင်းကလေးပင် မရှိ။ ဘုန်းကြီးကျောင်းသား ဆိုတာကလည်း မြန်မာ့ကျေးရွာတွေ အလေ့အထနှင့် အသားကျနေလေပြီ။

ရွာသူရွာသား မိဘတွေက လယ်ယာကိုင်းကျွန်း လုပ်ကိုင်လျှင် တစ်နေကုန် အိမ်မှထွက်ကြရသည်။ ငါးဖမ်းပိုက်ချ တံငါအလုပ် လုပ်ကြပြန်လျှင်လည်း ပင်လယ်ပြင်ထွက်ကြသည်။

ယောက်ျားသားတွေ ပင်လယ်ထွက်၍ ငါးဖမ်းရသလို ကုန်းပေါ်ကျန်ခဲ့သော မိန်းမသူတွေအဖို့ ငါးခြောက်ခွဲ၊ ပုစွန်လှန်း


www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေနှင့် မအားနိုင်အောင် ရှိရသည်။

နို့ဗိုအရွယ်ကလေးကို နို့တိုက်၊ နို့ခွဲအရွယ်ကလေးကို အထက်အောက်ကြီးသူက ငယ်သူတွေကို ထိန်းရင်း ခါးဖက်စဉ်း ကျင့်ရောက်လျှင် ရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ပညာရေးအတွက် ပို့လိုက်ကြရသည်။

မိန်းကလေးဆိုလျှင်လည်း ဘုန်းတော်ကြီးကျောင်းတွင် သာ သင်ရိုးမျှကို ထားပြီး အိမ်ကို နေ့တိုင်းပြန်ရသော်လည်း ယောက်ျားလေးဆိုလျှင် ဘုန်းတော်ကြီးကျောင်းမှာပင် ကျောင်းအိပ် ကျောင်းစား နေကြရသည်။

မျိုးမြင့်နှင့် ပြုံးချိုတို့မှာ ရွယ်တူလည်းဖြစ်၍ ကျောင်းအိပ် ကျောင်းစား ဘုန်းတော်ကြီးကျောင်းသားများဖြစ်၍ အတူအိပ်၊ အတူစား နေကြရသူများမို့ ပို၍မင်မင်ကြသည်။

ဘုန်းကြီးကျောင်းသားတွေတိုင်းမှာ စာသင်ချိန်သင်ရသည်၊ ကျောင်းဝေယျာဝစ္စ လုပ်ကြရမည့်အချိန် တာဝန်ကိုယ်စီ လုပ်ကိုင် ကြရသည်။

မျိုးမြင့်၊ ပြုံးချိုမှာ အပျိုကြီး၍ ခန်းနေဦးပဉ္စင်းကြီးက တာဝန်အတူ ခွဲချပေးထားသည်။

အထူးသဖြင့် တောကျောင်းဖြစ်၍ မနက်ပိုင်း အရုဏ် ဆွမ်းအတွက် သူတို့နှစ်ယောက်မှာ အထူးတာဝန်ယူကြရသည်။ ကပ္ပိယကြီးမှာ အသက်ကြီးနေ၍ မနက်ပိုင်း အရုဏ်ဆွမ်းအတွက်





ကပ္ပိယကြီးကို ကူညီရခြင်းမင်။

ကပ္ပိယကြီးတာဝန်မှာ မနက် ၄ နာရီ ကုလားတက်(အုန်းမောင်း) မှန်မှန်ခေါက်ရသည်။ ရမ်း၍ခေါက်ရခြင်းမဟုတ်။ ပဌာန်း ၂၄ ပစ္စည်းအတိုင်း အချက်ကျကျ နှစ်ဆယ့်လေးချက် ခေါက်ရသည်။

ပြီးလျှင် ဘုန်းကြီးနှင့် ဦးပဉ္စင်း၊ ကိုရင်များ အရုဏ်ဆွမ်း ဘုဉ်းပေးရန် ဆွမ်းပွဲပြင်ရသည်။

ကျောင်းသားကြီးတွေမှ ပြုသည့် အရုဏ်ဆွမ်းလှူသည့်ကျရာ အိမ်သို့ သွားရောက်ပြီး ဆွမ်းအုပ်ယူရသလို ကျောင်းမီးဖိုဆောင်မှ ဟင်းလေးအိုးနွေးရသည်။

ဟင်းလေးအိုးဆိုသည်မှာ ယမန်နေ့က ကျန်သော ဆွမ်းဟင်းအချို့ကို အိုးကြီးတစ်အိုးအတွင်း စုပေါင်းထည့်ပြီး မီးနှင့် ကျိုချက်ရခြင်းဖြစ်၏။ အချို့အရပ်မှာ ဟင်းပေါင်းအိုးလည်း ခေါ်သည်။

ထိုအိုးကြီးတွင် ဝက်သားလည်းပါသည်။ အမဲသားလည်း ပါသည်။ ကြက်သား၊ ငါးလည်း ပါသည်။ မျှစ်၊ ချဉ်ပေါင်၊ အသီးအရွက် အမျိုးစုံလည်း ပါသည်။

နောက်နေ့ ရက်လွန်ဟင်းဖြစ်နေ၍ ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်းများ ဘုဉ်းမပေးသော်လည်း ကိုရင်နှင့် ကျောင်းသားများ သော ဘုန်းတော်ကြီးကျောင်းအတွက် ကိုရင်နှင့် ကျောင်းသားတို့



www.burmeseclassic.com

www.burmeseclassic.com



အားထားရာဟင်းဖြစ်၏။

အချို့ ဘုန်းကြီးကျောင်းသားဖြစ်ဖူးသူများပင် ကြီးလာ၍ လုပ်ငန်းကိုင်ငန်း ဟန်ကျပန်ကျနှင့် နေနေကြသော်လည်း ငယ်စဉ်က စားခဲ့ဖူးသော ဘုန်းကြီးကျောင်းမှ ဟင်းလေးအိုးက ဟင်းပေါင်းအရသာကို မမေ့ဘဲ မကြာခဏ အလွမ်းလ ဖြစ်လေ့ရှိတတ်သည်။

ယခု ဟင်းပေါင်းအိုးကိစ္စမှာ ပြုံးချိုကို အမှတ်တရ ဖြစ်စေသောကြောင့် ပြုံးချိုနှင့်တွဲ၍ မျိုးမြင့်အတွက် ပေါ်လာခြင်းဖြစ်၏။

ပြုံးချိုနှင့် မျိုးမြင့်တို့ရွာမှ ဘုန်းတော်ကြီးကျောင်းမှာ သုသာန်ကျောင်းခေါ်သော ရွာအနောက်ဖျား ဘုန်းတော်ကြီးကျောင်းဖြစ်သည်။

သစ်ကြီးဝါးကြီး ပေါများရာအရပ်ဖြစ်၍ ဘုန်းတော်ကြီးကျောင်းမှာ တစ်ဖက်စာ တိုင်လုံးကြီးများနှင့် တိုင်တစ်ရာအစေ့ဆောက်ထားသော ကျောင်းဖြစ်၍ တိုင်တစ်ရာသုသာန်ကျောင်းဟုလည်း ခေါ်ကြသည်။

တိုင်တစ်ရာကျောင်းကြီးတွင် ကျောင်းမကြီး၊ ဘုရားခန်း၊ ကျက်သရေခန်း၊ တျိုန်းစက်ခန်း၊ ဥပုသ်ပြုသီလပေးခန်း၊ အာဂန္တုခန်း အစုံအလင် တည်ဆောက်ထားသည်။

ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်၊ အာရုံခံဇရပ် သီးခြားဆောက်ထားရပြန်သည်။





ကျောင်းမကြီးပေါ်တွင် ကျောင်းထိုင်ဘုန်းတော်ကြီးမှစ၍ ဆွမ်းမစားရဘဲ ဆွမ်းစားဆောင်ကြွ၍ သံဃာများနှင့်အတူတကွပေါင်းဆွမ်းစားရသည်။

အလှူအတန်းလုပ်၍ ဆွမ်းကျွေးလျှင်လည်း ဆွမ်းစားဆောင်မှာသာ ကျွေးရသည်။ လူသူပရိသတ်ကို ဧည့်ခံကြရသည်။

ကျောင်းမကြီးပေါ်မှာသာ သီလယူ၊ ဝတ်တက်ဝတ်ပြုပ်ကြရသည်။ ယင်းကြောင့် ကျောင်းမကြီးဝယ် အမြဲတမ်းလိုလိုနှိုင်းတောက်ပြောင်နေတတ်သည်။

ရွာတစ်ရွာ၏ စီးပွားရေး၊ ဘာသာရေး အခြေအနေကိုလိုလျှင် ရေးတုန်းက ထိုရွာ၏ ဘုန်းတော်ကြီးကျောင်းကို ကြည့် အကဲခတ် ဆုံးဖြတ်ကြသည်ဟု ဆိုကြသည်။

တိုင်တစ်ရာကျောင်းမကြီးနှင့် ခွဲ၍ဆောက်ထားသော ဆွမ်းစားဆောင်နောက်ဘက်တွင် ဆွမ်းချက်ဆောင်ရှိ၏။

ဆွမ်းချက်ဆောင်၏ အနောက်ဘက်အစွန်းတွင် ထင်းချောက်ခြမ်းများ စုဆောင်းထားရာ ထင်းသိုလှောင်ရုံရှိသည်။

ထင်းသိုလှောင်ရုံကို ဘေးကပ်မှာ အကာအကွယ်မရှိဘဲ မိုးတစ်ခုပဲ အပေါ်က မိုးရေဒဏ်ခံနိုင်ရန် တည်ဆောက်ထား၏။

မီးဖိုဆောင်မှ ထင်းသိုလှောင်ရုံ၊ ထင်းသိုလှောင်ရုံမှ ဝါးရုံများကို စည်းရိုးသဖွယ် ခတ်ထားသော ခြံစည်းရိုးကြီးရှိသည်။

ထိုခြံစည်းရိုးကို ကျော်လျှင် သုသာန်သချိုင်း။



www.burmeseclassic.com

www.burmeseclassic.com



*

ကုလားအော်ရွာ သုသာန်သင်္ချိုင်းသည်၊ ရွာနီးချုပ်စပ်ကျေးရွာတွေကလည်း အသုံးပြုကြသဖြင့် သင်္ချိုင်းကြီးဖြစ်နေ၏။

ထိုနေ့က မျိုးမြင့်နှင့် ပြုံးချိုတို့သည် မီးဖိုပြီး ဟင်းလေးအိုးကျို၊ ရေနွေးအိုးတည်နေကြသည်။

မီးဖိုမှာ အိုးကြီးများတည်ရန် ဆောက်ထားသော မီးဖိုကြီးဖြစ်၍ အိုးကြီးသုံးအိုး တစ်ပြိုင်နက် တည်နိုင်သည်။ ယင်းကြောင့် ရေနွေးအိုးကို တစ်ဖိုတွင်တည်ပြီး ဟင်းလေးအိုးကို တစ်ဖိုတွင် ဘည်ကြသည်။

တောရွာကြီးပင် ဖြစ်သော်လည်း ရေနံစိမ်းများ ဒေသသုံးလောက်ရန် ထွက်ရှိ၍ ရေနံဆီမီးအိမ်ကြီးတွေကို မနက် ၄ နာရီထိုးခေါက်ပြီဆိုသည်နှင့် မီးထွန်းတာဝန်ကျ ကျောင်းသားက တစ်ကျောင်းလုံး သင့်ရာသင့်ရာနေရာတွင် ထွန်းထားရသည်။

ယခုလည်း မီးဖိုဆောင်မှာ မီးလင်းနေပြီ။

ဟင်းလေးအိုးကြီးလည်း မီးအလင်းရောင်အောက်မှာ ပွက်ပွက်ဆူနေလေပြီ။

ဝက်သားတုံးကြီးများ၊ အမဲသားတုံးကြီးများ၊ ကြက်သားတုံးကြီးများ ဆူပွက်နေသော ဟင်းလေးအိုးကြီးထဲမှ အပေါ်သို့ တစ်တုံးပြီးတစ်တုံး တက်လာလိုက်၊ ကျသွားလိုက် ဖြစ်နေသည်ကို မြင်နေရသည်။

ဟင်းလေးအိုး ချိုးကပ်မသွားစေရန် မွှေမည့်ယောက်မကို





လှမ်းယူပြီး အိုးထဲထည့်မွှေရန် လုပ်လိုက်စဉ် လက်မည်းကြီးတစ်ခုကို ရုတ်တရက် တွေ့လိုက်ရသဖြင့် မျိုးမြင့် လန့်ဖျပ်သွားသလို ပြုံးချိုလည်း ကြောက်ရွံ့သွား၏။

လက်မည်းကြီးမှ လူ့ပုံကြီးတစ်ကောင်လို လက်မည်းကြီး။

သို့သော်…အကောင်လုံးကို မတွေ့ရဘဲ လက်မည်းကြီးကိုသာ တံတောင်ဆစ်လောက်မှ တွေ့လိုက်ကြရခြင်း ဖြစ်သည်။

ထိုလက်မည်းကြီးသည် ဟင်းလေးအိုး အပူကြီးထဲမှ ဝက်သားတုံးကြီးတွေ၊ အမဲသားတုံးကြီးတွေကို လှမ်းနှိုက်နှိုက်သွားသည်။

"အမယ်လေး…သရဲခြောက်တယ်ဗျာ"

မျိုးမြင့် လန့်ဖျပ်ပြီး အော်၍ လက်ထဲမှ ယောက်မကြီးနှင့် လက်မည်းကြီးကို လှမ်းခုတ်လိုက်သည်။

"ဖျောင်း…"

"ဖျောင်း…"

နှစ်ချက်သာ ခုတ်လိုက်ရသည်။ လက်မည်းကြီး ရုပ်သွားပြီး မီးဖိုဆောင်အနီးမှ ထွက်သွား၏။ ထွက်သွားပုံမှာ ကြောက်တတ်သူတွေအတွက် ကြောက်လန့်ချောက်ချားစရာ ပုံစံမျိုး။

လူ၊ သို့မဟုတ် အကောင်အထည်လုံးကြီးကို မမြင်ရဘဲ လက်ကြီးသက်သက် တံတောင်ဆစ်ပိုင်းမှသာ တစ်ချောင်းတည်း မြင်နေရပြီး မီးဖိုဆောင်ပြတင်းပေါက်ကို ဘိုလာက်တစ်ဖက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်၍ ထင်းတဲဘက် ခုန်ဆင်းသွားသလိုမျိုး။

ပြီးတော့မှ ထင်းတဲထဲမှ ထင်းပုံ ထင်းတုံးတွေပေ ထောက်ပြီး ဝါးရုံတောဘက် တိုးဝင်သွား၏။

အတွေ့အကြုံမရှိသော မျိုးမြင့်က ပြုံးချိုကို ကြော ကြောက်လန့်လန့်ဖြင့် လှမ်းပြောသည်။

"အဲဒီလက်မည်းကြီး နောက်တစ်ခေါက်ပြန်လာရင် ဒု ပဲကွာ။ ငါတော့ ကျောင်းပေါ်တက်ပြေးချင်လှပြီ"

"မကြောက်ပါနဲ့ကွာ။ ငါ သူ့ကို သိတယ်"

"ဟင်…လက်မည်းကြီးပဲ မြင်ရုံနဲ့ မင်းက ဘယ်လိုလု သိနေတာလဲ"

"ဟောဒီမှာလေ ငါ့အဖေစီရင်ပေးတဲ့ လက်ဖွဲ့။ ငါ့လည် ပင်းမှာစွဲထားတာ ကြည့်ပါလား။ ဒီလက်ဖွဲ့အဆောင်က အဲဒီ မကျွတ်မလွတ်သေးတဲ့ဟာတွေကို မြင်နိုင်တယ်ကွ။ ပြီးတော့ အဲ အကောင်တွေ အနှောင့်အယှက်လည်း မပေးနိုင်ဘူး"

"ဒါဆို အဲဒါ ဘယ်သူလဲ။ ဘယ်သူသေလို့ လက်မည်း ကြီး ဖြစ်နေတာလဲ"

"ကုလားကြီးတစ်ယောက်ကွ။ အသက်ကတော့ တော် တော်ကြီးပြီ။ အရင့်စားထဲက ကောင်ကြီး။ ငါ့အဖေကို သွားမေး အဲဒီကောင်ကြီးအကြောင်း သိမှာပဲ"

ထိုနေ့က အရုဏ်ဆွမ်းကပ်ပြီး ကျောင်းသားတွေ မနက်





စာစားပြီးနောက် စာချဉ်းဇင်းအား ရွာရှိအိမ်သို့ပြန်ရန် လျှောက်ထားပြီး မျိုးမြင့်နှင့် ပြုံးချိုတို့ ပြုံးချိုအဖေ အဘဖိုးသာအောင်ဆီသို့ သွားရောက်ပြီး ထိုကိစ္စကို မေးမြန်းကြသည်။

အဘဖိုးသာအောင်က မျိုးမြင့်နှင့် ပြုံးချိုတို့ပြောသည်ကို အေးဆေးစွာ နားထောင်ပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

ပြီးမှ…

"အဲဒါ ကုလားသရဲကွ။ တို့ဒေသအနီး ကုန်းဘောင်မင်းဆက်မှာ ဖြစ်ခဲ့တဲ့ ဟိုင်းကြီးကျွန်းအရေးတော်ပုံဖြစ်ခဲ့ဖူးတာ မင်းတို့ ကြားဖူးမှာပေါ့။ အဲဒီ ဟိုင်းကြီးကျွန်းတိုက်ပွဲမှာ တို့ဗမာတွေရဲ့ တိုက်ခိုက်မှုကြောင့် ကုလားဖြူစစ်သားတွေနဲ့ သူတို့နဲ့ပါလာတဲ့ ကုလားမည်းစစ်သားတွေ အတုံးအရုံးကျဆုံးခဲ့ရာက ခုအထိ ဒီဒေသတစ်ဝိုက်မှာ မကျွတ်မလွတ်နိုင်ဘဲ ကျန်နေတဲ့ ကုလားမည်း စစ်သားသရဲပဲကွဲ့။ မိစ္ဆာဒိဋ္ဌိတွေဆိုတော့ ဘယ်လွယ်လွယ်နဲ့ ကျွတ်နိုင်တော့မလဲကွယ်။ ဒါကြောင့် ရရာကြုံရာ ရှာဖွေစားသောက်ရင်း မင်းတို့နဲ့ တွေ့ကြရတာပေါ့"

အဘဖိုးသာအောင် ပြောရင်းက သူပြင်ထားသော ကန်တော့ပွဲတစ်ခုမှ လက်ဖွဲ့တစ်ခုကိုယူပြီး မျိုးမြင့်၏လည်ပင်းမှာ ဆွဲပေးလိုက်သည်။

"ဒီအနီးအပါး ရွာတွေမှာ အဲဒီလို မလွတ်မကျွတ်နိုင်သေးတဲ့ ကုလားဖြူ၊ ကုလားမည်း စစ်သားသရဲတွေ ရှိနေတုန်းပဲကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



တို့မှား ငယ်ငယ်တုန်းကဆိုရင် ဒီကောင်တွေရဲ့ မကျွတ်မလွတ် အော်သံဟစ်သံတွေ ဟိုင်းကြီးကျွန်းအရေးတော်ပုံ ပေါ်ပေါက်တဲ့ နေ့ရောက်ရင် အမြဲတမ်း ကြားကြားနေရလို့ ဟို့ရွာကိုတောင် ကုလားအော်ရွာလို့ နာမည်ပေးထားခဲ့ကြတာပေါ့ကွာ။ ဒါပေမယ့် မင်းတို့ ဘာမှမကြောက်ကြနဲ့။ ကြောက်စိတ်လည်း မမွေးကြနဲ့။ ဒီကုလားဖြူ ကုလားမည်းတွေကို တို့ဗမာတွေက အနိုင်တိုက်ခိုက်ပြီး အသေသတ်ပြီးသား။ သူတို့ကလည်း အဲဒါကြောင့် ဗမာဆိုရင် ကြောက်ပြီးသား။ မင်းတို့စိတ်ထဲမှာ သူတို့ကို မကြောက်ဖို့၊ ရဲစိတ်မွေးဖို့ပဲ လိုတယ်”

အဘဖိုးသာအောင် စကားကြောင့် မျိုးမြင့် ထိုစဉ်ကပင် အကြောက်တရားတွေ ပြေသွားခဲ့။ ရဲစိတ်တွေ အလိုလိုဝင်လာခဲ့၏။

ကျောင်းကိုပြန်ရောက်တော့ သူနှင့် ပြုံးချိုတို့သည် ထိုကုလားမည်းသရဲအကြောင်းကို ဘယ်သူ့ကိုမှ မပြောပြကြသလို နောက်နေ့ နောက်နေ့များတွင်လည်း ထိုအဖြစ်မျိုးကို မကြုံကြရတော့ချေ။

□ □ □

(သုံး)

ခုအရွယ်ရောက်လာပြီးကျတော့ တစ်ယောက်နှင့်တစ်

ဘက် ကွဲသွားကြရာမှ ပြန်ဆုံကြရသည့်အခါ ထူးထူးခြားခြား ဆုံကြရပြန်သည်။

ပြုံးချိုက ဆရာတစ်ပိုင်းစ ဖြစ်နေသော ပြုံးချို၏ဖခင် ဗေဒဂဆရာကြီး အဘဖိုးသာအောင်မှာလည်း အသက်အရွယ် ...ရင့်သည်နှင့်အမျှ ကျက်သရေရှိလှသော ကြည်ညိုဖွယ်ရာ ...ပ်ကြီးအသွင် ဆောင်လျက်ရှိနေချေပြီ။

ဗေဒနက်ကြီးအတွင်း ...ကောင်းမောင်းဝင်လာစဉ် ချောင်း...ပါးတစ်နေရာတွင် ထူးထူးဆန်းဆန်း လက်နက်ကိုင် လူမျိုး...များကို စစ်ပြန်ကြီးမျိုးမြင့်တို့ မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ...အားသင့်သွား၏။

မျိုးမြင့် ထိုလူများကို ခါတိုင်း တောအတွင်းသို့ ဝင်နေ... မမြင်ဖူးခဲ့။ ပြီးတော့ ထိုလူများမှာ အင်္ဂလိပ်ဗျူက်နှာဖြူများ... ကုလားစစ်သားများ ဖြစ်နေကြသည်။ သူတို့ဝတ်ဆင်ထားသော ...ဖောင်းတွေကလည်း ရှေးကျပြီး ၁၈ ရာစု ပေါ်တူဂီတွေ၊ ...အင်္ဂလိပ်တွေ ဝတ်ဆင်သည့် ယူနီဖောင်းတွေနှင့် ဖြစ်သည်။

စစ်ပြန်မျိုးမြင့် ထိုမြင်ကွင်းကို ကြည့်ပြီး အံ့အားသင့်နေ... အဘဖိုးသာအောင် လှမ်းပြောသည်။

“အဲဒါ ရန်သူတွေမဟုတ်ဘူး။ မကျွတ်မလွတ်နိုင်သေး...နယ်ချဲ့စစ်သားဟောင်းကြီးတွေ။ သူတို့အတွက် အမျှတ်အလွှတ် ...လုပ်ပေးဖို့ အဘ ဒီခရီးကို တမင်စီစဉ်ထားတာကွဲ့”

www.burmeseclassic.com



အဘဖိုးသာအောင်၏ စကားကြောင့် စစ်ပြန်ကြီးမျိုးမြင့် သဘောပေါက်စ ပြုလာသည်။

ကမ်းစပ်မှာ ပွဲထောင်ထိုးကပ်သွားစဉ် ပွဲထောင်ပေါ်မှ ပါလာသော ကန်တော့ပွဲနှင့် စားသောက်ဖွယ်ရာနှင့် လှူဒါန်းစရာ ပစ္စည်းများကို ကုန်းပေါ်သို့ ချကြသည်။

ကမ်းခြေနှင့် ခပ်လှမ်းလှမ်းတွင် ကြိုတင်ထိုးထားသော သံဃာစင်ကြီးရှိနေပြီး သံဃာစင်ပေါ်တွင် ဘယ်အချိန်က ပင့်ထားမှန်းမသိဘဲ ရောက်ရှိသီတင်းသုံးနေသော သံဃာတော်များကို ပါ တွေ့လိုက်ရသည်။

သံဃာစင်အောက်တင် စစ်ပြန်ပရိသတ်တွေ ရှိ၏။ သူတို့ တရားနာကြမည်၊ အမျှဝေခြင်းကို ခံယူကြမည်။

ဒါသည်ပင် ထူးဆန်းနေ၏။ ကုလားဖြူ ကုလားမည်း စစ်သားဟောင်းကြီးတွေနှင့် မြန်မာစစ်သည်ဟောင်းကြီးတွေ ဘယ်ကနေ တောကြီးမျက်မည်းထဲကို ရောက်နေရပါသလဲ။

ပြီးတော့ သံဃာစင်ပေါ်မှ ကြည်ညိုဖွယ်ရာ အဆင်းအင်္ဂါ နှင့် ပြည့်စုံနေသော သံဃာတော်များ။

စစ်ပြန်ကြီးမျိုးမြင့်နှင့်ပါလာသော ကုလားအော်ရှာသား အဖွဲ့ဝင်များသည် ထွေထွေထူးထူးပြောမနေတော့ဘဲ ဆရာကြီး အဘဖိုးသာအောင်နှင့် သူ၏သား ဆရာပြုံးချိုတို့နောက် အသာ အယာပင် လိုက်လာခဲ့ရသည်။





အဘဆရာကြီးဖိုးသာအောင်က လှူဖွယ်တန်းဖွယ်များကို နေရာချထားစဉ် ရှေးခေတ်ဝတ်စုံနှင့် မြန်မာစစ်သည်ဟောင်းကြီး တွေက ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသည်။

အစီအစဉ်တကျ လုပ်ကိုင်ဆောင်ရွက်ကြပြီးနောက် အဘ ဆရာကြီး ဖိုးသာအောင်၏ အကျွတ်အလွတ်ပွဲကြီးက စတင်လေ သည်။

သံဃာတော်များ၏ မေတ္တာသုတ်ပရိတ်ရွတ်သံ တောအောင် ကြီးထဲတွင် ပြန့်လွင့်လာချေပြီ။

မြန်မာစစ်သည်ဟောင်းကြီးတွေ၊ ကုလားဖြူ ကုလား မည်း စစ်သည်ဟောင်းကြီးတွေ ကွဲကွဲပြားပြားမခြားဘဲ သို့ အကျွတ်အလွတ်ပွဲမှာ ထူးထူးခြားခြား ပါဝင်နေကြ၏။

ထိုစစ်သည်တော်ကြီးတွေမှာ စနစ်တစ်ခုကြောင့် ရန်သူ တွေအဖြစ် တိုက်ခိုက်ကြရင်း ကျဆုံးခဲ့ကြရသော်လည်း တမလွန် ဘဝမှာတော့ ရန်သူတွေမဟုတ်ကြ။ မကျွတ်မလွတ်နိုင်သူချင်း အတူတူပဲ မဟုတ်လား။

ထားပါလေ။ ခု...မျိုးမြင့်လို အသက်ရှင်လျက်ရှိနေ သေးသည့် စစ်ပြန်ဟောင်းကြီးကော တမလွန်ဘဝသို့ ရောက်သွား ဦးမည်ဆိုလျှင် ဘာများထူးပါဦးမည်နည်း။

**ကျော်မင်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com



# သရဲခေါ်ပွဲ

ရွှေဘုန်းကံ

မီးရထားသံလမ်းကြီးတစ်လျှောက် သူတို့အုပ်စု တိတ်ဆိတ်စွာပင် လျှောက်လာနေကြသည်။ အချိန်က ညဥ့်ဦးယံသို့ ကူးပြောင်းစအချိန်ဖြစ်၍ မြို့စွန်တစ်ဝိုက်နှင့် ရထားလမ်းမကြီး စန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ပုစဉ်းရင်ကွဲကောင်တို့၏ တကျီကျီ စူးရှစွာ အော်မြည်သံ၊ ရထားသံလမ်း





ကုန်း တာရိုးကုန်းအောက်ဘက်ရှိ မြက်ရိုင်းကျူတောကြီးများ လေကြမ်းတိုးဝှေ့၍ တဖျောဖျော တရှိုးရှိုးမြည်လျက် လှုပ်ရှားယိမ်းထိုးသံများမှလွဲ၍ ညဥ့်အမှောင်ဝိုးတဝါး အလင်းအောက်၌ သံလမ်းကုန်းထိပ်ရှိ သခွတ်ပင်ကြီးအား နာနာဘာဝ ဝိညာဥ်ကောင်ကြီးပမာ ထီးထီးမားမား လှမ်းမြင်နေရသည်။

သူတို့လူစု ယင်းသံလမ်းကုန်းကြီးထိပ်ရှိ ထီးထီးမားမား တည်ရှိနေသည့် သခွတ်ပင်ကြီးထံသို့ စကားစမြည်ပြောဆိုခြင်း၊ ရယ်မောနောက်ပြောင်ခြင်းမရှိဘဲ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာနေကြခြင်း ဖြစ်သည်။ သူတို့လူစုမှာ အောင်ကြီး၊ မိုးကျော်၊ ဘသက်၊ ဖိုးခွားနှင့် ကိုကြီးအောင် အပါအဝင် ငါးယောက်တိတိ ဖြစ်သည်။ ကိုကြီးအောင်က သူတို့အထဲ၌ ဦးစီးခေါင်းဆောင်ဖြစ်ပြီး ယခု ဒီကိစ္စအားလည်း ကိုကြီးအောင်ပင် လွန်ခဲ့သောတစ်ပတ်မှ စတင်ပြောဆိုခဲ့ပြီး အားလုံး၏ သဘောတူညီချက်အရ ဒီည ဖြစ်မြောက်အောင် ကြံဆောင်ကြခြင်းပင် ဖြစ်သည်။

"အီး...ဟော့ကောင် အောင်ကြီး၊ မင်းတစ်လုံးညှိထမ်းပါဦးကွ။ ငါကျောတွေရော လက်တွေပါ တောင့်နေပြီ...အီး"

"အေး...ဟုတ်တယ်။ မိုးကျော်က ခုကို ရပ်ကွက်ထိပ်က သယ်လာတာဆိုတော့ တစ်ယောက်က တစ်လှည့်သယ်ပေးလိုက်ပါဦးဟ။ အောင်ကြီး...မင်းဝင်ထမ်းလိုက်"

"ဟုတ်ကဲ့ ကိုကြီးအောင်၊ ပေး...မိုးကျော်"



www.burmeseclassic.com

www.burmeseclassic.com



“အီး...ထမ်းသာထမ်းလာရတာ အတော်လေးတဲ့ခုံကွ။ တစ္ဆေသရဲများ စီးနေသလားထင်ရတယ်။ ရှော့...ရှော့”

မိုးကျော် ကျောပိုးထမ်းလာသော လေးပေပတ်လည်ရှိ သစ်သားစားပွဲခုံဝိုင်းကြီးကို အောင်ကြီးက တစ်လှည့်ထမ်းသည်။ ပျဉ်သားဖြစ်၍ စားပွဲမှာ အတော်အချိန်စီးသည်။ အမှန်တကယ် ဆိုပါလျှင် လူနှစ်ယောက်ခန့် ဝိုင်းမရသည့် စားပွဲခုံဝိုင်းကြီးဖြစ်သည်။ သို့သော် သူတို့က ရပ်ကွက်ထိပ်အစွန်ကပင် တစ်ယောက်တစ်လှည့် အလှည့်ကျ ထမ်းမိုးလာခြင်းဖြစ်သည်။ သူတို့နေထိုင်ရာ ရပ်ကွက်အပြင်၌ ရထားသံလမ်းကုန်းကြီးက တည်ရှိပြီး ယခု သံလမ်းကုန်းထိပ် ငမိုးရိပ်ချောင်းကြီးအား ဖြတ်သန်းရာ ငမိုးရိပ် တံတားကြီးထိပ်ရှိ သခွတ်ပင်ကြီးတည်ရှိရာ မြို့စွန်သို့ နာရီဝက် မက သံလမ်းအတိုင်း ဇလီဖားတုံးများ၊ ကျောက်တုံးကျောက်ချွန်များအား ကျော်ခွနင်းလျက် ရောက်အောင်လာခဲ့ကြခြင်း ဖြစ်သည်။

အမှန်ကမူ သူတို့ ယခု ဆောင်ရွက်ကြမည့် နာနာဘာဝ ဝိညာဉ်လောကသားများ တစ္ဆေသရဲများ ခေါ်ပွဲ၊ ပျော်ပွဲမှာ ကိုယ့်လမ်းထိပ်၊ ကိုယ့်ရပ်ကွက်စွန် လူသူမနီးရှာ၌ ခေါ်၍ရသော်လည်း အခြောက်အလှန့်နာမည်ကြီးလှသည်ဟု အစဉ်အဆက် ပြောနေကြသည့် ဒီငမိုးရိပ်တံတားကြီးထိပ် သခွတ်ပင်ကြီးတည်ရှိရာသို့ အပင်ပန်းခံ ရောက်အောင်လာခဲ့ကြခြင်း ဖြစ်သည်။

ဒီသခွတ်ပင်ကြီး၌ နေထိုင်ပြီး လာသမျှလူ၊ သမီးရည်းစား





အတွဲများကို ခြောက်လှန့်နေသော သရဲမဟာ သူတို့ သံလမ်းကုန်း ရပ်ကွက်ဝန်းကျင် အလွန်နာမည်ကြီး ထင်ရှားသည်။ ညနေ နေဝင် ရီဖျိုးဖျအချိန်၊ လမိုက်ညအချိန်၊ ညဉ့်ဦးယံအချိန်များမှ ယင်း သရဲမ၏ အခြောက်အလှန့်ခံရ၊ ကိုယ်တိုင်တွေ့မြင်၍ အခြောက် အလှန့်ခံရသူများလည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မြောက် မြားစွာ ရှိသည်။

ယင်းငမိုးရိပ်ချောင်းကူးတံတားကြီးမှာ အင်္ဂလိပ်မင်း အုပ်စိုးစဉ်အချိန်ကပင် တည်ရှိခဲ့သော တံတားကြီးဖြစ်ပြီး နှစ်ပေါင်းရှေ့ ကြာမြင့်နေပေပြီ။ လူကြီးတစ်ဖက်စာမက ကြီးမားလှပါသော သခွတ်ပင်ကြီးမှာလည်း တံတားထိပ်၌ တည်ရှိပြီး ထူးခြားသည်မှာ ယင်းသခွတ်ပင်ကြီးအနီးအနားတစ်ဝိုက် ရှေးက ရထားတိုက်မှုများ နှင့် ရထားကြိတ်သေမှုများ မကြာခဏ ဖြစ်လေ့ရှိခြင်းပင် ဖြစ် သည်။ သခွတ်ပင်ကြီးတည်ရှိရာ ကုန်းငယ်လေးသည်သာ မြေ ပြင်ရှင်းသန့်ပြီး ကျန်ဘေးတစ်ဝိုက်တွင် ရွံ့နွံဗွက်တောများ ချောင်း စပ်နှင့် ဆက်စပ်လျက် ခရာဆူးချုံရိုင်းများ၊ မြက်ရိုင်း ကျူတော ကြီးများသာ ဖုံးလွှမ်းနေပြီး ယခုကဲ့သို့ အကာလ ညအခါမဆိုထား နှင့် နေ့လယ်နေ့ခင်းအချိန်ပင် လူပြတ်သည့်နေရာပင် ဖြစ်သည်။ ခန်းဆိုးမြေကြီးကဲ့သို့ ချောက်ဖျားဖွယ်ရာ ဆန်လွန်းလှ၍ အဖော် သဟဲမပါဘဲ မည်သူမျှ ဖြတ်သွားဖြတ်လာ ကျွဲကျောင်း၊ နွား ကျောင်းပင် မပြုကြ။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်ထက် ရုံဖန် ညနေမှောင်ရီဖျိုးဖျအချိန်များ
တစ်ခါတစ်ရံ ဆောင်းနေရာတင်ဂိုက် သံလမ်းပေါ်မှ ရှုယ်သံများ
ရှည်လျားအကိုင်းဆဲတဲ့သော သံနှုယ်များ မားလျားကြီးဖြစ်ကျဲလှ
ငှိုးခနဲငိုးခနဲ သံလမ်းတကော် သွားလေနေသော မီးမဲချောင်လေး
တစ်ယောက်နှင့် နှစ်ယောက်ကို အချိန်အခါမှ တွေ့မြင်ကြရသည်
ဆို၍လည်း မိုး၍ ထိတ်လန့်ကြာ ရှောင်ရှားကြခြင်း ဖြစ်သည်
ယခု ယင်းသခွတ်ပင်ကုန်းရှိရာ ခနိုးကျင်သို့ ကိုကြီး
အောင်ဦးဆောင်၍ ညဉ့်နက်သန်းခေါင် သူတို့လှူရ အရဲစွန့်
လာခဲ့ကြခြင်းဖြစ်ခဲ့လေသည်။

"ဟေ့ကောင် ... ဖိုးချွား မင်းလွယ်အိတ်ထဲက ဖွင့်
ပြောက်ဦးမယ်နော်"

"ဟာ...စိတ်ချ၊ ဒီမှာရှိပါတယ် ကိုကြီးအောင်ရ။ ကျွန်
တော် ဂရုတစိုက် ယူလာတာပါ"

"အေး...ဂရုစိုက်။ ဒီအချိန်က အပုပ်ချိန်ကွ။ ဒီသံလမ်း
သခွတ်ပင်ကြီးတစ်ပိုက် သွားလာကျင်လည်နေကြတဲ့ မကောင်းဆိုး
ရွား တစ္ဆေသရဲတွေ သူတို့ပုန်းခိုနေရာကထွက်ပြီး အစာရှာ
ရှာဖွေကြချိန်ကွ။ တော်ကြာ အလားမတော်လို့ သူတို့စားစာ
ဖြစ်သွားဦးမယ်။ ဒီသရဲမဖွေကို အင်္ဂါ အဲဒီငါးစာနဲ့ မျှား
မှာကွ"

"သူ...သူတို့ ကြိုက်မှကြိုက်ပါ့မလား ကိုကြီးအောင်





တော်ကြာ..."

"ဟာကွာ...ဒီကောင်၊ မြဲမြဲမှတ်ထား။ အမဲသားငါး
အစိမ်း အညှီအဟောက်ဆိုတာ ပရလောက တစ္ဆေသရဲတွေ ကြိုက်
နှစ်သက်တဲ့ အစာကွ။ မင်းတို့ မကြားဖူးဘူးလား။ လမ်းထဲ
ရပ်ကွက်ထဲ ညဘက် အချိန်မတော် အိမ်ပြန်ရင်တောင် ပါလာတဲ့
အကြော်၊ ထုပ်၊ ဟင်းထုပ် လိုက်လိုက်လုစားတာ"

"ကြား...ကြားဖူးတယ်။ ကိုအောင်ပြောတာနဲ့တင်
ကျွန်တော် ကြက်သီးမွေးညင်းတွေ ထလာပြီ"

အလယ်မှ ခပ်ကုပ်ကုပ်လိုက်လာသူ အရပ်ပုပုပျပ်ပျပ်၊ ခန္ဓာ
ပါးသေးသေးနှင့် ဘသက်က ကြက်သီးထလာဟန် ပြောသည်။
လေးလံလှသော ခုံပိုင်းကြီးအား တစ်ယောက်တစ်လဲ ထမ်းပိုးနေ
ရခြင်းကပင် ပင်ပန်းလှသည်။

"ကြက်သီးထလည်း နောက်မှထတော့။ ရှေ့မှာ တဲတား
ထိပ် သခွတ်ပင်ကုန်းရောက်ပြီ။ တစ်ခုတော့ရှိတယ်။ ဘာတွေ
တွေ့ ဘာမြင်မြင် ဘယ်သူမှ ထွက်မပြေးနဲ့နော်။ ပြေးရင် စည်း
ပေါက်စည်းကျိုးပြီး အကုန် အပျက်ကုန်မှာ"

"ဟုတ်...ဟုတ်ကဲ့ပါ၊ ကို...ကိုကြီးအောင်"

သူတို့အထဲမှာ ကိုကြီးအောင်က အသက်အနည်းငယ်
ပိုကြီးပြီး အားလုံး၏ ဆရာ။ အတွေ့အကြုံရှိသူလည်းဖြစ်သည်။
ယင်းအခိုက်...



www.burmeseclassic.com

www.burmeseclassic.com



"အု...ဝူး...ဝူး...အူး"

"ဂစ်...ဂီး...ဂီး"

ဘယ်ကနေ လွှင့်ပျံလာမှန်းမသိရသော ခွေးလေခွေးလွင့် တစ်ကောင်၏ ချောက်ချားဖွယ်ရာ အူသံက ညနံ့ရဲတွေကို တွန်းထိုးထိခတ်ကာ လေပြည်ရိုင်းထဲ စီးမျောလွင့်ပျံလာလေသည်။ ငှက်ဆိုးတစ်ကောင်ကလည်း အ,မင်္ဂလာမဲ့ သူတို့ခေါင်းပေါ် ဖြတ်ပျံရင်း တဂစ်ဂစ်နှင့် အော်ညည်းသွားသည်။

□ □ □

အတော်အတန်မြင့်မားလှသည့် သခွတ်ပင်ကြီး၏ အမြစ်ပျှင်းကြီးများအစပ် ရှင်းသန့်သော မြေနေရာလေးတွင် သူတို့လေးယောက် စုရပ်နေကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးအား လဆန်းရက်ဖြစ်၍ လရောင်ရိပ်တို့က ဝါဖျော့ဖျော့၊ ဖြူလွှလွှလေး အလင်းစတ်အဖြစ် ဖြန့်ကျဲထားပါသော်လည်း သခွတ်ပင်ကြီး၏ အုပ်ဖြာသော အကိုင်းခက်ရွက်များကြောင့် အမှောင်စွန်းနေသကဲ့သို့ ဖြစ်နေသည်။

သခွတ်ပင်ကြီး၏ ကြီးမားသော အမြစ်ပျှင်းဆုံကြီးပေါ်သို့ သူတို့ ထွန်းညှိထားသည့် ဖယောင်းတိုင်တုတ်တုတ်ကြီး၏ အလင်းဝါဝါက ရံဖန် သူတို့ရှိနေရာ ထမင်းစားစားပွဲဝိုင်းကြီးထက်သို့ အလင်းရောင်ကျကျလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပုစဉ်း





ရင်ကွဲကောင်တို့၏ တစီစီ အော်မြည်နေသံကိုသာ အဆက်မပြတ် ကြားနေရသည်

"ဝေါ...ဖရော...ရော"

လရောင်တချို့တစ်ဝက် စွန်းကွက်ဖိတ်စင်နေသည့် ကျူတောထူအုပ်အုပ်ကြီးအကြား လေရိုင်းများ ထိုးခွဲပြေးဝင်သွားသံက ရံဖန် တစ္ဆေသရဲ နာနာဘာဝတို့ လမ်းလျှောက်လာသံအလား ချောက်ချောက်ချားချား ထပ်မိသည်။ ကိုကြီးအောင်က...

"ကဲ...ဟော့ကောင်တွေ၊ အားလုံး အဆင်သင့်ဖြစ်ပြီဆို သူတို့ကို စပြီး ခေါ်တော့မယ်။ လက်တွေကို ခုံပေါ်ဖြန့်ပြီး ထိအောင် ဆက်ထားလိုက်ကြ။ ဘာပဲတွေ့တွေ့၊ ဘာသံကြားကြား ထွက်မပြေးနဲ့နော်။ ပြေးတဲ့သူ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ။ အခန့်မသင့်ရင် သံလမ်းစောင့်သရဲဖြစ်မှာ"

"ဟုတ်...ဟုတ်ကဲ့ပါ...ကို...ကိုကြီးအောင်"

ပြန်ဖြေလိုက်သော အောင်ကြီး၏အသံကပင် မေးဖျားချင်းထိရိုက်သလို ကြောက်ရွံ့စိတ်ဝင်သလို ကတုန်ကယင်။ အားလုံးက ကိုကြီးအောင် ညွှန်ကြားခိုင်းစေသည့်အတိုင်း စားပွဲဝိုင်းကြီး၏ အလယ်ကောင်ရှိ အမဲသားထုပ်အား ဘယ်ညာလက်များဖြင့် ဝလုံးသဏ္ဌာန် ဝန်းရံလိုက်ကာ လက်ချောင်းများ ဖြန့်ကားလျက် ထိဆက်ထားလိုက်သည်။ ကိုကြီးအောင်က အောင်ကြီးနှင့် တည့်တည့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအနီးဝန်းကျင် ဤကွင်း ဤသံလမ်းတစ်ဝိုက် ကျင်လည်သွားလာနေကြသော မကျွတ်မလွတ်သည့် အစိမ်းသရဲ၊ တစ္ဆေမှင်စာနှင့်သမျှ သူတို့ အမဲသားကျွေး၍ သရဲခေါ်ကြမည်။ အောင်ကြီး မိုးကျော်၊ ဘသက်၊ ဖိုးခွားတို့ လေးဦးစလုံး ကြားသာကြားဖူးနေကြပါသော်လည်း ကိုယ်တိုင်ကိုယ်ကျ တစ္ဆေသရဲ၊ နာနာဘာဝ ပရလောကသားများအား ဤသို့ အစားအစာ ကျွေးမွေးလျက် မခေါ်ဖူးကြ။ ကိုယ်တိုင် မတွေ့မကြုံဖူးကြ။

ယင်းသို့ကြောင့်လည်း ကိုကြီးအောင်၏ စိတ်ပါဝင်စားရွယ်၊ ရင်သိမ့်တုန်ဖွယ် တစ္ဆေသရဲခေါ်ပွဲအား ကိုယ်တိုင်ကိုယ်ကျ အားလုံး စိတ်တူကိုယ်တူ ခေါ်ရန် လာခဲ့ကြခြင်းဖြစ်သည်။ သူတို့လေးယောက်လုံး ရပ်ကွက်ထဲ၌ အတော်အသင့် လက်ရဲဇက်ရဲနိုင်ကြသူတွေ ဖြစ်ပါသော်ငြား ယခုကဲ့သို့ လူသူကင်းဝေးရာမြို့အစွန် ငမိုးရိပ်ချောင်းကြီးနံဘေး နာမည်ကြီး သခွတ်ပင်ကုန်း၌ ညဥ့်အချိန်အခါမှ မကြောက်မရွံ့ ဝိညာဉ်လောကသား တစ္ဆေသရဲများ ခေါ်ကြမည်ဆိုပါသော်လည်း ညဥ့်၏ အမှောင်နှင့် လူသူလေးပါး အိမ်နားနီးချင်း မရှိခြင်းကပင် စိတ်ကို မလုံခြုံသလို ခံစားနေကြရခြင်း ဖြစ်သည်။

သူတို့ယူဆောင်လာသည့် ထမင်းစားပွဲကြီး၏ အောက်ခြေထောက် နှစ်ချောင်းအောက်၌ သူတို့လေးယောက်၏ ဖိနပ်လေးဖက်က မှောက်ခုံခင်းထားရသည်။ ခရော့ဆင်း ကြက်ခြေခတ်





ခင်း၍ လေးယောက်သား စားပွဲအလယ်သို့ မျက်နှာမူကာ ဆောင့်ကြောင့်ထိုင်နေကြရသည်။ ကိုကြီးအောင်က…

"ကဲ…ဒီသခွတ်ပင်ကုန်းကြီးနဲ့ ဒီသံလမ်းနယ်မြေတစ်ဝိုက်မှာ မှီတင်းနေထိုင်ကြတဲ့ မကျွတ်မလွတ်တဲ့ အစိမ်းသေ၊ နာနာဘာဝ ပရလောကသားများဖြစ်ကြတဲ့ တစ္ဆေသရဲ၊ ဖုတ်ပြိတ္တာအပေါင်းတို့၊ သင်တို့အား ကျွန်ုပ်တို့က အစားအစာများနဲ့ ဖိတ်ခေါ်အပ်ပါတယ်"

"အသင်တို့ ဒီအနီးဝန်းကျင်တစ်ဝိုက်မှာ သွားလာနေကြတယ်ဆိုရင် ကျွန်ုပ်တို့နဲ့အတူ ဤစားပွဲခုံဆီသို့ လာရောက်နိုင်ပါတယ်။ အသင်တို့အတွက် ယူလာတဲ့ အမဲသားစိမ်းကိုလည်း စားသုံးပါ။ ကျွန်ုပ်တို့မှ မေးခွန်းများ၊ သိချင်တာများ မေးမြန်းပါလျှင်လည်း သင်တို့က ပြန်လည်ဖြေကြားပေးကြပါ။ အန္တရာယ်မပြုပါနဲ့။ ထိတ်အောင်လန့်အောင် မခြောက်ပါနဲ့။ အထူးသဖြင့် လွန်ခဲ့တဲ့ တစ်လကျော်က ဒီနေရာမှာ ရထားတိုက်ပြီးသေဆုံးသွားတဲ့ အစိမ်းသေ မချမ်းမြကို ခေါ်ပါတယ်။ မချမ်းမြပဲ လာရောက်ပါ"

တိတ်ဆိတ်ချောက်ချားဖွယ် ညဥ့်ထဲမှာ ကိုကြီးအောင်အသံက တိုပြတ်ပြတ် ဝန်းကျင်၌ လွှမ်းခြုံနေလေသည်။ သို့သော် မည်သို့မျှ ထူးခြားဟန်မပြ။ ထမင်းစားပွဲဝိုင်းကြီးက ငြိမ်သက်နေလေသည်။ သူတို့အားလုံး၏အကြည့်က လရောင်နှင့် ဖယောင်းတိုင် ရောင်ပြန်အလင်းအောက် စိုးရိမ်ကြောင့်ကြစိတ်၊ စိုးရိမ်မကင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်တို့ဖြင့် စိုလက်ပြောင်ဝင်းလျက် စားပွဲခုံအလယ်က အမဲသားထုပ်ကိုသာ စိုက်ကြည့်နေမိကြသည်။

ကိုကြီးအောင်၏ ဘယ်ညာလက်နှစ်ဖက်ကမူ တစ်ဖက်ကို ဝင်ပေါက်တံခါးသဖွယ် ဟပေးထားလေသည်။ သူတို့တွေ့ချင်တဲ့ တစ္ဆေသရဲ နာနာဘာဝတွေ မရှိကြဘဲ ရုပ်ထဲရွာထဲ အလည်လွန်နေသလားဟု အောင်ကြီးတွေးမိသည်။ စက္ကန့်ပိုင်းမျှ အချိန်ကိုပင် အောင်ကြီးက ကြာညောင်းသည်ဟု ထင်မြင်နေမိသည်။

"ကဲ···မချမ်းမြ···ဘယ်နေရာရောက်ရောက် ငါတို့ဆီလာပါ။ မချမ်းမြပဲ လာပါ။ ရောက်ပြီလား···ရောက်ရင် ရောက်ကြောင်း ပြသပါ"

"အု···ဝူ···ဝူ"

"ဝေါ···ရှီး···ရှီး···ဖရော···ရော"

ကိုကြီးအောင်က လွန်ခဲ့သည့် တစ်လခန့်ကမှ သခွတ်ပင်ကြီးနှင့် မနီးမဝေး၌ နွားကျောင်းရင် ရထားတိုက်၍ သေဆုံးသွားခဲ့သော မချမ်းမြကိုသာ တွင်တွင် လာရောက်ရန် ခေါ်သည်။ ယင်းမချမ်းမြဆိုသော မိန်းကလေး ရထားတိုက်ခံရ၍ သေဆုံးတာ အောင်ကြီးတို့ ကြားရသည်။ ထိုအချိန်က သွားတော့မကြည့်ပေ။ သို့ပါသော်လည်း မိုးကျော်တို့၊ ဖိုးခွားတို့ကမူ ကိုယ်တိုင်သွားကြည့်ကြသူများထဲ ပါဝင်သည်။

ကိုကြီးအောင် အစိမ်းသေ သေသည့် မချမ်းမြအား တွင်





တွင်ခေါ်နေစဉ် သံလမ်းကုန်းပေါ်မှ မည်းမည်းသဏ္ဌာန် ခွေးတစ်ကောင်က အူသံနှင့်အတူ ရုတ်တရက် သူတို့နှင့် မနီးမဝေးရှိ မြက်ရိုင်းပင်ရှည်တွေကြားထဲ တစ်စုံတစ်ဦး အလျင်အမြန် ပြေးသွားတိုးဝှေ့လာနေသလို တရှဲရှဲ တဖျောဖျော အသံတွေအား ကျောစိမ့်ဖွယ်၊ ကြက်သီးထဖွယ် နားထဲကြားနေရသည်။ မြက်ရိုင်းတောမှာ ပတ်ပတ်လည်ဖြစ်၍ မည်သူမှ နောက်သို့ လှည့်မကြည့်ဝံ့ကြ။ ယင်းအခိုက်···

အောင်ကြီး၊ မိုးကျော်၊ ဘသက်၊ ဖိုးခွားနှင့် ကိုကြီးအောင်တို့ ငါးယောက်၏ ရှေ့အလယ်ရှိ စားပွဲဝိုင်းကြီးမှာ ငြိမ့်ခနဲ၊ သိမ့်ခနဲ ထင်ထင်ရှားရှားကြီး လှုပ်ရမ်းသွားလေသည်မို့ အောင်ကြီးတို့တစ်တွေ လန့်သွားကြလေသည်။ ကိုကြီးအောင်က သူ၏ ဟဖွင့်ထားသော လက်တွေအား ဆက်လိုက်၏။ စားပွဲခုံအဝန်းနှင့် တစ်ဘောင်ခန့်အကွာ၌ သူတို့ငါးယောက် လက်တွေက ဝလုံးသဖွယ် ဆက်မိနေကြသည်။ သူတို့ ဆံပင်ပင် မထောင်ရဲကြ။

ထိုအခိုက် ဘယ်ကဘယ်လို လွင့်လာသည်မသိရသည့် စူးရှသော အပုပ်နံ့ကြီးတစ်ခုက သူတို့ငါးယောက်ဝန်းကျင်တစ်ဝိုက် အော်ဂလီဆန်ရလောက်အောင် နံဟောင်လွင့်ပျံ့လာလေသည်။ နံလွန်းအားကြီး၍ နှာခေါင်းအား လက်ဖြင့်ပိတ်၍လည်းမရ။ သူတို့၏ ဘယ်ညာလက်အစုံက ဆန့်တန်းလျက် စားပွဲပေါ်မှာ။

"ကဲ···ရောက်ပြီလား။ ရောက်လာတဲ့သူဟာ ငါတို့ခေါ်

www.burmeseclassic.com

တဲ့ မချမ်းမြဆိုတာ မှန်ရင် ဒီစားပွဲခုံကို သုံးချက်လှုပ်ပြပါ"

"ဒုန်း…ဒုန်း…ဒုန်း"

"ဟာ…"

ယောင်ရမ်းပြီး အောင်ကြီးရော ဘသက်ပါ ပါးစပ်က အသံထွက်သွားပြီး ကြက်သီးများ တဖြန်းဖြန်းထသွားသည်။ ကိုကြီးအောင် ပါးစပ်မှ စကားသံမဆုံးခင် မြေကြီးနှင့် ခြေထောက်နှစ်ထောက်လုံး ကပ်နေသည့် စားပွဲခုံကြီးက သူ့ဘာသာသူ တဒုန်းဒုန်းဖြင့် သုံးကြိမ်လှုပ်ယမ်းသွားလေသည်။ သူတို့အားလုံး၏ လက်ဘယ်ညာအစုံမှာ စားပွဲထက် အသာအယာပင် ကိုကြီးအောင် ခြွေပြထားသည့်အတိုင်း ခွန်အားမစိုက်ထုတ်ပါပဲ ဖော့ပမာ တင်ထားရုံသာဖြစ်၍ ဤမျှ စားပွဲခုံအား ဖိလှုပ်၍ မရပါ။

တစ်ဦးဦးက မရိုးမသား လုပ်ခါမည်ဆိုပါကလည်း နံဘေးကလူသည် လက်သန်းလေးများချင်း ချိတ်ဆက်ထားသဖြင့် သိရမည်။ ထူးခြားလှသည်မှာ စားပွဲခုံကြီးမှာလည်း တစ်စုံတစ်ယောက် တက်၍ မတ်တတ်ရပ်နေသလို၊ သို့တည်းမဟုတ် လိုင်းနေသလို လေးလံနေသည်ဟု စိတ်က သိနေခြင်းဖြစ်သည်။ ဒါပေမဲ့ စားပွဲခုံအလယ် သူတို့အားလုံးရှေ့၌ မည်သည့်အရာမျှ ရှိမနေပါ။

အပုပ်နံ့ကြီးကမူ နီးကပ်စွာ တထောင်းထောင်းထနေဆဲ။

"ကဲ…ဟုတ်ပါပြီ။ အသင် ပရလောကသား မချမ်းမြ၊ ဒီစားပွဲခုံပေါ်မှာ ရောက်နေပြီဆိုတာ ငါတို့သိပါတယ်။ ဒီလောက်လည်း





မကြောက်မလန့်ပါနဲ့။ ငါတို့က နင့်ရဲ့အတွက် ပျော်ရပါးရအောင် ကစားကြရုံပါ။ စားပွဲခုံကို ရပ်ပေးပါ"

"ဟာ…"

"ဟင်…"

ဒီတစ်ခါ မိုးကျော်နှင့် မိုးခွားတို့နှုတ်ကပါ တအံ့တသြလေသံတိုးတိုးလေးများ ထွက်ပေါ်လာ၏။ အသံကျယ်ကြီးတော့ မဟုတ်။ အမှန်တကယ်ဆိုရင် အားလုံး အသံတိတ်ငြိမ်နေရမည် ဖြစ်သည်။ ကိုကြီးအောင်က -

"နင်…ရထားတိုက်လို့ သေတဲ့ သရဲမ ချမ်းမြဆိုရင် နင့်အသက် ဘယ်လောက်ရှိပြီလဲ။ ခုံကိုလှုပ်ပြပါ"

"ဒုန်း…ဒုန်း…ဒုန်းဒုန်း"

"ဒုန်းဒုန်း…ဒုန်း"

ကိုကြီးအောင်အမေးကို လှုပ်မပြင်ရပါဘဲ သရဲမ ချမ်းမြက နံ့ကို ကြမ်းတမ်းစွာ တစ်ဆယ့်ငါးကြိမ်တိုင်တိုင် အဆက်မပြတ် လှုပ်ယမ်းပြသည်။ အောင်ကြီးတို့ ပို၍ အံ့သြရသည်။ လောကမှာ နာနာဘာဝ ဝိညာဉ်လောကသား၊ ပရလောကသားတွေ တကယ်ရှိနေကြပါလားဟု ထင်မြင်လာမိသည်။ အမှန်တကယ်လည်း ခုလို ဝိညာဉ်ပရလောက သရဲတစ္ဆေများရှိသည်။ ခေါ်ယူ၍ရသည် ဆိုခြင်းကို မယုံကြည်သဖြင့် သူတို့အားလုံး မကြောက်မရွံ့ ဤနေရာထိ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လက်တွေ့ကြုံနေရလေပြီ။

"ကဲ…ကဲ…နင့်အသက် ဆယ့်ငါးနှစ်မှန်း ငါတို့သိရပါပြီ။ နင်က အပျိုလား၊ အပျိုဆိုရင် သုံးချက်လှုပ်ပြစမ်း။ အပျိုမဟုတ်ဘဲ နင်မသေခင်ထိ ရည်းစားတွေ ဘာတွေရှိတယ်ဆိုရင် ငါးချက် ခပ်ကြမ်းကြမ်း လှုပ်ပြ"

"ဒုန်း…ဒုန်း…ဒုန်း"

"ဒုန်း…ဒုန်း"

"သြော်…နင်က ငယ်ငယ်လေးနဲ့ ရည်းစားတွေ ဘာတွေရှိနေတာကိုး။ ခု နင်ရထားတိုက်ပြီး အစိမ်းသေဘ၀နဲ့ နင့်ရည်းစားဆီ ရောက်သေးလား။ ရောက်ရင်လှုပ်ပြ"

"ဒုန်း…ဒုန်း"

"ခွိ…ခွိ"

"ခစ်…အဟင်း"

ဒီတစ်ခါတော့ အောင်ကြီးနှုတ်မှ တခွိခွိရယ်သံ ထွက်လာသည်။ ဒီသရဲမ ချမ်းမြ ရထားတိုက်စဉ်က သူသွားမကြည့်၍ ချောလား၊ လှလား၊ ရုပ်ဆိုးသလား မတွေ့ရသော်လည်း အသက်က တကယ့် တစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသေး၍ အိမ်က အောင်ကြီး၏ ညီမ ဖြူနှင်းဝေ အသက်လောက်သာ ရှိသေးသည်။ သို့သော် မသေခင်မှာ ရည်းစားရှိတယ်တဲ့။ ရထားတိုက်၍ အသေဆိုးနှင့် သေပြီးတာတောင်မှ သူ့ကောင်လေးထံသို့ သွားနေဆဲဆို၍ အောင်





ကြီး စိတ်မအောင့်အည်းနိုင်ဘဲ တခွိခွိရယ်သံ ထွက်သွားခြင်းဖြစ်သည်။

သူမက တမလွန်လောကသား သရဲမဖြစ်နေပြီဆိုတော့ သူမလာမှန်း သူ့ရည်းစားကောင်လေးက မည်သို့ သိနိုင်မည်လဲ။ သိအောင် အခုလို အပုပ်နံ့တွေ ဘာတွေ ပေးသလား မသိ။ သရဲမဘ၀သို့ ရောက်နေသည်ဆိုတော့ သူကြားဖူးသော ဥစ္စာစောင့် သိုက်နန်းရှင်များကဲ့သို့ အမွှေးနံ့တွေ ဘာတွေ၊ စံပယ်ပန်းနံ့၊ နှင်းဆီ ပန်းနံ့တို့ ပေးနိုင်မည်မထင်။

"နင့်ရည်းစားကောင်လေးက နင်လာတာ သိသလား။ နင့်အပြင် နောက်ထပ်ရည်းစားတွေ ဘာတွေ ရနေပြီလား။ ပြောပြ ဦး"

ဒီတစ်ခါ အမေးကိုမူ အစိမ်းသေ သရဲမလေး ချမ်းမြ ကြကွဲဝမ်းနည်းသွားပုံပေါ်သည်။ သူတို့အလယ်ရှိ ထမင်းစား ပွဲကြီးမှာ မည်သည့်လှုပ်ရှားမှုမျှ မရှိဘဲ ငြိမ်သက်နေလေသည်။ သူတို့ သရဲမလေး ချမ်းမြအဖြေစကားကို သိချင်၍ အားလုံးက တ်ဝင်စားစွာ နားထောင်နေကြသော်လည်း မည်သည့်လှုပ်ရှားမှု မပြပါ။ သရဲမလေး ဝမ်းနည်းနေပုံပေါ်လေသည်။

"ကဲပါ…ဝမ်းနည်းနေရင်လည်း ဘာမှ မဖြေနဲ့တော့။ နင် ငါတို့ခေါ်လို့လာရတာ ပျော်သလား။ ပျော်ရင် လှုပ်ပြ ကြမ်းကြမ်းလှုပ်ပြနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း…ဒုန်း…ဒုန်း"

"အေး…ပျော်တွယ်ပေါ့။ ပျော်တယ်ဆိုလို့ ငါတို့က ဝမ်းသာပါတယ်။ ဒါထက် ခု နင်ဒီကိုလာတာ တစ်ယောက်တည်းလား။ နင်နဲ့အတူ ငါတို့အနားမှာ နင့်လို သရဲဘယ်နှကောင်… အဲ…ဘယ်နှယောက်ရှိသလဲ၊ အရေအတွက်နဲ့ လှုပ်ပြစမ်း"

"ဒုန်း…ဒုန်း"

"ဒုန်း…ဒုန်း…ဒုန်း"

"ဟာ…"

"မြတ်စွာဘုရား"

သရဲမ ချမ်းမြက အချက်သုံးဆယ်ချက်မက လှုပ်ပြ၍ အားလုံး ကျောချမ်းသွားကြသည်။ သူတို့ကသာ ပရလောကသားများအား မျက်စိဖြင့် တပ်အပ်မမြင်ကြရပါသော်ငြား သူတို့၏ နံဘေးဝန်းကျင်တွင် အစိမ်းသေသရဲမ ချမ်းမအပါအဝင် မမြင်ရသည့် သရဲများစွာ ရှိနေပါသည့်သဘောပင်။

အောင်ကြီးက…

"နင်တို့အထဲမှာ ဒီနေရာနဲ့ပတ်သက်တဲ့ အကြီးအကဲ ပါသလား"

"ဒုန်း…ဒုန်း"

"သူ့ရဲ့အမွေးက ဘယ်လောက်ရှိသလဲ။ တစ်ပေကို တစ်ချက် လှုပ်ပြစမ်း"





"ဒုန်း…ဒုန်း"

"ဟာ…"

"ဟော…ဟောကောင်တွေ…အရှည်နှစ်ပေလောက်ရှိတယ်တဲ့ကွ"

"အေးကွ…ကြောက်…ကြောက်စရာကြီး။ အမွေးတင် နှစ်ဖပေလောက်ရှိပြီဆိုတော့ အစွယ်က နည်းမှာမဟုတ်ဘူး။ သ… သဘောက်အဆင့်လောက်ရှိမှာကွ"

"ဟောကောင်တွေ၊ ပေါက်တတ်ကရကွာ။ ဘာသရဲတစ္ဆေမှ မကြောက်လို့ နာမည်ကြီးတဲ့ ဒီသံလမ်းမှာ သရဲလာခေါ်တာပေါ့ကွ။ ဘာမှကြောက်စရာမလိုဘူး"

အောင်ကြီး၏အသံက ဟိန်းထွက်သွား၏။ ယင်းအခိုက်မှာပင် ထောင်းခနဲ ထောင်းခနဲ သူတို့နှင့်သော်ပတ်ပတ်လည် ထသွားသော အပုပ်နံ့ကြီးဖြင့်အတူ တဖျောဖျော မြက်ရိုးတွေအား တိုးရှဲ တိုက်ခတ်လာသော လေအေးစက်စက်ကြောင့် အားလုံး ကြက်သီးများ စိမ့်ခနဲ သီးထသွားသည်။

"အ…အပုပ်နံ့ကြီး"

"အေး…အေးကွ"

သူတို့တစ်တွေကပဲ စိတ်ကထင်လေသည်လားတော့ မသိ။ သူတို့ငါးဦး၏ အလယ်ကောင်ရှိ ထမင်းစားစားပွဲကြီးမှာ ပိုမို၍ ကျောက်တုံးကြီး၊ ဆန်အိတ်ကြီး တစ်အိတ် ပစ်တင်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုလေးလံလာသလို ခံစားလိုက်ရပြီး စားပွဲမှာ တစ်ဖက်သို့ ငြိမ်ခနဲ စောင်းကျသွားသည်။

"ဟာ..."

□ □ □

အားလုံး အမှန်တကယ် ပြောရရင် အတိတ်တလန့် ဖြစ်သွားကြသည်။ ကိုကြီးအောင်က အတွေ့အကြုံရှိသူပီပီ မေးလိုက်၏။

"ခု...ဒီစားပွဲပေါ်မှာ မီးရထားကြိတ်ပြီး သေသွားတဲ့ မချမ်းမြဆိုရင် ခုံကို ဒီအတိုင်းပဲထားပြီး တခြားသူတစ်ယောက်ဆိုရင် သုံးချက် ခပ်ကြမ်းကြမ်းလှုပ်ပြပါ"

"ဒုန်း...ဒုန်း...ဒုန်း"

ခုံအား ဒေါသတကြီးလှုပ်ခါပြပုံက မြေပြင်တုန်၍ ခုံကျိုးပဲ့သွားမလား ထင်မှတ်ရသည်။ သေချာသည်။ စောစောက အစိမ်းသရဲမှ ချမ်းမြ မဟုတ်တော့။ အခြားသရဲတစ်ကောင် ဖြစ်နေသည်။ အစိမ်းသေ ချမ်းမြ ဘယ်ရောက်သွားပြီလဲ။

"ခု ခုံပေါ်ရောက်ရှိတဲ့သူက ယောကျ်ားလား၊ မိန်းမလား ယောကျ်ားဆိုရင် ခပ်ကြမ်းကြမ်းလှုပ်ပြပါ"

"ဒုန်း...ဒုန်း...ဒုန်း...ဖြောင်း"

"တော်ပြီ...တော်ပြီ၊ ရပ်တော့"





အားလုံး၏ အလယ်၌ ခုံက ကြမ်းတမ်းလှစွာ တဒုန်းဒုန်း တဖြောင်းဖြောင်း လှုပ်နေသည်။ ကိုအောင်ပါးစပ်မှ ရပ်ခိုင်းလိုက်တော့မှ ရပ်သွားတော့၏။ ဒီသရဲက အနည်းငယ် ခက်ထန်ပြီး ဒေါသကြီးပုံရလေသည်။ ယောကျ်ားသရဲဖြစ်၍ ကိုအောင်မှလွဲ၍ သူတို့တစ်တွေ အနည်းငယ် စိုးရွံ့သွားမိကြတာ အမှန်။

"မင်း...ဘယ်ကလဲ။ ဒီနေရာဝန်းကျင်ကဆိုရင် ခုံလှုပ်ပြစမ်း။ အခြားအဝေးကဆိုရင် မလှုပ်နဲ့"

"ဒုန်း...ဒုန်း"

"အင်း...ဟုတ်ပြီ။ ဒီအနားဝန်းကျင်က သရဲထီးပဲဆိုပါတော့။ ဒါထက် နောက်တစ်ခု မေးဦးမယ်။ ဒီသံလမ်းနားက ကုက္ကိုပင်ကြီးမှာ နေတဲ့သူလား၊ အခြားတသူလား။ ဒီကုက္ကိုပင်ကဆိုရင် ခုံကိုလှုပ်ပြ"

"ဒုန်း...ဒုန်း"

"သိပြီ။ ဒီအပင်က ဆိုပါတော့။ နို့...သေပြီး သရဲဘဝရောက်တာ ဘယ်နှနှစ်ရှိနေပြီလဲ။ ဆယ်နှစ်ကို တစ်ချက်နှုန်းနဲ့ ခုံလှုပ်ပြ"

"ဒုန်း...ဒုန်း...ဒုန်း...ဒုန်း...ဒုန်း"

"ဟာ"

"ဗုတ်...ဗုဒ္ဓေါ။ သရဲဘဝရောက်နေတာ အနှစ်ငါးဆယ်တောင် ရှိပြီပေါ့။ ဒါ...ဒါဆို အမွေးက တစ်...တစ်ထောင်"



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးနွား…မင်း ပွဲစပ်ပိတ်ကလေးစမ်း"

ဒီသရုတ်ကြီးက သရဲသက်တမ်းပင် ငါးဆယ်ရှိနေပြီဟု ဆိုသည်။ သရဲကြီးရင် ဒီဘဝက်ဟုအဆိုရှိသည်။ သဘက်ကြီးများ လား မသိဟု မိုးကျော်ကွေးမိရင်း တွေးချမ်းလာသည်။ မတော် ရာ သဘက်ကြီးသာဆိုလျှင် သဘက်ကြီးများမှာ မည်မျှ အောင်အထည်ကြီးမားသယ် မရိုက်ပေမယ့် နားရွက်ကြီးများ ပင် တစ်ဖက်ကိုခင်းလျှင် တစ်ဖက်ကိုအုပ် မြုံနိုင်၍ အိပ်နိုင်သည်ဟု ဆိုကြသည်။ တွေးရင်းဖြင့်ပင် ကျန်လူများကော မသိ။ မိုးကျော် ကြောက်ဒူးတွေ ဟုဆက်သော်တုန်လာ တားပွဲနံ့ပါရှိ၊ ထိုဆက်ထား သည့် လက်များပင်လျှင် တဆတ်ဆတ်တုန်လာ၏။

လရောင်မလင်းတလင်းဖြင့် အခြားသူများ၏ မျက်နှာများ ကို မသိမသာ မကဲခတ်ကြည့်လိုက်မိသည့်အခါ ဖိုးနွား၊ ဘသက်၊ အောင်ကြီးတို့၏ မျက်နှာတွေက ကြောက်ရွံ့ထိတ်လန့်ဟန် ပေါ်ထင်း သား။

"အူ…ဝူ…ဝူ"

ရုတ်တရက် သုံးလမ်း၏ အနောက်ဘက်နေရာမှ ခွေးလေခွေး လွင့်တစ်ကောင်၏ ဆွဲငင်စွာအူလိုက်သံက ပို၍ ကျောချမ်းသွား လေသည်။ ယင်းအချိန်မှာပင် တောင်းခနဲ တောင်းခနဲ အပုပ်နံ့ ကြီးကလည်း သူတို့လူစုရှိရာသို့ လှိုက်ခနဲဝေ့လာလေသည်။ ထိုစဉ်…





"ဒုန်း…ဒုန်း…ဒုန်း"

"ကို…ကိုကြီးအောင်၊ လုပ်ပါဦး…လုပ်…လုပ်ပါ"

"ဟုတ်…ဟုတ်တယ် ကိုအောင်။ ဒု…ဒုက္ခတော့ရောက် ပြီထင်တယ်"

"ဒုန်း…ဒုန်း…ဒုန်း"

"ဒုန်း…ဒုန်း"

"မင်းတို့ မပြေးနဲ့ဟ"

"ဒုန်း…ဒုန်း…ဒုန်း"

ပွဲပိုကြေမ်းလာသည်။ သူတို့ငါးယောက်အလယ်ရှိ စားပွဲ ခုံဝိုင်းကြီးမှာ သူတို့တစ်တွေ လက်ဖဝါးများဖြင့် တအားဖိထား သော်လည်း ထိန်းသိမ်း၍မရအောင် ဝုန်းဒုန်းဒုန်း ကြမ်းတမ်းစွာ လှုပ်ခါနေ၏။ သူတို့တစ်တွေသာ အားဖြင့်ဖိမထားပါက ထမင်း စားစားပွဲကြီးမှာ လေထက် မြှင့်ကြွတက်တော့မည် ထင်သည်။ ဒီထက်ပို၍ ချောက်ချားဖွယ်ရာမှာ တောင်းခနဲ တောင်းခနဲ အပုပ် နံ့ကြီးက သူတို့နှင့် တစ်ပေခန့်ပင် မကွာအောင် ဆိုးရွားစွာ နံဟောင် နေခြင်းပင် ဖြစ်သည်။ ယင်းထက်ပို၍ ချောက်ချားထွေးပျက်ဖွယ် ဆိုးရွားသည်က…

"အဟီး…ဟီးဟီး"

"ဟား…ဟား…ဟီးဟီး"

"အဟင်း…ဟင်းဟင်း"



www.burmeseclassic.com

www.burmeseclassic.com



လူသူလေးပါး အရိပ်အခြေယောင် တစ်စမျှပင်မရှိသည့် သံလမ်းကုန်းနှင့် မြက်ရိုင်းတောကြီးများဘက်မှ လေတိုးသံလိုလို၊ လူမမာများ ညည်းတွားသံလိုလို အသံမပီမသ အသံကြီးများ၊ ညည်းတွားသံကြီးများအား ဟိုမှဒီမှ လွင့်ပျံလာသလို ကြားနေရသလို အနီးကပ်ကြားနေကြရခြင်းပင်။

မိုးကျော်တို့၊ အောင်ကြီးတို့ မျက်နှာဟင်မကျ တစ်ကိုယ်လုံး ချွေးစီးများ ပျံနေလေပြီ။ ကိုကြီးအောင်၏ စကားကြောင့် အားလုံး ထိုင်နေရာမှ ဖင်မကြွရဲ။ ယခု သူတို့မခေါ်ပါဘဲ စားပွဲဆီရောက်နေသည့်မှာ ရိုးရိုးသာမန် တစ္ဆေသရဲ ချွတ်တားလေးဆွ မဟုတ်။ ခုနမေးကြည့်သောအခါ သိရသည်က ဒီနယ်ပယ် တစ်ဝိုက်မှာ အကြီးဆုံးသဘက်ကြီးဟု ဆိုသည်။

အချို့သော ဂိုဏ်းဆရာများပင် သဘက်ကြီးများနှင့်တွေ့လျှင် ပညာကုန်သုံးရသည်။ မရက သူတို့ပင် လက်မြှောက်အရှုံးပေးရသည်ဟု ကြားရဖူးသည်။ ယခု သူတို့တစ်တွေက ဘာဆရာညာဆရာမှမဟုတ်။ အပျော်သဘောဖြင့် ပရလောက၊ ဝိညာဉ်နာမ်လောကသားများအား မမြင်မတွေ့ကြုံဖူး၍ အပျော်သဘော အသားငါးစိမ်းကျွေးကာ လာရောက်ခေါ်ကြမိခြင်း ဖြစ်သည်။ ယခု ကိုယ်ချည်သောကြိုး ကိုယ်မဖြေနိုင် ဖြစ်ရလေပြီ။ မည်သို့ ပြန်လွှတ်ရမည်မှန်း မသိ။ ကိုကြီးအောင်ပင် မျက်နှာပျက်ယွင်းယွင်း ဖြစ်နေလေပြီ။ ကိုအောင်က အသေသိသော တုန်ယင်စွာဖြင့်…





"ကဲ…သ…သဘက်ကြီး၊ ဘာ…ဘာလို့ ဒီရောက် ကြမ်းနေရတာလဲ။ ကျုပ်…ကျုပ်တို့က…အ…အပျော်သဘောနဲ့ ခေါ်…ခေါ်တာပါ။ ဒု…ဒုက္ခပေးဖို့ မဟုတ်ပါဘူး။ ပျော်ရင် ကျေနပ်တယ်ဆိုရင် ခုကို လွှပ်…လွှပ်ပြပါ"

"……………………"

"ဒါ…ဒါဆို…မ…မကျေနပ်ဘူးပေါ့။ မကျေနပ်ဘူး ဆိုရင် ဘာ…ဘာအလိုရှိသလဲ။ ဘာစားချင်တယ်ဆို ဝယ်…ဝယ်ပေးပါမယ်"

"ခုန်း…ခုန်း…ခုန်း…ခုန်း"

အချက်ပေးသံက ကြမ်းသည်။ အသားစားချင်တယ်ဆို၍ အားလုံးက ဘာလုပ်၍ လုပ်ရမှန်းမသိပါဘဲ ကိုအောင့်မျက်နှာကို လှမ်းကြည့်ကြသည်။ ကိုအောင်ပင်လျှင် မျက်နှာက မကြုံစဖူး ပျက်နေလေသည်။ တစ်ခုရှိသည်မှာ သူတို့အားလုံး၏ အလယ်ရှိ စားပွဲခုံကြီးမှာ ခုနကထက် ပို၍ပြီး ကြမ်းတမ်းစွာ ထိန်းမနိုင် သိမ်းမရ တရကြမ်း လှုပ်ခါနေခြင်းပင်တည်း။

သူတို့အားနှင့် တအားမီလားသော်လည်း ချွေးသီးချွေးပေါက်များပင် ကျနေသည်။ ထမင်းစားပွဲကြီး အပေါ်သို့ လွင့်မြောက်တက်မသွားအောင် မနည်းထိန်းနေရ၏။

"ခုန်း…ခုန်း"

"တော်…တော်ပါတော့။ ဟော…ဟောကောင်…"



www.burmeseclassic.com

www.burmeseclassic.com



ဘသက်…ရ…ရတဲ့စားစရာတစ်ခုခု အမြန်သွားဝယ်စမ်း”

“ရ…ရပါ့မလား”

“ရတယ်…သွား…အ…အမြန်သွား”

“ဟာ…ကျွန်…ကျွန်တော်…တ…တစ်ယောက်တည်း ကြောက်တယ်”

“ရပါတယ်ဆိုကွာ။ ဒီမှာ ငါတို့က လက်လွှတ်လို့မရဘူး။ အကုန်ဒုက္ခရောက်ကုန်မယ်”

“ဒါ…ဒါဆို…ကျွန်…ကျွန်တော်သွားမယ်”

ဘသက်က ရုတ်တရက် သူ့လက်ကိုလွှတ်ပြီး သုတ်ခနဲ ညအမှောင်လွင်ပြင်ကြီးထဲ လျှင်မြန်စွာ သံလမ်းပေါ်ပျောက်ကွယ်သွားသည်။ ဘသက်၏ လက်ဖဝါးနေရာအား သူတို့လျှင်မြန်စွာ လက်ချင်းထိခတ်လိုက်ကြသည်။ ထမင်းစားပွဲခုံဝိုင်းကြီးက တဒုန်းဒုန်း ကြမ်းတမ်းစွာ လှုပ်ခါနေဆဲ။

“အဟင်း…ဟင်း…ဟင်း”

“အု…ဂူ…ဂူ…အူး”

ညည်းတွားသံများ။ ဆွဲဆွဲငင်ငင် ခွေးအူသံများ။ အပုပ်နံ့ကြီးကလည်း ထောင်းခနဲ ထောင်းခနဲ။

□ □ □





(၁၈)

စကားဝိုင်းက ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။ လေအေးတစ်ချက် ဝှေ့ခနဲတိုက်ခတ်သွားသဖြင့် စုဝေးထိုင်နေသော လူငယ်လေးငါးယောက်တို့က လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသလို ကွပ်ပျစ်စွန်းရှိ အသက်ငါးဆယ်ဝန်းကျင်ရွယ်ရှိ တည်ကြည်ခံ့ညားသော လူကြီးကလည်း သူ့ဂျင်းဂျက်ကက် လည်ပင်းအား ဆွဲစေ့လိုက်၏။

သူတို့စုဝေးနေထိုင်သော လက်ဖက်ရည်ဆိုင်အပြင်ဘက် ထောင့်အစွန်းရှိ မီးပွင့်ကလေးများ လှုပ်ရှားပြေးလွှားနေသော ပန်းအိုးလေးနံဘေးရှိ လူကြီး၏ မျက်နှာပေါ် မီးပွင့်ရောင်စုံလေးများ ဖြတ်ပြေးနေလေသည်။

“ဒါ…ဒါဆို…ဦးအောင်တို့ တ…တစ္ဆေသရဲနဲ့ တကယ် တွေ့ခဲ့တာပေါ့”

“အေးလေ…ခု ပြောပြနေတာ အဖြစ်မှန်တွေပဲ။ အဲဒီတုန်းက ငါအသက် နှစ်ဆယ်လောက်ရှိတယ်။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က အဖြစ်ပေါ့ကွာ။ ငါတို့က အပျော်အပျက်သဘောနဲ့ ဘာရယ်မဟုတ်ဘူး။ လူငယ်တွေပီပီ စူးစမ်းလေ့လာချင်တဲ့စိတ်နဲ့ ဆော့ကစားကြတာ။ ပရလောကသားတွေ တစ္ဆေသရဲ၊ သဘက်တွေဆိုတာ လောကမှာ တကယ်ရှိတာကွ။ အဲဒါကြောင့်လည်း ဒုက္ခမရောက်သင့်ပဲ ဒုက္ခရောက်ခဲ့ကြတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဘာ…ဘာဖြစ်လို့လဲ ဦးအောင်"

"ဘာဖြစ်ရမလဲကွာ။ ငါတို့နဲ့ အဲဒီတုန်းက ရင်ဆိုင်ခဲ့ရတဲ့ သဘက်ကြီးက သူ့အသက်တာင် ဘယ်နည်းမှုလဲကွာ။ မကျွတ်မလွတ်တဲ့ ဘဝနဲ့ နှစ်ပေါင်းများစွာ အစာရေစာ မစားရတဲ့အချိန်၊ ငါတို့ကလည်း သူ့ရဲ့ခေါင်းမီး ကစားကြတဲ့အချိန်နဲ့ တိုက်ဆိုင်သွားတာပေါ့ကွာ"

"ဟာ…သူက အသားစားချင်တယ်ဆို မကျွေးလိုက်ဘူးလား"

"ကျွေးဖို့နေနေသာသာကွာ။ အဲဒီသဘက်က တစ်နာရီလည်း ပေါ်မလာ၊ နှစ်နာရီလည်း ပေါ်မလာ။ ငါတို့လည်း ထိုင်နေရခက်၊ ထပြီးထွက်ပြေးရမလိုဖြစ်ပါ။ သဘက်ကြီးကလည်း မထွက်ဘူးပေါ့။ ငါတို့မှာ ကြောက်ရှေးရော၊ သေးရော ပါပြီး ဒီလောက်အေးတဲ့ ညဥ့်နက်ကြီးမှာ ချွေးတွေကိုပြန်နဲ့လို့"

"နောက် ဘာ…ဘာဖြစ်သွားလဲ ဦးအောင်"

"ဘာဖြစ်ရမလဲကွာ။ နောက်ဆုံး ငါတို့လည်း ကြံရာမရဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် အချက်ပေးပြီး ဝုန်းခနဲ ခုံကိုဆွဲလှန်ပြီး အဲဒီနေရာကနေ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ညကြီးမင်းကြီး ထွက်ပြေးကြရတာပေါ့"

"တ…တကယ်"

"မပြေးလို့ မရဘူးလေ။ သူကလည်း သားစိမ်းငါးစိမ်း





စားချင်၊ ဘသက်လည်း ပေါ်မလာ။ နောက်မှသိရတာက ဘသက်အကြောက်လွန်ပြီး အိမ်မှာ ကောင်ချုံကွေးနေတာတဲ့။ အဲဒီမှာ ငါတို့လည်း သံလမ်းပေါ် ဒူးကွဲ၊ လက်ကွဲ ပြေးလွှားရင်း ဘယ်သူ ဘယ်လိုကျန်ခဲ့ပြီး အိမ်ကို ဘယ်လိုပြန်ရောက်ခဲ့ကြမှန်း မသိကြတော့ဘူး။ အဲ…မနက်ကျမှ သတင်းဆိုးကြီး ကြားရတာပဲ"

"ဘာသတင်းဆိုးလဲ ဦးအောင်ရ၊ လုပ်ပါဦး"

အစွန့်တောင့်ရှိ တင်မြင့်က မေးသည်။ ဦးအောင်ဆိုသော လူကြီးက သက်မတစ်ချက်ရှိုက်ရင်း…

"ဖိုးခွားပေါ့ကွာ၊ သံလမ်းနံဘေး မြက်တောစပ်မှာ မနက်ကျမှ အသက်ပျောက်နေတဲ့ ဖိုးခွားအလောင်းကို တွေ့ကြရတာပဲ။ ရွှေအိုင်စပ်က အလောင်းနဲ့ဆေး မှာလည်း ခြေရာတွေက ရှုပ်ယှက်ခတ်လို့တဲ့။ အဲဒီအနားမှာ သေနေတဲ့ မားပြုပ်ကြီးသုံးလေးကောင်နဲ့ ကင်းလိပ်ချောင်း နှစ်ကောင်ကိုလည်း အလောင်းပေါ်မှာ သေနေတာ တွေ့ရတယ်တဲ့။ ငါတို့လည်း ရုံးမှာ အစစ်ခံရတာပေါ့ကွာ။ အဲ…ဖိုးခွား ဘာကြောင့်ဘယ်လို သေဆုံးတယ်ဆိုတာ ငါတို့ ခုချိန်ထိ မသိတာလည်း အမှန်ပါပဲကွာ"

"သ…သဘက်ကြီးက ကုပ်ချိုးသတ်တာ နေမှာပေါ့"

"ဘယ်သိနိုင်ပါ့မလဲကွာ။ ဖိုးခွားပဲ သိမှာပေါ့။ ငါတို့တစ်တွေ ကစ်ပတ်လောက် ဖျားကြတယ်။ စခမ်းသပ်သင့်တာကို သွားစမ်းသပ်မိတာကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



“နို…နေပါဦး ဦးအောင်ရ။ အဲဒီ သရဲခေါ်တဲ့ သံလမ်းနဲ့ သစ်ပင်ကြီးက ဘယ်မှာလဲ”

“ဘာလဲ…မင်းတို့ သွားခေါ်ကြမလို့လား”

“ဟာ…မ…မခေါ်ရဲပါဘူး ဦးအောင်ရာ။ မေး…မေးကြည့်တာပါ”

“အဲဒီသံလမ်းနဲ့ သစ်ပင်ကြီးက မင်းတို့လည်း သတင်းကြားမှာပေါ့။ ဟိုတုန်းက ဘယ်သူမှ ဖြတ်သွား၊ ဖြတ်လာမလုပ်ဝံ့ကြတဲ့၊ ပြီးတော့ မကြာခဏ ရထားကြိတ်မှု၊ တိုက်မှုတွေ ခဏခဏဖြစ်တဲ့ ဟိုးမြို့အနီး ငမိုးရိပ်တံတားဟောင်းကြီးနားက သစ္စကပ်ပင်ကြီးနားမှာပေါ့ကွ။ ခုလည်း ညဘက်ဆိုမပြောနဲ့ နေ့ဘက်တောင် ဘယ်သူတွေ သွားလာရဲကြလို့လဲ။ သတင်းအကြားနဲ့ လန့်ကြတာ။ ဟိုတုန်းထဲက အထင်ကရ နာမည်ကြီးတဲ့ နေရာကွ။ လူတွေကတော့ ငါတို့မလုပ်အပ်တာ သွားပြီးလုပ်မိလို့ အဲဒီသစ်ပင်မှာနေတဲ့ သဘက်ကြီးက အစောင့်နေရာချင်း လဲလိုက်တာလို့ ဟိုတုန်းထဲက ထပ်ခါပြောနေခဲ့ကြတာပဲ။ အဲဒီ သစ္စကပ်ပင်ကြီးက ခုထိ ရှိနေတုန်းပဲ။ အဲ…အဲဒီမှာနေတဲ့ သဘက်ကြီးက ကျွတ်ပဲကျွတ်သွားပြီလား။ ဒါမှမဟုတ် သူများတွေပြောသလို ငါ့သူငယ်ချင်း မိုးခွားပဲ အစောင့်ဖြစ်နေသလား။ ငါလည်းမသိဘူး။ ဘယ်သူမှလည်း သိကြမယ် မထင်ဘူး။ ခုချိန်ထိ သရဲခြောက်တာ နာမည်ကြီးနေတုန်းပဲ”

ရွှေဘုန်းကံ

အနေရှာက်ကောင်းဟောင်

www.burmeseclassic.com